## မြတ်ဗုဒ္ဓ၏အဆုံးအမတရား

အနှစ်ရှိသောသူတော်ကောင်းတရားကို အနှစ်ရှိဟုသိ၏။ အနှစ်မရှိသောတရားကို အနှစ်မရှိဟုသိသည့် အယူမှန်ရှိကြသော သူတို့သည် သီလ စသောဂုဏ်ကျေးဇူးအနှစ်ကို ရကြကုန်၏။

ဓမ္မပဒ


# မြဝတီ နေ့စဉ်

သတင်းလောက ရှေ့ဆောင်မည် လူထုကြားက မြဝတီ


### ဒို့တာဝန်အရေးသုံးပါး

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။


www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၁၈၀)

၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၃ ရက်
၂၀၂၅ ခုနှစ်၊ အောက်တိုဘာ ၁၅ ရက်၊ အင်္ဂါနေ့


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား

**ယခုကဲ့သို့ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို အစဉ်အလာမပျက် ဆင်နွှဲကျင်းပနိုင်ခြင်းသည် မြန်မာလူမျိုးတို့၏ ဇာတိသွေး၊ ဇာတိမာန်နှင့်အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းမြှင့်တင်ပေးသည့် ကြိုးပမ်းမှု၊ တစ်နည်းအားဖြင့် အမျိုးသားရေးစိတ်ဓာတ်ကို ပိုမိုတက်ကြွအောင် လှုံ့ဆော်ပေးသည့်ကြိုးပမ်းမှုတစ်ရပ်ဖြစ်၊ ယခုအခါ ငွေရတုမှတ်တိုင်ကို စိုက်ထူနိုင်ခဲ့ပြီဖြစ်**




နေပြည်တော် အောက်တိုဘာ ၁၄

(၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန(၂)၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက် အမှာစကားပြောကြားသည်။


စာမျက်နှာ ၁၆ ကော်လံ ၁☆




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။


ပြည်လုံးကျွတ်သန်းခေါင်စာရင်း (၁၅) ရက်မြောက်နေ့ ကောက်ယူနေပါသည်။

## အယ်ဒီတာ့အာဘော်

(၂၀၂၄ ခုနှစ်၊ အောက်တိုဘာ ၁၅ ရက်)

# မျိုးဂုဏ်မြင့်မားသည့် မြန်မာ့ရိုးရာယဉ်ကျေးမှု

မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံစုစည်းနေထိုင်သည့်နိုင်ငံဖြစ်သည်။ တိုင်းရင်းသားအားလုံး၏ရိုးရာဂီတကိုဖန်တီးသည့် အခြေခံတူရိယာများမှာ ကြေး၊ ကြိုး၊ သားရေ၊ လေ၊ လက်ခုပ်ဆိုသည့် တူရိယာငါးပါးဖြစ်သည်။ ထို့အတူ တိုင်းရင်းသားတို့၏အကအခြေခံမူအားလုံးမှာလည်း ခေါင်း၊ ခါး၊ ခြေ၊ လက်ဆိုသည့် အကအခြေခံစနစ်မှာ တူညီလျက်ရှိသည်။ မြန်မာ့ရိုးရာအဆို၊ အက၊ အရေး၊ အတီးပညာရပ်များကို ပြိုင်ပွဲကျင်းပကာဖော်ထုတ်ပေးခြင်းဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ပိုမိုခိုင်မာပြီး ရိုးရာယဉ်ကျေးမှုများကို ပိုမိုလေးစားအလေးထားလာကြသည်။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများတွင် တိုင်းရင်းသားလူမျိုးတစ်မျိုးချင်းစီနှင့်ပတ်သက်သည့် တိုင်းရင်းသား ရိုးရာ/ကျေးလက်ရိုးရာအကတို့ကိုထည့်သွင်းထားသည်။ ယခုနှစ်ပြိုင်ပွဲတွင် ချင်းတိုင်းရင်းသား ရိုးရာအကကိုယှဉ်ပြိုင်ရန် ထည့်သွင်းထားရှိသည်။

ကမ္ဘာ့နိုင်ငံအသီးသီး၌ရှိကြသည့် လူမျိုးတိုင်းတွင် ကိုယ်ပိုင်အမျိုးသားယဉ်ကျေးမှုများနှင့် ရိုးရာဓလေ့ထုံးစံအမွေအနှစ်များရှိကြစမြဲဖြစ်သည်။ မြန်မာတိုင်းရင်းသားများတွင်လည်း ကိုယ်ပိုင်ယဉ်ကျေးမှုစရိုက်လက္ခဏာများ ထင်ရှားခိုင်မာစွာရှိပြီးဖြစ်သည်။ ကိုယ်ပိုင်စာပေ၊ ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်ထုံးဓလေ့များနှင့် မြန်မာ့မှု၊ မြန်မာ့ဟန်စစ်စစ်များကို ရှေးမြန်မာတိုင်းရင်းသားဘိုးဘွားအစဉ်အဆက်က ဖန်တီးပုံဖော်တည်ဆောက်ထိန်းသိမ်းလာခဲ့ကြသည်မှာ နှစ်ပေါင်းထောင်ချီကြာခဲ့ပြီဖြစ်သည်။ မိမိတို့၏ကိုယ်ပိုင်အမျိုးသားယဉ်ကျေးမှုများ မေးမှိန်ပျောက်ကွယ်သွားပါက နိုင်ငံနှင့်လူမျိုးအပေါ် အထင်ကြီးလေးစားမှုလျော့နည်းပြီး အမျိုးသားရေးအားမာန်များ ခန်းခြောက်လာမည်ဖြစ်သည်။ အမျိုးသားရေးအားမာန်ခန်းခြောက်လာသည်နှင့်အမျှ နိုင်ငံ၏အချုပ်အခြာအာဏာကို နှောင့်ယှက်ထိပါးလာကြမည်ဖြစ်သည်။

မြန်မာ့ရှေးဟောင်းမြို့ပြနိုင်ငံများမှ တွေ့ရှိခဲ့ရသည့် စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာယဉ်ကျေးမှုအမွေအနှစ်အထောက်အထားများ၊ စာပေအထောက်အထားများနှင့် အိမ်နီးချင်းနိုင်ငံများ၏ခေတ်ပြိုင်မှတ်တမ်းများအရ မြန်မာလူမျိုးများသည် ရှည်လျားသည့်သမိုင်းကြောင်းတစ်လျှောက်တွင် ဘာသာတရားဆိုင်ရာအဆုံးအမများ၊ အဆင့်အတန်းမြင့်မားသည့် ယဉ်ကျေးမှုထုံးဓလေ့များ၊ သိမ်မွေ့နက်နဲသည့် အနုသုခုမပညာရပ်များနှင့် ကိုယ်ပိုင်အမျိုးသားယဉ်ကျေးမှုကို ခြေခြေမြစ်မြစ်ထူထောင်ခဲ့ကြပြီး အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားစွာ နေထိုင်လာခဲ့ကြသည့်လူမျိုးဖြစ်ကြောင်း ခိုင်မာစွာတွေ့ရှိနိုင်သည်။

မြန်မာတို့၏ထူးခြားမြင့်မြတ်သည့်အစဉ်အလာများနှင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်ပိုမိုထွန်းတောက်ရေး၊ နိုင်ငံတကာအလယ်တွင် မြန်မာနိုင်ငံ၊ မြန်မာလူမျိုးဟု ဝင့်ဝင့်ထည်ထည် သိက္ခာရှိရှိရပ်တည်နိုင်ရေးအတွက် အမျိုးသားရေးအသိ၊ အမျိုးသားရေးသတိ မြဲမြံစွာ မြန်မာ့အမျိုးသားယဉ်ကျေးမှုကို ဆက်လက်မြှင့်တင်ထိန်းသိမ်းသွားကြရမည်ဖြစ်သည်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ကမ္ဘာတည်သရွေ့ဝင့်ထည်စွာတည်တံ့စေရေးအတွက်ဦးတည်ပြီး အမျိုးသားယဉ်ကျေးမှုအဆင့်အတန်း အစဉ်ထာဝရ မြင့်မားစေရအောင် အနုပညာစွမ်းအားဖြင့် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့်မြန်မာလူမျိုးတို့၏ ကောင်းမြတ်သည့်ဂုဏ်ဒြပ်နှင့်အစဉ်အလာ၊ အမျိုးသားရေးစံနှုန်းများကိုကမ္ဘာတည်သရွေ့ အစွန့်ရှည်တည်တံ့နေစေရန်ရည်မှန်းပြီး အမျိုးသားယဉ်ကျေးမှုအမွေအနှစ်များ ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေးလုပ်ငန်းများကို နိုင်ငံတော်က အလေးထားကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ထိုသို့အမျိုးသားယဉ်ကျေးမှုအမွေအနှစ်များဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေးလုပ်ငန်းများအနက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးများကျင်းပခြင်းသည်လည်း တစ်မျိုးသားလုံးပါဝင်ဆောင်ရွက်ကြသည့် အဆင့်အမြင့်ဆုံးအမျိုးသားရေးအားထုတ်မှုတစ်ရပ်ဖြစ်သည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများတွင် ပြိုင်ပွဲအမျိုးအစားများကို အရေအတွက်အရရော၊ အရည်အသွေးအရပါ တစ်နှစ်ထက်တစ်နှစ် တိုးမြှင့်စီစဉ်ပေးလျက်ရှိသည်။ ယခုနှစ် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် မိမိတို့၏စိတ်ဆန္ဒအလျောက် မြန်မာ့အနုပညာကို စိတ်ပါဝင်စားမြတ်နိုးသူများတိုးပွားလာမှု၊ မိဘပြည်သူများ၏အားပေးမှု၊ နိုင်ငံတော်၏အားပေးချီးမြှင့်မှု၊ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှတာဝန်ရှိသူများ၏ ထောက်ပံ့ကူညီမှုတို့ကြောင့် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှာ ပြိုင်ပွဲဝင်လူဦးရေ ၂၅၀၀ ကျော် ပါဝင်ယှဉ်ပြိုင်ကြကြောင်းသိရှိရသည်။

(၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲမှ ထူးချွန်ထက်မြက်သော ပညာရှင်များပေါ်ထွန်းကာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းသာယာရေးအတွက် အမျိုးသားယဉ်ကျေးမှုအခန်းကဏ္ဍမှ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရမည်ဖြစ်သည်။ အနှစ်ချုပ်ဆိုရသော် မိဘ၊ ဘိုးဘွား၊ ဘီဘင်အစဉ်အဆက်က လက်ဆင့်ကမ်းပေးထားသော မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပညာရပ်များ မကွယ်မပျောက်နှစ်ပေါင်းရှည်ကြာစွာတည်ရှိနေစေရန်ထိန်းသိမ်းရမည်မှာ မျိုးဆက်သစ်အဆက်ဆက်တို့၏တာဝန်ဖြစ်ပေရာ **မျိုးဂုဏ်မြင့်မားသည့် မြန်မာ့ရိုးရာယဉ်ကျေးမှု**အဖြစ် ကမ္ဘာတည်သရွေ့တည်ရှိနိုင်ရေး ထိန်းသိမ်းကြရန်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

# ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။

( ခ ) အိမ်ထောင်သည်အမျိုးသမီးများ(အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်း ပါဝင်သည်)။

( ဂ ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့်အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန်မသင့်လျော်သူများ။

( ခ ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်)စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

( ဂ ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်)အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့်တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏သားသမီးအရင်းအချာများ(ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။ မှတ်ချက်။ အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက်ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန်ခွင့်ပြုနိုင်သည်။

( င ) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ်တစ်ခုခုရရှိသော အားကစားသမားများ။

( စ ) နိုင်ငံ့ဝန်ထမ်းတာဝန်ထမ်းဆောင်နေသော တစ်ဆက်စပ်တည်းလုပ်သက် ၂ နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့်သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့်အထက်ရှိသောတပ်မတော်စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ။

( ဇ ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

# လူငယ်နှင့်အချိန်ကိုအသုံးချခြင်း အသိပညာပေးဆွေးနွေးပွဲကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၄**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်၌ လူငယ်နှင့်အချိန်ကိုအသုံးချခြင်း အသိပညာပေးဆွေးနွေးပွဲကို အောက်တိုဘာလ ၁၄ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

အဆိုပါဆွေးနွေးပွဲတွင် တပ်ကုန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင့်တင့်ခိုင်နှင့် တပ်ကုန်းမြို့နယ် စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်း (Book Club) အဖွဲ့ဝင် စာရေးဆရာမဒေါ်သင်းသင်းလှိုင်တို့က အချိန်သည် လူတစ်ယောက်၏ဘဝတွင် အရေးကြီးသော အခန်းကဏ္ဍတစ်ခုဖြစ်ကြောင်း၊ အချိန်ကိုအကျိုးရှိရှိအသုံးပြုနိုင်ခြင်းက တစ်သက်တာအတွက် အောင်မြင်မှုနှင့် စွမ်းဆောင်ရည်ကို ဆောင်ကြဉ်းပေးနိုင်ကြောင်း၊ အချိန်နှင့်ဒီရေသည် လူကိုမစောင့်ဟူသောစကားကဲ့သို့ လူငယ်များအနေဖြင့် မိမိအားလပ်ချိန်များတွင် အချိန်ကိုအကျိုးရှိစွာ အသုံးချတတ်ရန်လိုကြောင်း၊ စာအုပ်စာပေများလည်း ဖတ်ရှုလေ့လာစေလိုကြောင်းနှင့်အချိန်ကိုကောင်းမွန်စွာ အသုံးချတတ်ခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများအကြောင်းကို အသိပညာပေးပြောကြားသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တပ်ကုန်းမြို့နယ်ရုံးအနေဖြင့် ပြည်သူများအသိပညာဗဟုသုတများရရှိစေရန်အတွက် Online မှတစ်ဆင့် အသိပညာပေးအစီအစဉ်များကို စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် စာဖတ်ဝိုင်းများကိုလည်း လစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၄၁၃)

မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် အိန္ဒိယသမ္မတနိုင်ငံအစိုးရတို့အကြား "မြန်ဆန်စွာအကျိုးဖြစ်ထွန်းစေမည့်စီမံချက်များ (Quick Impact Projects-QIP)"အကောင်အထည်ဖော်ဆောင်ရွက်ရန် နားလည်မှုစာချွန်လွှာ(MoU)များ လက်မှတ်ရေးထိုး




**နေပြည်တော် အောက်တိုဘာ ၁၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရနှင့် အိန္ဒိယသမ္မတနိုင်ငံအစိုးရတို့ အကြား "မြန်ဆန်စွာအကျိုးဖြစ်ထွန်းစေ မည့်စီမံချက်များ (Quick Impact Projects–QIP)" အကောင်အထည်ဖော်ဆောင်ရွက်ရန် နားလည်မှုစာချွန်လွှာ ၅ စောင် လက်မှတ် ရေးထိုးခြင်းအခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ် (၁) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ သက်ဆိုင်ရာဝန်ကြီးဌာနတို့မှ ဒုတိယ ဝန်ကြီးများ၊ သက်ဆိုင်ရာအကောင်အထည် ဖော်မည့်ဌာနများမှ ဌာနဆိုင်ရာအကြီး အကဲများနှင့် အရာရှိကြီးများ၊ မြန်မာနိုင်ငံ ဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Abhay Thakur၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံရုံးမှ ဒုတိယအကြီးအကဲ Mr. Ashish Sharma၊ အိန္ဒိယနိုင်ငံဘက်မှ တာဝန်ရှိ ကိုယ်စားလှယ်များနှင့် တာဝန်ရှိ သူများတက်ရောက်ကြသည်။

အခမ်းအနားတွင် "စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တောင်သူလယ် သမားများ၏ လူမှုစီးပွားဖွံ့ဖြိုးရေးအတွက် အခြောက်ခံစက်နှင့်အခြောက်ခံစက်ထားရန် အဆောက်အအုံစီမံချက်အကောင်အထည် ဖော်ဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှု စာချွန်လွှာ"၊ "အဆင့်မြင့် စိုက်ပျိုးရေး သုတေသနနှင့်ပညာရေးဗဟိုဌာန ဗဟုသုတ ဘဏ်တည်ထောင်ခြင်းစီမံချက် အကောင် အထည်ဖော် ဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာ"၊ "မန္တလေးတိုင်း ဒေသကြီး အမရပူရမြို့နယ် ဆောင်းဒါး ရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံ အောက်ရှိ ရက်ကန်းနှင့် အသက်မွေးပညာ ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးစီမံချက်အကောင် အထည်ဖော် ဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာ"၊ "မန္တလေးတိုင်း ဒေသကြီးရှိ အမျိုးသမီးကလေးများ ကျောင်းအတွက် တစ်ထပ်အဆောက်အအုံ ဆောက်လုပ်ခြင်းစီမံချက်အကောင်အထည် ဖော်ဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှု စာချွန်လွှာ"နှင့် "ရန်ကုန်တိုင်းဒေသကြီး အရေးပေါ်အခြေအနေစီမံခန့်ခွဲမှုဗဟိုဌာန တည်ထောင်ခြင်းစီမံချက်အကောင်အထည် ဖော်ဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှု စာချွန်လွှာ" တို့ကို သက်ဆိုင်ရာဝန်ကြီး ဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်နှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယ သမ္မတနိုင်ငံသံရုံး၏ ဒုတိယအကြီးအကဲ Mr. Ashish Sharma တို့က လက်မှတ် ရေးထိုးကြသည်။

စီမံချက်များသည် စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ ၂၅၀၀၀၀ ရှိပြီး "စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် တောင်သူလယ်သမားများ၏ လူမှုစီးပွား ဖွံ့ဖြိုးရေးအတွက် အခြောက်ခံစက်နှင့် အခြောက်ခံစက်ထားရန်အဆောက်အအုံ စီမံချက် အကောင်အထည်ဖော်ဆောင်ရွက် ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာ"ကို လက်မှတ်ရေးထိုး အကောင်အထည်ဖော် ခြင်းအားဖြင့် စပါးစိုက်ပျိုးသည့် လူ့အဖွဲ့ အစည်းများ၏ အသက်မွေးဝမ်းကျောင်းကို မြှင့်တင်နိုင်ခြင်း၊ "အဆင့်မြင့်စိုက်ပျိုးရေး သုတေသနနှင့်ပညာရေးဗဟိုဌာန ဗဟုသုတ ဘဏ်တည်ထောင်ခြင်းစီမံချက် အကောင် အထည်ဖော် ဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာ"ကို လက်မှတ် ရေးထိုးအကောင်အထည်ဖော်ခြင်းအားဖြင့် တက္ကသိုလ်အတွင်း ပညာရပ်နှင့် သုတေသန ဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များ၊ စာအုပ်စာတမ်းများရယူနိုင်သည့် ဗဟုသုတ ဘဏ်ထူထောင်နိုင်ခြင်း၊ "မန္တလေးတိုင်း ဒေသကြီး အမရပူရမြို့နယ် ဆောင်းဒါး ရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံအောက် ရှိ ရက်ကန်းနှင့်အသက်မွေးပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးစီမံချက် အကောင် အထည်ဖော် ဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာ"ကို လက်မှတ် ရေးထိုး အကောင်အထည်ဖော်ခြင်းအားဖြင့် ရက်ကန်းနှင့် အသက်မွေးပညာသင်တန်း ကျောင်းများရှိ ဆရာ၊ ဆရာမများသည် နည်းပညာရပ်များ လေ့လာသင်ယူခွင့် ရရှိနိုင်ခြင်း၊ "မန္တလေးတိုင်းဒေသကြီးရှိ အမျိုးသမီးကလေးများကျောင်းအတွက် တစ်ထပ်အဆောက်အအုံဆောက်လုပ်ခြင်း စီမံချက်အကောင်အထည်ဖော်ဆောင်ရွက် ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာ" ကို လက်မှတ်ရေးထိုးအကောင်အထည်ဖော်ခြင်း အားဖြင့် အမျိုးသမီးကလေးများ၏ လူနေမှု ဘဝပိုမိုတိုးတက်ကောင်းမွန်လာစေခြင်းနှင့် "ရန်ကုန်တိုင်းဒေသကြီး၊ အရေးပေါ်အခြေ အနေစီမံခန့်ခွဲမှုဗဟိုဌာနတည်ထောင်ခြင်း စီမံချက်အကောင်အထည်ဖော်ဆောင်ရွက် ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာ" ကို လက်မှတ်ရေးထိုး အကောင်အထည်ဖော် ခြင်းအားဖြင့် ရန်ကုန်မြို့၌ နိုင်ငံတကာ လူသားချင်းစာနာမှုအကူအညီများလက်ခံ ရာတွင် သယ်ယူပို့ဆောင်ရေးဆိုင်ရာဗဟို ဌာနအဖြစ် အမျိုးသားအဆင့် အကြီးစား ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဗဟိုဌာန အနေဖြင့် အထောက်အကူပေးနိုင်ခြင်း စသည့်အကျိုးကျေးဇူးများရရှိမည်ဖြစ်သည်။ စီမံချက်များ အကောင်အထည်ဖော်ရေး အတွက် စီမံချက်ဆိုင်ရာ စောင့်ကြည့် စစ်ဆေးရေးပူးတွဲကော်မတီ ဖွဲ့စည်း၍ ကြီးကြပ်အကောင်အထည်ဖော်သွားမည် ဖြစ်သည်။

QIP စီမံချက်များသည် နှစ်နိုင်ငံအစိုးရ တို့အကြား လက်မှတ်ရေးထိုးချုပ်ဆိုခဲ့သည့် အကူအညီပေးရေးဆိုင်ရာ သဘောတူ စာချုပ်အရ ဆောင်ရွက်ခြင်းဖြစ်ပြီး စီမံချက်တန်ဖိုးအားဖြင့် စီမံချက်တစ်ခုလျှင် အမေရိကန်ဒေါ်လာ ၅၀၀၀၀ တန်ဖိုး ခွင့်ပြု ပေးခြင်းဖြစ်သည်။ ယမန်နှစ်ကလည်း အလားတူစီမံချက်သုံးခုကိုအကောင်အထည် ဖော်ဆောင်ရွက်ခဲ့ကြောင်းနှင့် အဆိုပါ QIP စီမံချက်များကို မြန်မာနိုင်ငံ၏ လူမှု စီးပွားဖွံ့ဖြိုးမှုကို အထောက်အကူဖြစ်စေရန် အိန္ဒိယသမ္မတနိုင်ငံအစိုးရနှင့် ဆက်လက် ညှိနှိုင်းဆောင်ရွက်ရန်ရှိကြောင်း သတင်း ရရှိသည်။

**(သတင်းစဉ်)**

# ကမ္ဘာ့စံချိန်စံညွှန်းနေ့အခမ်းအနားနှင့် အမျိုးသားစံချိန်စံညွှန်း ကောင်စီအစည်းအဝေး(၁/၂၀၂၄)ကျင်းပ



**နေပြည်တော် အောက်တိုဘာ ၁၄**

အပြည်ပြည်ဆိုင်ရာစံချိန်စံညွှန်းအဖွဲ့ ကြီးမှ နိုင်ငံတကာစံချိန်စံညွှန်းရေးဆွဲသည့် ပညာရှင်များနှင့် ပြည်တွင်းရှိ မြန်မာစံချိန် စံညွှန်းများပေါ်ထွက်လာစေရန် ပါဝင် ဆောင်ရွက်သူများကို ဂုဏ်ပြုရန်ရည်ရွယ် ၍ ကမ္ဘာ့စံချိန်စံညွှန်းနေ့အခမ်းအနား (၁၂)ကြိမ်မြောက်အခမ်းအနားကို ယနေ့ တွင် နေပြည်တော် ရုံးအမှတ်(၂၁) သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန အစည်းအဝေး ခန်းမ၌ ကျင်းပသည်။

ဦးစွာ အမျိုးသားစံချိန်စံညွှန်းကောင်စီ ဥက္ကဋ္ဌ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်း ကျော်က ယခုနှစ် ကမ္ဘာ့စံချိန်စံညွှန်းနေ့ (၂၀၂၄)၏ဆောင်ပုဒ်မှာ "Achieving Industry, Innovation and Infrastructure through Artificial Intelligent (AI)" (ဉာဏ်ရည်တုနည်းပညာ(AI) ဖြင့် စက်မှု လုပ်ငန်း၊ ဆန်းသစ်တီထွင်မှုနှင့် အခြေခံ အဆောက်အဦများ ကောင်းမွန်စွာရရှိ စေရန်)ဖြစ်ကြောင်း၊ အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းများသည် တစ်ကမ္ဘာလုံးဖွံ့ဖြိုး တိုးတက်မှုအတွက် မရှိမဖြစ်လိုအပ်သော ကြောင့် ဉာဏ်ရည်တု(AI)နည်းပညာဖြင့် နည်းပညာနှင့် ဆန်းသစ်တီထွင်မှုများကို အရှိန်မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် အပြည်ပြည်ဆိုင်ရာစံချိန် စံညွှန်းအဖွဲ့ကြီး၏ အထွေထွေအတွင်း ရေးမှူးချုပ် Mr. Sergio Mujica ၏ ကမ္ဘာ့စံချိန် စံညွှန်းနေ့ ဂုဏ်ပြုစကားနှင့် ကမ္ဘာ့စံချိန် စံညွှန်းနေ့(၂၀၂၄) ဆိုင်ရာ ဗီဒီယိုပြသသည်။

အခမ်းအနားသို့ အမျိုးသားစံချိန်စံညွှန်း ကောင်စီဝင်များဖြစ်ကြသော ဆက်စပ်ဝန်ကြီး ဌာနများမှ ဒုတိယဝန်ကြီးများ၊ အမြဲတမ်း အတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ နှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယ ဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြား ရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူး ချုပ်များ၊ စံချိန်စံညွှန်းလုပ်ငန်းကော်မတီဝင် များ၊ စံချိန်စံညွှန်းရေးဆွဲရေး နည်းပညာ ဆပ်ကော်မတီဝင်များ၊ မြန်မာနိုင်ငံ အင်ဂျင် နီယာကောင်စီ၊ မြန်မာနိုင်ငံအင်ဂျင်နီယာ အသင်း၊ မြန်မာနိုင်ငံကွန်ပျူတာအသင်း ချုပ်၊ UMFCCI နှင့် ညီနောင်အသင်းများမှ ကိုယ်စားလှယ်များ၊ MSMEs အသင်းအဖွဲ့ များမှ ကိုယ်စားလှယ်များနှင့် အရည်အသွေး ကိုက်ညီမှု စစ်ဆေးရေးဆိုင်ရာအဖွဲ့များမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဆက်လက်၍ အမျိုးသားစံချိန်စံညွှန်း ကောင်စီအစည်းအဝေး(၁/၂၀၂၄)ကို Hybrid စနစ်ဖြင့် ကျင်းပရာ အမျိုးသားစံချိန်စံညွှန်း ကောင်စီအစည်းအဝေး (၁/၂၀၂၃)၏ဆုံးဖြတ် ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေ အနေများ၊ အများပြည်သူသဘောထား မှတ်ချက်ရယူပြီး စံချိန်စံညွှန်းလုပ်ငန်း ကော်မတီမှစိစစ်တင်ပြလာသော မြန်မာ စံချိန်စံညွှန်း နောက်ဆုံးအဆင့်မူကြမ်း (၇၀)ကို မြန်မာစံချိန်စံညွှန်းအဖြစ်အတည်ပြု သတ်မှတ်နိုင်ရေး၊ စံချိန်စံညွှန်းရေးဆွဲရေး နည်းပညာဆပ်ကော်မတီများမှ အဆိုပြု အဆင့်နှင့် နည်းပညာဆပ်ကော်မတီအဆင့် နှင့် Public comment အဆင့်တွင်ရှိသော မြန်မာစံချိန်စံညွှန်းမူကြမ်း (၈၃)ခု၊ မြန်မာ စံချိန်စံညွှန်းများရေးဆွဲရာတွင် International၊ Regional၊ WTO/TBT Agreement တို့နှင့် ကိုက်ညီစေရန် Soft Copy ဖြင့် ရောင်းချနိုင် ရေးနှင့်ဝန်ကြီးဌာနအသီးသီးမှအရည်အသွေး အခြေခံအဆောက်အဦ ခိုင်မာအားကောင်း စေရေးအတွက် ဆောင်ရွက်ချက်များကို ဆွေးနွေးကြသည်။ အမျိုးသားစံချိန်စံညွှန်း ကောင်စီဝင်များမှနောက်ဆုံးအဆင့်မူကြမ်း (၇၀)ကို မြန်မာစံချိန်စံညွှန်းများအဖြစ် သတ်မှတ်ခြင်းနှင့် မြန်မာစံချိန်စံညွှန်းများကို နိုင်ငံတကာနည်းတူ Soft Copy ဖြင့် ရောင်းချ နိုင်ရေးတို့ကို အတည်ပြုဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

**(၅၀၀)**

# မြစ်ကိုအလျှားစုန်ကူးခဲ့သည်

ကျွန်းစဉ်မြေစာခက်

**"ကျွန်တော်တို့နယ်တွင် ကုန်ကူးသူတချို့မှာ ဒေသထွက်ကုန် ခနီချပ်၊ ထင်းတို့ဖြင့်သာ အရောင်းအဝယ်လုပ်ပြီး မြို့သို့ သွားရောင်းကြသည်။ ခု ထင်းနှင့်ကုန်ကူးအရောင်းအဝယ်လုပ်မည်ဆိုလျှင်တောင် မြေပုံမြို့နယ်အတွင်းမှာ ထင်းခုတ်၊ မီးသွေးဖုတ်ခြင်းတို့ကြောင့် ဖြူးထင်း၊ ကပိုင်ထင်း၊ တုတ်ထင်းတို့လည်း ရှားပါးကုန်ကြပြီ။ ဟိုး ဝေးလွန်းသည့် အမ်းမြို့နယ်ရှိ ပင်လယ်ကမ်းခြေပိုင်းဘက်သို့ သွားဝယ်ရမည်ဖြစ်သည်။ မည်သို့ပင်ဆိုစေ အမ်းမြို့နယ် ပင်လယ်ကမ်းခြေပိုင်း ဒီရေရောက်တောများရှိရာ ရွာများဘက်သို့ ထင်းဝယ်ထွက်ရန် ကျွန်တော်ဆုံးဖြတ်လိုက်သည်. . ."**

**ယမန်နေ့မှအဆက်**

"ဆရာရေ ခွင့်လွှတ်ပါဗျာ အားလည်းနာပါတယ်"

"ဘာဖြစ်လို့လဲ"

"ဒီလိုပါဆရာ ကျွန်တော့်ခုံနံပါတ်က ဒဖ/ ၁၆၃ ပါ၊ အဲဒါ ကျွန်တော် ဒဖ/ ၁၃၆ လို့ ရေးထားမိခဲ့လို့ပါ"

"ဟုတ်တယ်ဟ ဒီမှာ ဒဖ/၁၃၆ ခုံနံပါတ်နှစ်ယောက်တောင်ဖြစ်နေလို့ ငါ ခေါင်းစားနေတာ ရော့ ရော့"

အခန်းစောင့်ဆရာသည် အဖြေလွှာများထဲက ခွဲထုတ်ထားသော ၁၃၆ အဖြေလွှာနှစ်အုပ် ကျွန်တော့်ရှေ့သို့ တိုးပေးလိုက်သည်။ ကျွန်တော့်အဖြေလွှာတွင် ဒဖ/၁၃၆ ကို ခြစ်ပစ်ပြီး ဒဖ/၁၆၃ ဟု အစားထိုးပြီး ရေးဖြစ်သွားတော့သည်။ ကျွန်တော့်ရင်ဘတ်ထဲက အပူလုံးကြီးလည်း ကျသွားပါတော့သည်။ ကျွန်တော့်အတွက် သင်ခန်းစာရသွားရုံမက နောင်တလည်း ကြီးစွာရခဲ့လေသည်။

နောက်နေ့ ဘာသာရပ်များတွင်လည်း ဖြေနိုင်သည်ဟုပြောလို့ရသည့်အနေအထားမျိုးရှိသည်။ အထူးသဖြင့် ပထဝီဝင်ဘာသာရပ်တွင် လက်တွေ့ပထဝီဝင်၌ ကမ္ဘာ့နိုင်ငံများထဲက နိုင်ငံတစ်နိုင်ငံ၏ ရာသီဥတုကို ဖော်ပြထားပြီး မည်သည့်နိုင်ငံဖြစ်ကြောင်းကို ဖော်ပြရမည်ဖြစ်ပြီး နိုင်ငံ၏ ပထဝီဝင် အနေအထားကို မေးထားပေသည်။

ကျွန်တော်သည် ၁၉၇၇ ခုနှစ် စာမေးပွဲအတွက် တောင်အာဖရိကနိုင်ငံ ကိပ်တောင်းမြို့ကို လေ့လာထားရာ ကွက်တိကျလှပေသည်။ ကျွန်တော် ဒိုးဒိုးဒေါက်ဒေါက်ချရေးလိုက်ရာ ပီတိရင်ဝယ်ပြည့်သွားတော့သည်။ ထို့ပြင် ဘောဂဗေဒဘာသာရပ် စာရင်းကိုင်တွင်လည်း နှစ်ဖက်သွင်းစာရင်း အစမ်းရှင်းတမ်းတွင် ရှားရှားပါးပါး စာရင်းကိုက်သူများထဲတွင် ကျွန်တော်လည်း တစ်ယောက်ပါဝင်နေပေရာ အတိုင်းထက်အလွန် ကျေနပ်သွားရပေတော့သည်။ သို့သော် အင်္ဂလိပ်စာဘာသာရပ်တွင် ကြိုးစားပြီး ဖြေခဲ့ရသော အဆင့်သာရှိသည် ဖြေနိုင်သည်ဟု ပြောနိုင်လောက်သည့်အဆင့်သာပဲဟု ရင်ထဲမှာ ထားလိုက်တော့သည်။

■ ■ ■ ■ ■ ■ ■

**ကျွန်ုပ် ကုန်ကူးထွက်ခဲ့ပြန်ပြီ**

နွေရာသီကျောင်းတွေလည်း ပိတ်ထားချိန်ဖြစ်၍ ကျွန်တော် ဝင်ငွေတစ်ခုခုရရှိရန် စဉ်းစားလိုက်သည်။ ကျွန်တော်တို့ အထက်ကျွန်းစဉ်နယ်တွင် လယ်ယာလုပ်ငန်းသည် အဓိကဖြစ်သည်။ ကျွန်တော့်မှာ လယ်လည်းမရှိ၊ မြေလည်းမရှိသည့်အတွက် စိုက်ပျိုးလုပ်ကိုင်ဖို့ဆိုသည်မှာလည်း မဖြစ်နိုင်။ သို့ဖြစ်၍ ကုန်ကူးအရောင်းအဝယ်လုပ်ရန် အာရုံရသွားသည်။

ကျွန်တော်တို့နယ်တွင် ကုန်ကူးသူတချို့မှာ ဒေသထွက်ကုန် ခနီချပ်၊ ထင်းတို့ဖြင့်သာ အရောင်းအဝယ်လုပ်ပြီး မြို့သို့သွားရောင်းကြသည်။ ခု ထင်းနှင့်ကုန်ကူးအရောင်းအဝယ်လုပ်မည်ဆိုလျှင်တောင် မြေပုံမြို့နယ်အတွင်းမှာ ထင်းခုတ်၊ မီးသွေးဖုတ်ခြင်းတို့ကြောင့် ဖြူးထင်း၊ ကပိုင်ထင်း၊ တုတ်ထင်းတို့လည်း ရှားပါးကုန်ကြပြီ။ ဟိုး ဝေးလွန်းသည့် အမ်းမြို့နယ်ရှိ ပင်လယ်ကမ်းခြေပိုင်းဘက်သို့ သွားဝယ်ရမည်ဖြစ်သည်။ မည်သို့ပင်ဆိုစေ အမ်းမြို့နယ် ပင်လယ်ကမ်းခြေပိုင်း ဒီရေရောက်တောများရှိရာ ရွာများဘက်သို့ ထင်းဝယ်ထွက်ရန် ကျွန်တော်ဆုံးဖြတ်လိုက်သည်။

ကျွန်တော်၏ ငယ်ဘဝတစ်လျှောက်လုံးကို ကျောင်းတော်ရင်ခွင်မှာပဲ အသုံးချခဲ့သဖြင့် လူမှုဝန်းကျင်နှင့် စီးပွားရေးနယ်ပယ်မှာ စိမ်းလှသည်။ ကျွန်တော်သည် ရွာမှာ ကျပန်းလုပ်စားပြီး အငှားလိုက်နေသူ ဦးအောင်ထွန်းဖံဆိုသူကို အကူအညီတောင်းလိုက်သည်။

"ဦးရဲ့ဇာတိက ရေကောင်းချိုင်ရွာကလို့ သိရတယ် ဟုတ်ပါသလား"

"ဟုတ်တယ်လေ ဦးက ရေကောင်းချိုင်ရွာသားပဲ"

"အဲလိုဆိုရင် ဦးတို့ရွာဘက်မှာ ထင်းခုတ်ခိုင်းလို့ ရနိုင်မလားလို့ပါ"

"ဦးလည်း အဲဒီကနေ ဒီရွာရောက်တာကြာနေပြီဆိုတော့ ခုအခြေအနေကို မပြောနိုင်ဘူး၊ သွားကြည့်မှသိမယ်"

"အဲလိုဆို သွားကြမယ်ဗျာ၊ ကျွန်တော့်ကို ကူညီပါဦး"

ကျွန်တော်၏ရည်ရွယ်ချက်မှာ ဖြူးထင်း၊ မဒမထင်းတို့ကို ခုတ်ခိုင်းထားခဲ့ပြီး လှေတစ်စင်းစာရသည့်အချိန်တွင် ကုန်တင်လှေတစ်စင်းငှားပြီး ထင်းတွေကို စစ်တွေမြို့တွင် သွားရောင်းရန်ပင်ဖြစ်သည်။

● ● ● ● ● ● ●

ဦးအောင်ထွန်းဖံက ပဲ့ကိုင်ပြီး ကျွန်တော်က လှေဦးကလှော်သည်။ သရက်တောင်ရွာ လှေဆိပ်မှထွက်ပြီး ရွာချောင်းကြီးအတိုင်း လှော်ဆင်းလိုက်ကြသည်။ စိတ္တရမြစ်သို့မထွက်မီ ရွာချောင်းကြီး ခါးလယ်လောက်တွင် လက်ဝဲဘက်သို့ တိုးဝင်နေသော ဒိုးတန်းပြွန်ကျဉ်းကလေးသို့ လှော်ဝင်လိုက်ကြသည်။ နှစ်နာရီခန့် လှော်ခတ်ပြီးချိန်တွင် ပြွန်လမ်းကြောင်းတစ်ဖက်ချောင်းဝထိပ်သို့အရောက်တွင် ငန်းတောင်မြစ်ရေက ခပ်ပြင်းပြင်း စီးဆင်းနေပေသည်။ လဆန်း ၁၂ ရက် ဒီရေသည် မနက်လင်းသည်နှင့် ဒီရေကျတော့သည်။ မြစ်ညာကနေ ပင်လယ်ဝသို့စီးဆင်းခြင်းပင်။ ကျွန်တော်တို့နှစ်ယောက် ငန်းတောင်မြစ်ကြောင်းအတိုင်း လှော်ဆင်းလာကြသည်။ မနက်စာအတွက် ထမင်းကြော်တစ်ယောက်တစ်ပွဲစားပြီး ရေနွေးကြမ်းသောက်လာကြ၍ အာဟာရပြည့်ပြီး လှော်အားကောင်းနေကြခြင်းပင်ဖြစ်သည်။

နေ့လယ် ဒီရေစစ်ချိန်တွင် ကျွန်တော်တို့ တောင်ဆီးမြစ်သို့ ရောက်ခဲ့ကြလေပြီ။ ဒီရေပြန်အတက်မှာ ကျွန်တော်တို့ တောင်ဆီးမြစ်၏ ရေတက်အတိုင်း မြစ်ကြောင်းအထက်ဘက်သို့ လှော်တက်လာခဲ့ကြသည်။

ကျွန်တော်တို့နှစ်ယောက်မှာ မနက်စောစော ထမင်းကြော်စားလာကြသည်မှအပ မည်သည့်အာဟာရကိုမျှ မဖြည့်တင်းရသေး။ နေပူကြီးထဲ ခမောက်လေးတစ်ခုစီဆောင်းပြီး တစ်နေကုန်လှေလှော်လာကြရာ နွေရာသီနေ့လယ်ခင်းအပူဒဏ်ကြောင့် ပင်ပန်းလှပေပြီ။ လှေကို တရစပ်လှော်လာရသဖြင့် ညောင်းညာလှပေပြီ။ ကျွန်တော်တို့နှစ်ယောက်မှာ ဘယ်ခြမ်းကလှော်၍ ညောင်းလာလျှင် ညာခြမ်းတစ်လှည့်လှော်သည်။ ပင်ပန်းသည်ဆိုပြီး ရပ်ထား၍မရ။ ဆာလောင်လှပြီဆိုပြီး လှေမလှော်ဘဲနေလျှင် အခြေအနေပိုဆိုးရွားလာစရာသာရှိသည်။ ကျွန်တော်တို့ လှေ၏လက်ယာဘက်အရပ် ခပ်လှမ်းလှမ်းတွင် တောင်တန်းတစ်ခုကို တွေ့လိုက်ကြရသည်။ ဦးအောင်ထွန်းဖံက ရေကောင်းချိုင်တောင်တန်းကြီးဟု ပြောသည်။ ကျွန်တော့်မှာ ရောက်တော့မည်ဟု အာရုံရသဖြင့် ပျော်သလိုဖြစ်သွားသည်။ ဦးအောင်ထွန်းဖံသည် လှေကို တောင်ဆီးမြစ်၏ လက်ယာဘက်ချောင်းကြီးတစ်ခုသို့ လှေဦးကို လှည့်ပေးလိုက်သည်။ ကျွန်တော်တို့နှစ်ယောက် အားစိုက်ပြီး ဖိလှော်လိုက်ရာ လှေလေးမှာ ချောင်းတွင်းသို့ ရောက်သွားခဲ့သည်။ ဒီရေအတက် ခပ်ကြမ်းကြမ်းစီးဝင်နေသဖြင့် လှေတော်တော်ပြေးသည်။

**ဆက်လက်ဖော်ပြပါမည်။**

## ဟိုပုံးမြို့နယ် လူထုအခြေပြုဗဟိုဌာန၌ အသေးစားကုန်ထုတ်လုပ်ငန်းများဖန်တီးပေးနိုင်ရေးနှင့် မိသားစုဝင်ငွေတိုးရေး စက်ချုပ်ပညာ (မွမ်းမံ) သင်တန်းဖွင့်လှစ်

ဟိုပုံး အောက်တိုဘာ ၁၄

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်တွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှ အသေးစားကုန်ထုတ်လုပ်ငန်းများဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်း စက်ချုပ်ပညာ(မွမ်းမံ)သင်တန်း ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာလ ၁၄ ရက်တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

ရှေးဦးစွာ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန ဦးစီးမှူး ဦးဝင်းကျော်မျိုးက ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်ခုဖော်ဆောင်ပေးခြင်းဖြင့် အသေးစား၊ အငယ်စားစီးပွားရေးလုပ်ငန်းများပေါ်ထွန်းလာစေရန်၊ ကျေးလက်နေပြည်သူများဝင်ငွေတိုးပွားစေရန်၊ အမျိုးသမီးများနှင့် လူငယ်များအား အလုပ်အကိုင်အခွင့်အလမ်းဖန်တီးပေးခြင်းဖြင့် ပြည်သူများ ဝင်ငွေတိုးပွားစေရန်၊ ဘေးဒဏ်သင့်ပြည်သူများအတွက် စီးပွားရေးလုပ်ငန်းများပြန်လည်ထူထောင်ပေးနိုင်စေရန်၊ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုနည်းပညာများပံ့ပိုးပေးခြင်းဖြင့် ကုန်ထုတ်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာစေရန်၊ ဒေသခံများအနေဖြင့် မိမိနှင့် မိသားစုဝင်များအတွက် အဝတ်အထည်များကို မိမိကိုယ်တိုင်ချုပ်လုပ်ဝတ်ဆင်နိုင်စေရန်၊ အမျိုးသမီးများ အိုးမကွာအိမ်မကွာဖြင့် ဝင်ငွေရှာဖွေနိုင်ရန် စသည့်ရည်ရွယ်ချက်ဖြင့် ယခုကဲ့သို့ စက်ချုပ်သင်တန်းဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်လွင်လွင်ဦးနှင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံကိန်းရေးဆွဲရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ချိုချိုရဲဝင်းတို့က သင်တန်းသူများအား သင်တန်းသုံးကုန်ကြမ်းပစ္စည်းများပေးအပ်ကြသည်။



အဆိုပါသင်တန်းကို အောက်တိုဘာလ ၁၄ ရက်မှ ၂၈ ရက်အထိ စာတွေ့ လက်တွေ့ ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

ချမ်းမြေ့

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အစမ္ပဝင်ရောက်နေထိုင်နေသည့်မြို့၊ ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကိုကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကိုအသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့်မြို့၊ ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။"**

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှကောက်နုတ်ချက်)

# ၂၀၂၄ ခုနှစ် (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး(ဗဟိုအဆင့်)ပြိုင်ပွဲစတင်ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၄**

၂၀၂၄ ခုနှစ် (၂၅) ကြိမ်မြောက် ငွေရတု အထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းမှ စတင်ပြီး ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ သတ်မှတ်နေရာအသီးသီးတွင် စည်ကားသိုက်မြိုက်စွာကျင်းပသည်။






ယနေ့တွင် **"မဟာဂီတ"တေးသီချင်း အဆိုပြိုင်ပွဲ**ကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) Signing Room ၌ကျင်းပရာ **အခြေခံပညာအဆင့်(အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲ**တွင် ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကယားပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက ဆီးနှင်းပြိုက်ကျ(ကြိုး) သီချင်းဖြင့်လည်းကောင်း၊ **ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသားပြိုင်ပွဲ**တွင် ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက ခွာပြာသင်း(ပတ်ပျိုး) သီချင်းဖြင့်လည်းကောင်း ယှဉ်ပြိုင်ကြသည်။





**"ကာလပေါ်"တေးသီချင်း အဆိုပြိုင်ပွဲ**ကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) Banquet Hall ၌ကျင်းပရာ **ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသားပြိုင်ပွဲ**တွင် ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက ပန်းစုံတဲ့တောသီချင်းဖြင့်လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲ**တွင် ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ ကချင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ချင်းပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက မြန်မာ့ဂီတလှပဝေဆာသီချင်းဖြင့်လည်းကောင်း ယှဉ်ပြိုင်ကြသည်။




**အကပြိုင်ပွဲ**ကို မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂) Plenary Hall ၌ကျင်းပရာ **အခြေခံပညာအဆင့် (အသက် ၁၅ နှစ် မှ ၂၀ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲ**တွင် ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း၊ **အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲ**တွင် မကွေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း ကကြိုးကကွက်စုံလင်စွာယှဉ်ပြိုင်ကြသည်။

**အရေးပြိုင်ပွဲ**ကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိယဉ်ကျေးမှုရတနာခန်းမ၌ကျင်းပရာ ဝါသနာရှင်အဆင့်(ပထမတန်း) ပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ **စာမျက်နှာ ၆ သို့** ◆







◆ စာမျက်နှာ ၅ မှအဆက်

ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက " မြန်မာ့ရိုးရာအမွေ အလှတိုးဖြာစေ" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) ပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသ







ကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဂီတဖြင့် ပြည်အလှဆင်မည်" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့်ပြိုင်ပွဲတွင် ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ထံတျာတေအစမဟာဂီတ" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) ပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "လူငယ်အားမာန် အမြဲရှင်သန် နိုင်ငံပြည်ကျိုး ဆောင်သယ်ပိုး" ခေါင်းစဉ်ဖြင့်လည်းကောင်း ရသစုံလင်စွာ ဖော်ကျူးတေးဖွဲ့ယှဉ်ပြိုင်ကြသည်။

**စန္ဒရားအတီးပြိုင်ပွဲ**ကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) News Briefing Room ၌ကျင်းပရာ **အခြေခံပညာအဆင့် (အသက် ၁၀ နှစ် မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲ**တွင် တနင်္သာရီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက မင်္ဂလာသီရိမြေမြတ်စွာ (ဘွဲ့) သီချင်းဖြင့်လည်းကောင်း၊ **ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသားပြိုင်ပွဲ**တွင် ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက တောမြိုင်ခြေလမ်း (ယိုးဒယား)သီချင်းဖြင့် လည်းကောင်း၊ **ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသမီးပြိုင်ပွဲ**တွင် ရှမ်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက ယမုန်နာ(ပတ်ပျိုး)သီချင်းဖြင့်လည်းကောင်း ယှဉ်ပြိုင်ကြသည်။

**စောင်းအတီးပြိုင်ပွဲ**ကို အမျိုးသားပြတိုက်(နေပြည်တော်)ရှိ Mini Theatre ၌ကျင်းပရာ **အဆင့်မြင့်ပညာအဆင့်အမျိုးသားပြိုင်ပွဲ**တွင် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ပန်းပေဟဝန်"(ယိုးဒယား)သီချင်းဖြင့်လည်းကောင်း၊ **အဆင့်မြင့်ပညာအဆင့်အမျိုးသမီးပြိုင်ပွဲ**တွင် ရန်ကုန်တိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ရွှန်းရွှန်းမြ"(သီချင်းခံ) သီချင်းဖြင့်လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲ**တွင် ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက " မှိုင်းရိပ်ကယ်တည့်"(ကြိုး) သီချင်းဖြင့်လည်းကောင်း၊ **ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသားပြိုင်ပွဲ**တွင် တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ထောင်ရောင်နေ"(သီချင်းခံ) သီချင်းဖြင့်လည်းကောင်း၊ **ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသမီးပြိုင်ပွဲ**တွင် တနင်္သာရီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်း



ဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဇမ္ဗူကျွန်းလုံး"(သီချင်းခံ) သီချင်းဖြင့်လည်းကောင်း ငြိမ့်ညောင်းသာယာစွာ တီးခတ်ယှဉ်ပြိုင်ကြသည်။

**ဒိုးပတ်အတီးပြိုင်ပွဲ**ကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ လေ့ကျင့်ရေးဇာတ်ရုံ၌ကျင်းပရာ ဝါသနာရှင်အဆင့် (ပထမတန်း) ပြိုင်ပွဲတွင် ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) ပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း၊ အဆင့်မြင့်ပညာအဆင့်ပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) ပြိုင်ပွဲတွင် ကယားပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း မြူးကြွမြိုင်ဆိုင်စွာ တီးခတ်ယှဉ်ပြိုင်ကြသည်။

**ဆိုင်းအဖွဲ့လိုက်အတီးပြိုင်ပွဲ**ကို အမျိုးသားပြတိုက်(နေပြည်တော်)ရှိ ဝန်ဇင်းမင်းရာဇာခန်းမ၌ကျင်းပရာ **အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲ**တွင် မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း၊ **အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲ**တွင် ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း မြိုင်မြိုင်ဆိုင်ဆိုင် တီးခတ်ယှဉ်ပြိုင်ကြသည်။


**ရုပ်စုံသဘင်အဖွဲ့လိုက်ပြိုင်ပွဲ**ကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရတနာခန်းမ၌ကျင်းပရာ ရုပ်စုံသဘင်အဖွဲ့လိုက် ဝါသနာရှင်အဆင့် (ပထမတန်း) ပြိုင်ပွဲတွင် "ဝေဿန္တရာ" ဇာတ်တော်ကြီးဖြင့် မွန်ပြည်နယ်ကိုယ်စားပြုအောင်နန်းစိုး ရုပ်စုံသဘင်အဖွဲ့က မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ကျူးသည့် အကအလှများ၊ စကားပြောများဖြင့် တင်ဆက်ကပြယှဉ်ပြိုင်ကြသည်။

**ဇာတ်တော်ကြီးပြိုင်ပွဲ**ကို နေပြည်တော်စည်ပင်သာယာရေးကော်မတီ လဟာပြင်ဇာတ်ရုံ၌ ကျင်းပရာ ဇာတ်တော်ကြီးအဖွဲ့လိုက် ဝါသနာရှင်အဆင့် (ပထမတန်း) ပြိုင်ပွဲတွင် "မဟာဇနက" ဇာတ်တော်ကြီးဖြင့် ဧရာဝတီတိုင်းဒေသကြီးကိုယ်စားပြု မဟာဧရာဇာတ်တော်ကြီးအဖွဲ့က မူရင်းဇာတ်တော်ကြီး၏ တီးလုံးတီးချက်များကို မြန်မာ့ဇာတ်သဘင်၏ ဆို ငို ပြော ပညာရပ်များ၊ အကအလှများနှင့် အနုပညာရသမြောက်ပေါင်းစပ်ပြီး ယှဉ်ပြိုင်ကြသည်။

ယနေ့ကျင်းပသည့် ပြိုင်ပွဲများသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ လူမှုရေးဝန်ကြီးများ၊ ဥပဒေချုပ်များ၊ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများ၊ သဘင်ကိုချစ်မြတ်နိုးကြသည့် မိဘပြည်သူများနှင့် ပြိုင်ပွဲဝင်များ၏ အုပ်ထိန်းသူများ၊ မိဘများက ပြိုင်ပွဲနေရာအသီးသီး၌ လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

၂၀၂၄ ခုနှစ် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို မြို့နယ်အဆင့်၊ ခရိုင်အဆင့်၊ တိုင်းဒေသကြီး/ ပြည်နယ်အဆင့်၊ ဗဟိုအဆင့်ဟူ၍ အဆင့်ဆင့်ကျင်းပခဲ့ခြင်းဖြစ်ပြီး ဗဟိုအဆင့်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ၂၅၈၄ ဦး ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကာ အကဲဖြတ်ပညာရှင်ဦးရေ ၁၈၀ ဖြင့် စနစ်တကျစိစစ်အကဲဖြတ်အမှတ်ပေးသွားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တီကျစ်ကျောက်မီးသွေးသုံးရေနွေးငွေ့ဓာတ်အားပေးစက်ရုံ၏ လျှပ်စစ်ဓာတ်အား ထုတ်လုပ်နေမှု ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်း ကြည့်ရှုစစ်ဆေး



နေပြည်တော် အောက်တိုဘာ ၁၄

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းသည် ရှမ်းပြည်နယ် သယံဇာတရေးရာဝန်ကြီး ဦးစိုင်းလိတ်နှင့်အတူ ယမန်နေ့နံနက်ပိုင်းက ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ်ရှိ တီကျစ်ကျောက်မီးသွေးသုံး ရေနွေးငွေ့ဓာတ်အားပေးစက်ရုံ၏ လျှပ်စစ်ဓာတ်အားထုတ်လုပ်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်းသိရသည်။

ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက အမှတ်(၁)စက်ကို လည်ပတ်နိုင်ပြီဖြစ်၍ အမှတ်(၂)ဓာတ်အားပေးစက်ကို အမြန်ဆုံးပြန်လည်မောင်းနှင်ပြီး ဓာတ်အားထုတ်လုပ်နိုင်ရေး အားလုံးဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားပြီး ဓာတ်အားထိန်းချုပ်ခန်းအတွင်း အမှတ်(၁) ဓာတ်အားပေးစက် ပြန်လည်လည်ပတ်၍ နိုင်ငံတော်ဓာတ်အားစနစ်သို့ ချိတ်ဆက်ပြီး လျှပ်စစ်ဓာတ်အားများ ပို့လွှတ်ပေးနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တာဘိုင်စက်ခန်းများအတွင်း ဓာတ်အားပေးစက်များမောင်းနှင်၍ ဓာတ်အားထုတ်လုပ်ပေးနေမှု၊ ဓာတ်အားပေးစက်များ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု၊ ကျောက်မီးသွေးအခြောက်ခံစက်တည်ဆောက်ခြင်း လုပ်ငန်းများ ၆၅ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးမှုနှင့် လက်ရှိလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဒေဝ်စွမ်းအင်နှင့်သဘာဝအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီလီမိတက်၏ ကျောက်မီးသွေးတူးဖော်ရေးလုပ်ကွက်သို့ရောက်ရှိပြီး ရေကြီးမှုကြောင့် ကျောက်မီးသွေးတူးဖော်ရေး လုပ်ကွက်အတွင်း ပျက်စီးခဲ့မှုများ၊ မြေပြိုကျမှုများနှင့် ကျောက်မီးသွေး တူးဖော်ထုတ်လုပ်ရန် အပေါ်ယံမြေကြီးများကို စက်ယန္တရားကြီးများဖြင့် ဖယ်ရှားရှင်းလင်းနေမှု၊ ရေနစ်မြုပ်သွားသော ကျောက်မီးသွေးပြင်အား အမြန်ထုတ်လုပ်ရရှိရန် အပိုင်းလိုက်ကန့်၍ ရေများပြန်လည်စုပ်ထုတ်ခြင်းဆောင်ရွက်နေမှုနှင့် ပျက်စီးသွားသောကျောက်မီးသွေးသယ်ထုတ်လမ်းပိုင်းများ အသစ်ပြုပြင်ဖောက်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် တီကျစ်ဓာတ်အားပေးစက်ရုံ အအေးပေးစနစ်အတွက် ရေပေးပို့လျက်ရှိသော ဘီလူးချောင်းအနီး တည်ဆောက်ထားသည့် ဘီလူးချောင်းရေပန့်ရုံသို့ ရောက်ရှိပြီး မိုးသည်းထန်စွာ ရွာသွန်း၍ ရေကြီးရေလျှံမှုကြောင့် ရေပန့်ရုံအဆောက်အအုံ ရေနစ်မြုပ်ခဲ့မှု၊ ရေပန့်ရုံနှင့်ရေဝင်လမ်းကြောင်းအတွင်း ရေများစုပ်ထုတ်ပြီးစီးမှု၊ နုန်းများဖယ်ရှားရှင်းလင်းပြီးစီးမှု၊ ပန့်နှင့် ဆက်စပ်ပစ္စည်းများ၊ Control Panel များ၊ ထရန်စဖော်မာများစစ်ဆေးပြုပြင်ဆောင်ရွက်ပြီးစီးမှုနှင့် ပန့်များကိုအလှည့်ကျမောင်းနှင်၍ စက်ရုံသုံးရေကို ပြန်လည်ပေးပို့နေမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ တီကျစ်ကျောက်မီးသွေးသုံး ရေနွေးငွေ့ဓာတ်အားပေးစက်ရုံသည် ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ်တွင်တည်ရှိပြီး နိုင်ငံတော်၏လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးရန် တည်ဆောက်ခဲ့ခြင်းဖြစ်ကာ စက်တပ်ဆင်အင်အားမှာ ၆၀ မဂ္ဂါဝပ်ရှိ ဓာတ်အားပေးစက်နှစ်လုံးဖြင့် စုစုပေါင်းတပ်ဆင်အင်အား ၁၂၀ မဂ္ဂါဝပ်ဖြစ်ပြီး ဒီဇိုင်းအရ တစ်နှစ်ထုတ်လုပ်နိုင်မည့်ဓာတ်အားမှာ ၉၆၀ ကီလိုဝပ်နာရီသန်းပေါင်းဖြစ်ပြီး ထွက်ရှိလာသောလျှပ်စစ်ဓာတ်အားများကို ၁၃၂ ကေဗွီ တီကျစ်–လောပိတဓာတ်အားလိုင်း၊ ၁၃၂ ကေဗွီ တီကျစ်–လွိုင်ကော်ဓာတ်အားလိုင်းနှင့် ၁၃၂ ကေဗွီ တီကျစ်–ကလောဓာတ်အားလိုင်းတို့ဖြင့် နိုင်ငံတော်ဓာတ်အားစနစ်သို့ချိတ်ဆက်၍ လျှပ်စစ်ဓာတ်အားများ ပို့လွှတ်ဖြန့်ဖြူးပေးလျက်ရှိရာ ရာဂိမုန်တိုင်းအရှိန်ဖြင့် မိုးသည်းထန်စွာရွာသွန်း၍ ရေကြီးရေလျှံမှုကြောင့် ကျောက်မီးသွေးလုပ်ကွက်အတွင်း မြေပြိုကျမှုများ၊ ထုတ်ယူဆဲကျောက်မီးသွေး ရေနစ်မြုပ်မှုများ၊ ကျောက်မီးသွေးသယ်ထုတ်လမ်းပိုင်းများ ပြိုကျပျက်စီးခဲ့ခြင်းနှင့် တီကျစ်ဓာတ်အားပေးစက်ရုံ အအေးပေးစနစ်အတွက် ရေပေးပို့လျက်ရှိသော ဘီလူးချောင်းရေပန့်ရုံရေနစ်မြုပ်ပြီး ပန့်နှင့်ဆက်စပ်ပစ္စည်းများရေနစ်မြုပ်ပျက်စီးခြင်းတို့ဖြစ်ပေါ်ခဲ့သဖြင့် ဓာတ်အားထုတ်လုပ်မှုများ ရပ်နားခဲ့ရပြီး ဓာတ်အားအမြန်ဆုံးပြန်လည်ထုတ်လုပ်ပို့လွှတ်ပေးနိုင်ရန်အတွက် ပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်ခဲ့ရာ အမှတ်(၁) ဓာတ်အားပေးစက်ကို ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၁၁ ရက်တွင် ပြန်လည်လည်ပတ်၍ နိုင်ငံတော်ဓာတ်အားစနစ်သို့ ချိတ်ဆက်ပြီး လျှပ်စစ်ဓာတ်အားများ ပြန်လည်ပို့လွှတ်ပေးနိုင်ခဲ့ပြီး အမှတ်(၂)ဓာတ်အားပေးစက်ကို ပြန်လည်လည်ပတ်ဓာတ်အားထုတ်လုပ်နိုင်ရေးနှင့်လိုအပ်သော ကျောက်မီးသွေးများ အချိန်မီထုတ်ယူရရှိနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (၅၀၀)

# ၂၀၂၄ -၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများအား ပညာသင်စရိတ်၊ ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများထောက်ပံ့ပေးအပ်




ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ပြည့်စုံလင်း ကျောင်းသားတစ်ဦးအား ပညာသင်စရိတ်၊ ကျောင်းဝတ်စုံနှင့်စာရေးကိရိယာများ ထောက်ပံ့ပေးအပ်စဉ်။




အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက် ကျောင်းသားတစ်ဦးအား စာရေးကိရိယာများထောက်ပံ့ပေးအပ်စဉ်။

နေပြည်တော် အောက်တိုဘာ ၁၄

၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့်ကျောင်းသား၊ ကျောင်းသူများအား ပညာသင်စရိတ်၊ ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၊ တိုင်းရန်အောင်ခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်ပြည့်စုံလင်းနှင့် အရာရှိ စစ်သည်၊ မိသားစုများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ကျောင်းသားမိဘများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့်တာဝန်ရှိသူများက ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် မူလတန်း၊ အလယ်တန်းနှင့် အထက်တန်း တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများအား ပညာသင်စရိတ်၊ ကျောင်းဝတ်စုံနှင့်စာရေးကိရိယာများပေးအပ်ရာ တာဝန်ရှိသူများနှင့် ကျောင်းသား၊ ကျောင်းသူများက လက်ခံရယူကြသည်။

အလားတူ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများအား စာရေးကိရိယာများ ထောက်ပံ့ပေးအပ်ခြင်းကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ ရန်အောင်မြင်ခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက်နှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြပြီး တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် မူလတန်း၊ အလယ်တန်းနှင့် အထက်တန်း တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများအား စာရေးကိရိယာများပေးအပ်ရာ ကျောင်းသား၊ ကျောင်းသူများက လက်ခံရယူကြသည်။

ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)

**အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၄˚c | / | ၃၃.၀˚c |
| ရန်ကုန် | ၂၄˚c | / | ၃၃.၅˚c |
| မန္တလေး | ၂၆˚c | / | ၃၄.၂˚c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# ဆဋ္ဌမအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာဖိုရမ်သို့တက်ရောက်ရန် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော် ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသော ဗုဒ္ဓဘာသာကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ထွက်ခွာ



**ရန်ကုန် အောက်တိုဘာ ၁၄**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ မင်းကျောင်း ပထမပြန်စာသင်တိုက်ဦးစီး ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသအမှူးပြုသော ဆရာတော်ကြီးကိုးပါး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးညွှန့်အောင်နှင့် ဗုဒ္ဓဘာသာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နင်းဘိုမြို့တွင် အောက်တိုဘာလ ၁၅ ရက်မှ ၁၇ ရက်အထိ ကျင်းပမည့် ၂၀၂၄ ခုနှစ် ဆဋ္ဌမအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာဖိုရမ်သို့တက်ရောက်ရန် ယနေ့ညနေ ၃ နာရီ ၁၅ မိနစ်တွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ထွက်ခွာသွားကြသည်။**(သတင်းစဉ်)**

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၆ ဦးတွေ့ရှိ

**နေပြည်တော် အောက်တိုဘာ ၁၄**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ၆-၁၀-၂၀၂၄ ရက် ည ၈ နာရီမှ ၁၃-၁၀-၂၀၂၄ ရက် ည ၈ နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၁၃၁၅၉ ခုအားစစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် ၁၆ ဦးတွေ့ရှိရသည်။ ထို့ကြောင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ သုည ဒသမ ၁၂ ရာခိုင်နှုန်းဖြစ်သည်။ အစီရင်ခံကာလအတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ထိန်းသိမ်းထားသောရေလှောင်တမံနှင့် ရေထိန်းတမံများ ကြံ့ခိုင်မှုကောင်းမွန်လျက်ရှိပြီး စိုးရိမ်ရန်မရှိ

**နေပြည်တော် အောက်တိုဘာ ၁၄**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင်ထိန်းသိမ်းထားသော ရေလှောင်တမံနှင့် ရေထိန်းတမံ စုစုပေါင်း ၁၂ ခုရှိရာ အောက်တိုဘာလ ၁၄ ရက်တွင် ပေါင်းလောင်းရေလှောင်တမံ၌ ၃ ဒသမ ၇၀ ပေ ကန်ရေပြည့်အမှတ်အထက်ကျော်လွန်၍ ရေပိုလွှဲမှရေကျော်စီးဆင်းနေပြီး ယခင်နေ့နှင့်နှိုင်းယှဉ်ပါက ရေကျော်စီးဆင်းမှုအခြေအနေမှာ သုည ဒသမ ၃၃ ပေတိုးလာခြင်းဖြစ်သည်။ ရေပိုလွှဲ၏ ကန်ရေပြည့်ရေမှတ်အထက်တွင် HED ရေတံခါး(၄) ချပ်ထောင်ထားသည်။

အဆိုပါရေလှောင်တမံများ၏ကြံ့ခိုင်မှုအခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး တာဝန်ကျဝန်ထမ်းများအား ၂၄ နာရီ ရေကင်းတာဝန်ချထား၍ အနီးကပ်စောင့်ကြပ်စစ်ဆေးလျက်ရှိကြောင်းနှင့် စိုးရိမ်ရန်မရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်

ရက်စွဲ - ၁၄.၁၀.၂၀၂၄

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်

(၆ : ၀၀) နာရီ

**အကြောင်းအရာ ။ ။ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်လက်အောက်ရှိ ရေလှောင်တမံများ၏ ရေမှတ်များပေးပို့ခြင်း။**

| စဉ် | ရေလှောင်တမံအမည် | ကန်ရေပြည့် | | ကန်ရေသေ | | (၁၄.၁၀.၂၀၂၄)နေ့ရှိ | | | ယနေ့ ထုတ်လွှတ်သည့် ရေပမာဏ (ဧကပေ) | ကန်ရေပြည့်ရန် လိုအပ်သည့် | | ကန်ရေပြည့်ပြီး | | မိုးရေချိန် (လက်မ) | ယခင်နေ့ ရေမှတ် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ရေမှတ် (ပေ) | သိုလှောင်ရေပမာဏ (ဧကပေ) | ရေမှတ် (ပေ) | သိုလှောင်ရေပမာဏ (ဧကပေ) | ဝင်ရေ (ဧကပေ) | ရေမှတ် (ပေ) | သိုလှောင်ပမာဏ (ဧကပေ) | | ရေအနက် (ပေ) | သိုလှောင်ပမာဏ (ဧကပေ) | အမြင့် (ပေ) | ပိုလျှံရေပမာဏ (ဧကပေ) | | |
| ၁ | ပေါင်းလောင်းတမံ | ၆၂၃.၃၉ | ၅၄၉၄၂၀ | ၅၄၁.၃၆ | ၂၇၃၆၆၀ | ၂၄၅၅၅ | ၆၂၇.၀၉ | ၅၆၅၂၇၁ | ၁၃၂၁၄ (လျှပ်စစ်) ထုတ်ရေ) | - | - | ၃.၇၀ | ၉၈၈၆ | - | ၆၂၆.၇၆ |
| ၂ | မဒန်းတမံ | ၆၃၅.၀၀ | ၃၆၅၀၀ | ၅၉၀.၀၀ | ၅၂၀၀ | ၃၉ | ၆၂၆.၀၈ | ၂၇၃၃၂ | - | ၈.၉၂ | ၉၁၆၈ | - | - | - | ၆၂၆.၀၅ |
| ၃ | ချောင်းမငယ်တမံ | ၅၂၀.၀၀ | ၉၁၇၇၀ | ၄၈၀.၀၀ | ၁၅၃၀၀ | ၃၁၂ | ၅၁၉.၀၀ | ၈၉၀၄၀ | ၂၇၂ | ၁.၀၀ | ၂၇၃၀ | - | - | - | ၅၁၉.၀၀ |
| ၄ | ဖောင်းလောင်တမံ | ၅၁၂.၀၀ | ၁၂၂၅၇ | ၄၉၀.၅၀ | ၂၅၄၀ | - | ၅၀၉.၃၅ | ၁၀၃၇၅ | ၇ | ၂.၆၅ | ၁၈၈၂ | - | - | - | ၅၀၉.၄၀ |
| ၅ | ရေဆင်းတမံ | ၄၃၉.၀၀ | ၇၃၀၀၀ | ၃၆၈.၄၀ | ၁၀၄၀ | ၂၂၂ | ၄၃၈.၃၂ | ၇၀၉၆၀ | ၃၃၈ | ၀.၆၈ | ၂၀၄၀ | - | - | - | ၄၃၈.၄၄ |
| ၆ | ငလိုက်တမံ | ၅၃၅.၀၀ | ၇၅၀၀၀ | ၅၀၆.၀၀ | ၁၂၉၅၀ | ၃၆ | ၅၃၄.၉၅ | ၇၄၇၉၉ | - | ၀.၀၅ | ၂၀၁ | - | - | - | ၅၃၄.၉၅ |
| ၇ | သဲဖြူတမံ | ၄၁၈.၀၀ | ၈၇၁၈ | ၃၉၀.၀၀ | ၆၈၇ | ၁ | ၄၁၆.၁၇ | ၇၆၈၅ | ၁၁ | ၁.၈၃ | ၁၀၃၃ | - | - | - | ၄၁၆.၂၁ |
| ၈ | ဆင်သေတမံ | ၇၁၀.၀၀ | ၁၄၃၀၉၀ | ၆၇၄.၀၀ | ၁၇၃၀၃ | ၂၅ | ၇၀၃.၅၉ | ၁၀၇၉၁၈ | ၂ | ၆.၄၁ | ၃၅၁၇၂ | - | - | - | ၇၀၃.၆၀ |
| ၉ | ကင်းသာရေထိန်းတမံ | ၅၅၈.၅၀ | ၇၂ | ၅၄၅.၀၀ | ၈ | | | | | ရေတိုက်စား | | | | - | |
| ၁၀ | မုန်ရေထိန်းတမံ | ၆၀၂.၀၀ | ၅၀၀ | ၅၉၂.၀၀ | ၂၂၅ | ၉၃ | ၆၀၁.၉၀ | ၄၉၅ | ၄၁ | ၀.၁၀ | ၅ | - | - | - | ၆၀၁.၉၀ |
| ၁၁ | မြို့လှတမံ | ၈၇၀.၀၀ | ၁၄၆၀၀ | ၈၅၀.၀၀ | ၄၅၂၀ | ၁၃၂ | ၈၆၃.၉၀ | ၁၀၃၆၆ | ၇၁ | ၆.၁၀ | ၄၂၃၄ | - | - | ၀.၅၄ | ၈၆၃.၈၀ |
| ၁၂ | တောက်ပြိုတမံ | ၆၇၉.၀၀ | ၂၄၉၁ | ၆၅၉.၀၀ | ၄၇၅ | ၁ | ၆၇၄.၀၀ | ၁၈၃၈ | - | ၅.၀၀ | ၆၅၃ | - | - | - | ၆၇၄.၀၀ |

မှတ်ချက် - ပေါင်းလောင်းတမံတွင် HED ရေတံခါးရှက် (၁၀) ချပ်ထောင်ထားပါသည်။

## ကျောက်ဆည်မြို့ ဆင်အကအလှုပြိုင်ပွဲတွင် ပြိုင်ပွဲဝင်ဆင် ၁၀ စီး ပါဝင်ယှဉ်ပြိုင်သွားမည်

**ကျောက်ဆည် အောက်တိုဘာ ၁၄**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဆင်အကအလှုပြိုင်ပွဲကို ရိုးရာအစဉ်အလာမပျက် သီတင်းကျွတ်လဆန်း ၁၄ ရက်တွင် ရွှေသာလျောင်းတောင်ခြေ ဆင်အကအလှုပြိုင်ကွင်း၌ ကျင်းပသွားမည်ဖြစ်သည်။ ယခုနှစ် ဆင်အကအလှုပြိုင်ပွဲ၌ ပြိုင်ပွဲဝင်ဆင် ၁၀ စီးပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး ပြိုင်ပွဲဝင်ဆင်များ အဖွဲ့လိုက်ကြိုတင်လေ့ကျင့်လျက်ရှိကြောင်းသိရသည်။

ဆင်အကအလှုပြိုင်ပွဲတွင် ဘော်ကြယ်ဆင် သုံးစီး၊ ရိုးရာဆင် သုံးစီး၊ ကလေးဆင် နှစ်စီး၊ သဘာဝတီထွင်ဆန်းသစ်မှုဆင်နှစ်စီး စုစုပေါင်း ၁၀ စီး ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး ပွဲတော်ကြီးစည်ကားသိုက်မြိုက်ရေး ဖျော်ဖြေရေး ဆင်အကောင်ရေအစီး ၅၀ တို့ကလည်း မြို့မဈေးကြီးအား သုံးပတ်ပတ်၍ ကပြဖျော်ဖြေမည်ဖြစ်သည်။ ယခုအချိန်တွင် ပြိုင်ပွဲဝင်ဆင်အဖွဲ့များအနေဖြင့် ဆင်အကတိုက်ခြင်း၊ ဆင်အလှုဆင်ခြင်း၊ ပြိုင်ပွဲဝင်သီချင်းများကိုယ်တိုင်ရေးစပ်ခြင်း၊ မြန်မာ့ရိုးရာဒိုးပတ်အဖွဲ့များနှင့် ဇာတ်တိုက်သီဆိုခြင်းများ အပြင် တူညီဝတ်စုံများ ရွေးချယ်ချုပ်လုပ်ခြင်းများ ကြိုတင်ပြုလုပ်လျက်ရှိကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**



## ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ရန်ပုံငွေများထုတ်ချေး

**ထန်းတပင် အောက်တိုဘာ ၁၄**

ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ် ချောင်းဝအုပ်စု ကြို့ကုန်းကျေးရွာ၌ အောက်တိုဘာလ ၁၄ ရက် နံနက်ပိုင်းတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းအသင်းဝင် ရွာသူ၊ ရွာသားများအား ရန်ပုံငွေထုတ်ချေးပေးခြင်းဆောင်ရွက်သည်။

ထိုသို့ ထုတ်ချေးပေးရာတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တဦးစီးမှူး ဦးသက်မြင့်ထွန်းက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ဆောင်ရွက်ရခြင်းရည်ရွယ်ချက်နှင့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှဝန်ထမ်းများက ကြို့ကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၈ ဦးအား ငွေကျပ် ၁၉ ဒသမ ၉ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၃ ဦးအားငွေကျပ် ၁၀ ဒသမ ၁ သန်း စုစုပေါင်း အသင်းသား ၁၁၁ ဦးအတွက် ငွေကျပ်သန်း ၃၀ ကို ထုတ်ချေးပေးကြောင်း သိရသည်။

**ထန်းတပင်ကျေးလက်**

### သဇင် (FM)အသံလွှင့်အစီအစဉ်

၁၅-၁၀-၂၀၂၄(အင်္ဂါနေ့)

၁။ ၀၈:၀၀ နှလုံးသားဝယ်ဘုရားတည်
၂။ ၁၁:၅၀ လှပကျွန်းမာ
၃။ ၁၄:၅၀ Speech On Air
၄။ ၁၆:၀၀ တပ်မတော်စာတိုက်ခန်း
၅။ ၁၇:၀၀ ထင်ရှားကျော်ကြားပုဂ္ဂိုလ်များ
၆။ ၂၀:၂၀ Memory Box

### ငွေရတု ဂုဏ်ပြုကြိုပါသည်

➡ အစဉ်အလာ ထိန်းသိမ်းစို့
ငြိမ်းချမ်းလို့ သာယာစေ။
မြန်မာ့ရိုးရာ ယဉ်ကျေးမှု
ငွေရတုတိုင်ပေ။
ဘိုးဘွားတို့ ပေးအမွေ
လူငယ်တွေ လက်ဆင့်ကမ်း။
ဂီတသဘင် အမွေစစ်ဖို့
နှစ်သက်ရွှင်လန်း။

➡ ဂန္ထဝင် မဟာဂီတ
စည်းစနစ်ကျ သီဆိုမှာ။
အဆွဲအငင် လေယူလေသိမ်း
မယိမ်းမှန်စွာ။
ကာလပေါ်တေး သာသာယာယာ
ခိုင်မာစွာ မပျက်ယွင်း။
အမျိုးဂုဏ် မြင့်မားရေး
အားပေးသီချင်း။

➡ ခေါင်းခါးလက်ခြေ ကကွက်လှ
အချိုးကျ ကြည့်ရှုမြင်။
တိုင်းရင်းသားတွေ ရိုးရာအက
ပြိုင်ကြမည်ပင်။
ရုပ်သေးကြိုးဆွဲလည်း ပါဝင်
အလှတွင် အယဉ်ဆင့်လို့။
စည်းဝါးညီ ကိုယ်ဟန်လှ
ကပြကြစို့။

➡ စာပေနှင့်တေးဂီတ
ခွဲမရတဲ့ အနုပညာ။
တီထွင်ကာ ရေးသားမှု
အစပြုတာ။
အရေးဆိုတဲ့ မြတ်ပညာ
စိတ်ကူးမှာ လက်တွေ့ဖြစ်။
ရသစုံ ပါအောင်ရေး
တေးဂီတသစ်။

➡ အတီးမှာ ပညာရပ်
သေသပ်တဲ့ သူ့လက်သံ။
ထူးခြားစွာ သာလွန်ကဲ
စွဲမြဲအမှန်။
စည်းလုံးတဲ့ ညီညာဟန်
ဉာဏ်ပညာ အရည်အသွေး။
ဖန်တီးကာ တီထွင်မှုနဲ့
အောင်ဆုယူပေး။

➡ မြန်မာ့ရိုးရာ ဆိုတီးအက
မြူးကြလို့ စနစ်မှန်။
ရှေးနည်းဟန် မပျက်ယွင်း
ကောင်းခြင်း ဧကန်။
အရေးမှာလည်း မြန်မာ့မူမှန်
သတ်မှတ်စံ မီစေရေး။
ရိုးရာအမွေ မပျောက်အောင်
စောင့်ရှောက်စို့လေး။

➡ အမျိုးနဲ့ဇာတိဂုဏ် မြင့်မားဖို့
ကြိုးစားလို့ ယှဉ်ပြိုင်ပါ။
ယဉ်ကျေးမှု အမွေအနှစ်
ချစ်ကြသေချာ။
အမျိုးသားရေး လက္ခဏာ
ထိန်းသိမ်းကာ မြှင့်တင်ပေး။
( ၂၅ ) ကြိမ်ငွေရတုမို့
ဂုဏ်ပြုတယ်လေး။

**ဘုန်းမောင်ဝင်း(ဖျာပုံ)**

## ပွင့်ဖြူမြို့နယ်၌ ဖူးစားပြောင်း ၁၂၈၉ ဧက ရိတ်သိမ်းပြီးစီး

**ပွင့်ဖြူ အောက်တိုဘာ ၁၄**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် စိုက်ပျိုးခဲ့သည့် ဖူးစားပြောင်း ၁၂၈၉ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် ဖူးစားပြောင်း ၁၃၁၉ ဧက စိုက်ပျိုးရန် လျာထားပြီး ဇွန်လပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ မြေပြင်စိုက်ပျိုးနိုင်မှု ၂၃၁၆ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ယနေ့တွင် ဖူးစားပြောင်း ၁၂၈၉ ဧက ရိတ်သိမ်းပြီးစီးနေပြီဖြစ်သည်။

"ပွင့်ဖြူမြို့နယ်အတွင်း စားနပ်ရိက္ခာဖူလုံစေရန်အတွက် ဖူးစားပြောင်း ၁၃၁၉ ဧက လျာထားစိုက်ပျိုးခဲ့ရာမှာ မြေပြင်စိုက်ပျိုးနိုင်မှု ၂၃၁၆ ဧက စိုက်ပျိုးပြီးစီးခဲ့ပါတယ်။ ဖူးစားပြောင်းသီးနှံ စိုက်ပျိုးရေးနဲ့ ပတ်သက်ပြီး တောင်သူတွေကို လိုအပ်တဲ့ စိုက်ပျိုးနည်းပညာတွေ၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ဖို့နဲ့ သီးနှံပိုးမွှားရောဂါကြိုတင်ကာကွယ်ရေး နည်းလမ်းတွေကို စိုက်ပျိုးရေးဦးစီးဌာနရှိ တာဝန်ခံကွင်းဝန်ထမ်းများက ကွင်းဆင်းကြီးကြပ်ပြီး ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ပါတယ်။ အထွက်နှုန်းအနေနဲ့က တစ်ဧကကို ပြောင်းဖူးအရေအတွက် ၁၄၃၀၂ ဖူး ထွက်ရှိပါတယ်။ အခုနှစ်မှာ ဖူးစားပြောင်းသီးနှံဈေးကောင်းရရှိတဲ့အတွက် ဒေသခံတောင်သူတွေ လုပ်ငန်းအဆင်ပြေကြပါတယ် "ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေကပြောသည်။



ပွင့်ဖြူမြို့နယ်အတွင်းရှိဒေသခံတောင်သူများသည် စားနပ်ရိက္ခာဖူလုံစေရန်နှင့် သီးနှံဝင်ငွေတိုးပွားစေရေးအတွက် ဖူးစားပြောင်းသီးနှံစိုက်ပျိုးရေးကို နွေ၊ မိုး၊ ဆောင်း တစ်နှစ်ပတ်လုံး စိုက်ပျိုးကြပြီး အဓိကစိုက်ပျိုးသည့် ဖူးစားပြောင်းမျိုးမှာ ရိုးရိုးသကြားပြောင်းနှင့်(အရပ်ခေါ်)ပန်ရွှေသကြားပြောင်းမျိုးကို စိုက်ပျိုးကြကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

# ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ အားကစားကွင်း၊ အားကစားရုံများကို ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ ကြည့်ရှုစစ်ဆေး

ရန်ကုန် အောက်တိုဘာ ၁၄

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံသည် ဧရာဝတီတိုင်းဒေသကြီးလူမှုရေးရာဝန်ကြီး ဦးခင်မောင်ကြည်နှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်ရှိ မိုးလုံလေလုံ အားကစားခန်းမကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများ၏လိုအပ်ချက်များကိုဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကန်ကြီးထောင့်မြို့နယ်ရှိ အားကစားကွင်း မီတာ ၄၀၀ မြေသားလမ်းပါဘောလုံးကွင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းခွင်ကို သွားရောက်ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားသည်။

မွန်းလွဲပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများနှင့်တွေ့ဆုံ၍ ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ လူမှုရေးရာဝန်ကြီး ဦးခင်မောင်ကြည်နှင့်



တာဝန်ရှိသူများသည် အားကစားနှင့်ကာယပညာသိပ္ပံ ကျောင်းတည်ဆောက်ခြင်း၏ အဝင်မုခ်ဦး၊ အုတ်တံတိုင်း၊ ခြံစည်းရိုး၊ ပေ ၁၃၀၀ x ၇ ပေ နှင့် ၅၇၃၉ ပေ x ၇ ပေ ကာရံခြင်း၊ မိုးလုံလေလုံ အားကစားရုံပေ ၁၂၀xပေ ၉၀တည်ဆောက်နေသည့်လုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေး၍ အရည်အသွေးပြည့်မီပြီး သတ်မှတ်အချိန်ကာလအတွင်း ပြီးစီးအောင်ဆောင်ရွက်ရန်နှင့် လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

(၅၀၀)

# (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား တက်ရောက်လာကြသူများ၏ရင်တွင်းစကားသံများ

လင်းကြည်လင်း၊ လဲ့ရည်လှိုင်

(၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ကျင်းပရာ အခမ်းအနား တက်ရောက်လာကြသူများ၏ စကားသံများကိုဖော်ပြလိုက်ရပါသည်-

**မြင်းမူမောင်နိုင်မိုး ကွက်စိပ်ပြိုင်ပွဲ (အဖွဲ့ခေါင်းဆောင်)၊ အရေးပြိုင်ပွဲ (အကဲဖြတ်ပညာရှင်)**



မြင်းမူမောင်နိုင်မိုး



ဒေါ်နွဲ့နွဲ့စန်း



ဒုတိယပါမောက္ခချုပ်
ဒေါက်တာအောင်နေမျိုး



မသွန်းနေခြည်ဝင်း

ကျွန်တော်တာဝန်ယူရတဲ့အပိုင်းကတော့ ကွက်စိပ်ပြိုင်ပွဲမှာအဖွဲ့ခေါင်းဆောင်အဖြစ်ဆောင်ရွက်ပြီး အရေးပြိုင်ပွဲမှာ ဒိုင်အဖွဲ့ဝင်အဖြစ်ဆောင်ရွက်ရပါတယ်။ ကျွန်တော်က ၂၀၀၆ ခုနှစ် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲမှာပါဝင်ဆောင်ရွက်လုပ်ကိုင်လာတာ အခုဆိုရင် ၁၈ နှစ်ရှိပြီဖြစ်ပါတယ်။ ယခုပြိုင်ပွဲမှာ အကဲဖြတ်ဒိုင် ၁၈၀ ကျော်ပါဝင်ပါတယ်။ နိုင်ငံတော်ဝန်ကြီးချုပ်ရဲ့မိန့်ခွန်းမှာလည်း နှစ်စဉ်နှစ်တိုင်း အမျိုးသားရေးစိတ်ဓာတ်တည်တံ့ခိုင်မြဲဖို့အတွက် အနုပညာနည်းလမ်းဖြင့် မြှင့်တင်ရမယ်ဆိုတဲ့အကြောင်းကို အနှစ်သာရအားဖြင့် ကျွန်တော်တို့ခံယူရရှိပါတယ်။ ဒါ့အပြင် ဗုဒ္ဓဝင်ဇာတ်တော်တွေ၊ အင်မတန်ခက်ခဲနက်နဲတဲ့ မြတ်စွာဘုရားဟောကြားခဲ့တဲ့ နိပါတ်တော်တွေကိုပြန်ပြီး ဇာတ်တော်ကြီးအားနဲ့၊ ကွက်စိပ်အား၊ သဘင်ပညာအားနဲ့ ပြန်လည်ပြီးတော့ ပြည်သူလူထုရင်ထဲမှာ ခမ္မနဲ့အခမ္မ ယှဉ်ပြိုင်တဲ့အခါ ခမ္မကအနိုင်ရရှိစေလိုတဲ့ စိတ်ဓာတ်မွေးမြူနိုင်ရေးအတွက်ကျွန်တော်တို့အနုပညာဂုဏ်ကို မြှင့်တင်ပေးရမယ်ဆိုတဲ့သဘော ပြောကြားသွားတာကို မှတ်သားပြုမိပါတယ်။ တိုင်းရင်းသားပေါင်းစုံသံစုံတီးဝိုင်း ဒီနှစ်မှာထူးထူးခြားခြားပါဝင်လာတာ အင်မတန်မှ အနှစ်သာရရှိတဲ့သံစုံတီးဝိုင်းဖြစ်ပါတယ်။ တိုင်းရင်းသားပေါင်း ၄၀ ကျော်ပါဝင်ပြီး မိမိတို့ရဲ့တစ်မျိုးချင်းစီရဲ့ရှိတဲ့တီးဟန်အစားအားလုံးပေါင်းစပ်တီးခတ်လိုက်တဲ့အခါမှာ တိုင်းရင်းသားသံစုံတီးဝိုင်းကြီး ဘယ်လောက်ကျက်သရေမင်္ဂလာရှိတယ်ဆိုတာ ခံ့ညားတယ်ဆိုတာ ပြသသွားတာဖြစ်ပါတယ်။ ဒီအဖွဲ့တွေကိုလည်း နိုင်ငံတော်အကြီးအကဲက ဆုငွေချီးမြှင့်ထားပါတယ်။ ဒိုင်တွေနဲ့ ပြိုင်ပွဲဝင်တွေ ဦးတည်ရမှာကတော့ အနုပညာကိုပဲဦးတည်ပြီး ဒိုင်တွေကလည်း ဥပဒေရေး၊ အဂတိလိုက်စားမှု၊ ဘက်မလိုက်ဘဲချီးမြှင့်နိုင်တဲ့သူကိုချီးမြှင့်ပြီးတော့ကြိုးစားဆောင်ရွက်ခြင်းဖြင့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ငွေရတုမက၊ ရွှေရတုမက၊ စိန်ရတုတိုင်အောင် ဆက်လက်တည်မြဲခိုင်မြဲသွားလိမ့်မယ်လို့ ယုံကြည်ပါတယ်။

**ဒေါ်နွဲ့နွဲ့စန်း(အက) အကဲဖြတ်ပညာရှင်**

အမေက (၂၅) ကြိမ်မြောက် ငွေရတု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲမှာ အကဒိုင်အကဲဖြတ်အဖြစ် တာဝန်ယူထားရပါတယ်။ ဆိုကရေးတီးပြိုင်ပွဲစတင်ကျင်းပကတည်းက အခုငွေရတုအထိပါ အမေပါဝင်ဆောင်ရွက်ခဲ့တာဖြစ်တယ်။ နိုင်ငံတော်အစိုးရကနေ ဆိုကရေးတီးပြိုင်ပွဲကို ကျင်းပပေးတာ ကျေးဇူးတင်ပါတယ်။ ဒီနေ့ပွဲမှာ ထူးခြားတာကတိုင်းရင်းသားပေါင်းစုံသံစုံတီးဝိုင်းကြီးတီးခတ်တာ အမေကိုယ်တိုင်ပါဝင်တီးခတ်နေသလို ခံစားရတယ်။ ကြည့်ပြီးစိတ်ထဲကြည်နူးခံစားမိတယ်။ အားလုံးလည်းခံစားမိမယ်ထင်ပါတယ်။ ဒီနှစ်မှာ ချင်းအကထူးခြားမှုရှိတယ်လို့သိရတယ်။ ချင်းရဲ့နက်နဲတဲ့အကကို မွန်ကသိတယ်။ မွန်ရဲ့သိမ်မွေ့နူးညံ့တာကို ချင်းကသိတယ်။ လူမျိုးတစ်မျိုးရဲ့အကတွေကို တန်ဖိုးထားလာတာကိုတွေ့ရတယ်။ နိုင်ငံတော်သီချင်းတီးလုံးကိုလည်း အမြဲတီးဖို့တိုက်တွန်းချင်တယ်။ နိုင်ငံခြားကလာတဲ့ဧည့်သည်တွေကိုလည်းနိုင်ငံတော်သီချင်းနဲ့ ဧည့်ခံဖျော်ဖြေသင့်ပါတယ်။ ဒိုင်တွေကလည်း သဘောမနော၊ ဝါသနာ၊ အနစ်နာခံတဲ့အတွက်ဘာမှပြောစရာမလိုပါဘူး။ တိုင်းရင်းသားတွေလာပြိုင်တာကလည်း သူတို့က တိုင်းရင်းသားဖြစ်ပေမယ့် မြန်မာ့ရိုးရာယဉ်ကျေးမှုကို တန်ဖိုးထားမြတ်နိုးတတ်လာတာက နိုင်ငံတော်ရဲ့ကျေးဇူးပါ။ မျိုးဆက်သစ်လူငယ်တွေ ပိုမိုပါဝင်ယှဉ်ပြိုင်လာတဲ့အပေါ်မှာလည်း ကျေနပ်အားရမိပါတယ်။ ဒီနေ့ဆိုကရေးတီးပြိုင်ပွဲကြီးက အဓိပ္ပာယ်ရှိသောအရာ၊ တန်ဖိုးရှိသောအရာလို့ အမေပြောချင်ပါတယ်။

**ဒုတိယပါမောက္ခချုပ် ဒေါက်တာအောင်နေမျိုး(ရှမ်းပြည်နယ်) အဆို၊ အက၊ အရေး၊ အတီး အဖွဲ့ခေါင်းဆောင်**

ကျွန်တော်ကတော့ တောင်ကြီးတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာအောင်နေမျိုး( ရှမ်းပြည်နယ် ) အဆို၊ အက၊ အရေး၊ အတီး အဖွဲ့ခေါင်းဆောင်ဖြစ်ပါတယ်။ ကျွန်တော်တို့အဖွဲ့မှာ ပြိုင်ပွဲဝင် ၁၃၅ ယောက်ပါဝင်ပါတယ်။ ဇာတ်သဘင်၊ ရုပ်စုံ၊ ကွက်စိပ်တို့ကလွဲရင် ကျန်တဲ့ဘာသာရပ်တွေယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။ တိုင်းရင်းသားရိုးရာတူရိယာထပ်တိုးတဲ့အတွက် ဒီနှစ်မှာ လူအင်အားထပ်တိုးပါတယ်။ ပြိုင်ပွဲဝင်ကလေးအားလုံးကလည်း ကြိုးစားတဲ့အတွက် ဆုရဖို့မျှော်မှန်းထားပါတယ်။ ကျွန်တော်ကိုယ်တိုင်လည်း ဝါသနာပါတဲ့အတွက် ဆိုကရေးတီးပြိုင်ပွဲမှာ ၁၉၉၃ ခုနှစ်ကတည်းက အခုငွေရတုရောက်တဲ့ပြိုင်ပွဲအထိ ကျွန်တော်ပါဝင်ဆောင်ရွက်ခဲ့ပါတယ်။ ယခုလိုမျိုးဆိုကရေးတီးပြိုင်ပွဲကို နိုင်ငံတော်အစိုးရက ကျင်းပပေးတဲ့အတွက် အတိုင်းမသိဝမ်းသာမိပါတယ်။ အဖွဲ့ဝင်တွေတည်းခိုနေထိုင်ရေးမှာလည်း အဆင်ပြေပါတယ်။ အားလုံးကိုလည်း ကျေးဇူးတင်ပါတယ်။

**မသွန်းနေခြည်ဝင်း(ရှမ်းပြည်နယ် ကိုယ်စားပြု အကပြိုင်ပွဲဝင်)**

ကျွန်မက ရှမ်းပြည်နယ်ကိုယ်စားပြုအဖွဲ့က မသွန်းနေခြည်ဝင်းဖြစ်ပါတယ်။ ဒီနှစ်မှ ပထမဆုံး ချင်းတိုင်းရင်းသားရိုးရာအကနဲ့ ဝင်ရောက်ယှဉ်ပြိုင်မှာဖြစ်ပါတယ်။ ဆိုကရေးတီးပြိုင်ပွဲကြီးမှာ ယဉ်ကျေးမှုအမွေအနှစ်တွေကိုလည်း တစုတစည်းတည်းတွေ့ရပြီး ရိုးရာယဉ်ကျေးမှုအမွေအနှစ်တွေ ထိန်းသိမ်းတတ်လာအောင် ဆိုကရေးတီးပြိုင်ပွဲကြီးကျင်းပတာ ကောင်းပါတယ်။ ကျွန်မတို့အနေနဲ့ ဒီလိုယှဉ်ပြိုင်ရတာ တာဝန်ကြီးပါတယ်။ သူတို့ဖော်ကျူးချင်တဲ့ ခံစားချက်၊ သူတို့ရဲ့ရိုးရာယဉ်ကျေးမှုကိုမပျောက်အောင် ကျွန်မတို့ကထိန်းသိမ်းပြီးတော့ ကရမယ့်တာဝန်တွေရှိပါတယ်။ ချင်းလူမျိုးတွေရဲ့အက သူတို့ရဲ့ကျေးလက်နေလူနေမှုဘဝတွေကိုဖော်ကျူးထားတယ်၊ တက်တက်ကြွကြွပျော်ပျော်ရွှင်ရွှင်ကရတဲ့အတွက် ကျွန်မတို့က သေချာလေ့ကျင့်ထားပါတယ်။ ဖွင့်ပွဲအခမ်းအနားမှာ တီးခတ်သွားတဲ့ တိုင်းရင်းသားပေါင်းစုံသံစုံတီးဝိုင်းတီးခတ်တာ အလွန်အံ့သြဖွယ်ကောင်းပါတယ်။ ဒီလိုမျိုးတူရိယာတွေကို တစုတစည်းတည်းပေါင်းစပ်တီးခတ်တယ်ဆိုတာမလွယ်ကူတဲ့ကိစ္စပါ။ တီးလုံးတီးကွက်ကောင်း ကောင်းတစ်ပုဒ်တီးခတ်နိုင်တာ တော်တော်အံ့သြဖို့ကောင်းပါတယ်။ နိုင်ငံတော်ဝန်ကြီးချုပ်ပြောသွားတဲ့ မိန့်ခွန်းထဲမှာ တိုင်းရင်းသားတွေမှာရှိတဲ့ ရိုးရာယဉ်ကျေးမှုကိုမပျက်အောင် ထိန်းသိမ်းရမယ်။ ရိုးရာယဉ်ကျေးမှုတွေကို မပျောက်ပျက်အောင် ဆက်လက်တည်တံ့ပြီးထိန်းသိမ်းရမယ်ဆိုတဲ့တာဝန်ကလည်း ကျွန်မတို့အပေါ်မှာပဲတာဝန်ရှိတယ်။ ကျွန်မတို့ထိန်းသိမ်းမှသာ ကျွန်မတို့ရိုးရာယဉ်ကျေးမှုအမွေအနှစ်တွေက ဆက်လက်တည်ရှိနေမယ်ဆိုတဲ့စကားကိုတော့ မှတ်သားမိပါတယ်ရှင့်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် ပြည်ထောင်စုဖွား တိုင်းရင်းသားတို့၏ တိုင်းရင်းသား တူရိယာရိုးရာ သံစုံတေးဂီတအဖွဲ့မှ တိုင်းရင်းသား ဂီတပညာရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

❖ မိမိတို့မြန်မာနိုင်ငံသည် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း ဟူသည့် မျိုးနွယ်စုကြီးများ အတူတကွ ပေါင်းစည်းထားသည့် မြန်မာနိုင်ငံ၊ မြန်မာလူမျိုး၊ မြန်မာယဉ်ကျေးမှုဟူ၍ ဘုံသဘောဆောင်သည့် အမျိုးသားရေးစရိုက်လက္ခဏာကို လက်ခံကျင့်သုံးသည့် ပြည်ထောင်စုအဖြစ် စည်းလုံးညီညွတ်စွာ နေထိုင်လျက်ရှိ . . .

❖ ထို့ကြောင့်လည်း မြန်မာတိုင်းရင်းသားများ၏သုခုမအနုပညာကို လေ့လာကြည့်မည်ဆိုပါက တူရိယာပစ္စည်းများ မည်သို့ပင်ကွဲပြားခြားနားစေကာမူ "ကြေး၊ ကြိုး၊ သားရေ၊ လေ၊ လက်ခုပ်"ဆိုသည့် မြန်မာတို့၏တူရိယာငါးပါးအခြေခံတွင် တစုတစည်းတည်း တူညီစွာပါဝင်လျက်ရှိနေသည်ကို တွေ့ကြရမည် . . .

☆ စာမျက်နှာ ၁၇ မှအဆက်

အမျိုးသားရေးစရိုက်လက္ခဏာကို လက်ခံကျင့်သုံးသည့်ပြည်ထောင်စုအဖြစ် စည်းလုံးညီညွတ်စွာ နေထိုင်လျက်ရှိကြကြောင်း၊ ထို့ကြောင့်လည်း မြန်မာတိုင်းရင်းသားများ၏သုခုမအနုပညာကို လေ့လာကြည့်မည်ဆိုပါက တူရိယာပစ္စည်းများ မည်သို့ပင်ကွဲပြားခြားနားစေကာမူ "ကြေး၊ ကြိုး၊သားရေ၊လေ၊ လက်ခုပ်"ဆိုသည့် မြန်မာတို့၏တူရိယာငါးပါးအခြေခံတွင် တစုတစည်းတည်း တူညီစွာပါဝင်လျက်ရှိနေသည်ကို တွေ့ကြရမည်ဖြစ်ကြောင်း။

အလားတူ တိုင်းရင်းသားအကများနှင့် ပတ်သက်ပြီး ကွဲပြားခြားနားသကဲ့သို့ ရှိသော်လည်း **"စည်းနှင့်ဝါး"**ကို အခြေခံသည့် **"ခေါင်း၊ ခါး၊ ခြေ၊ လက်"** အစရှိသည့် ခန္ဓာကိုယ်အစိတ်အပိုင်းများကို လှုပ်ရှားကပြကြခြင်းသာဖြစ်ခြင်းကြောင့် မြန်မာနိုင်ငံသားအားလုံးတို့၏ အကများသည် တူညီသည့်အခြေခံအတွင်း၌ပင် ဆင့်ပွားတည်ရှိနေသည်ကို တွေ့မြင်ကြရမည်ဖြစ်ကြောင်း။

ထို့ကြောင့် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးများတွင် ယဉ်ကျေးမှုဖလှယ်သည့်အနေဖြင့် ပြည်နယ်အသီးသီး၏ရိုးရာအကများကို နှစ်စဉ်မဲနှိုက်စေပြီး မဲကျရာ တိုင်းရင်းသားရိုးရာအကကို တိုင်းဒေသကြီးနှင့် ပြည်နယ်များက အနုပညာရှင်များအနေဖြင့် အတူတကွပူးပေါင်းပါဝင်ယှဉ်ပြိုင်ကြသည်ကို တွေ့မြင်ကြရမည်ဖြစ်ကြောင်း၊ ထိုသို့ဖလှယ်ကြခြင်းအားဖြင့် တစ်ဦး၏ယဉ်ကျေးမှုကို တစ်ဦးက သိရှိနားလည်လာပြီး တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှုပိုမိုတိုးပွားစေရုံသာမက တိုင်းရင်းသားရိုးရာအနုပညာရပ်များ ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်နိုင်ရေးအတွက်လည်း များစွာအထောက်အကူပြုနိုင်လိမ့်မည်ဟု ယုံကြည်ကြောင်း။

ထို့ပြင် ယခုနှစ် ငွေရတုပြိုင်ပွဲကြီး၏ ဖွင့်ပွဲအခမ်းအနားတွင် တိုင်းရင်းသားများ၏ ရိုးရာတူရိယာများနှင့် စုပေါင်းတီးခတ်ထားသည့်တေးဂီတများဖြင့် ဖျော်ဖြေတင်ဆက်ကြခြင်းအပြင် ထူးခြားသောဝိသေသဖြစ်သည့် ပြည်နယ်များ၏ တိုင်းရင်းသားရိုးရာတေးဂီတများနှင့် ဂုဏ်ပြုဖျော်ဖြေနိုင်ခြင်းသည်လည်း ပြည်ထောင်စုဖွား မြန်မာတိုင်းရင်းသားအားလုံး၏ ရိုးရာအနုပညာအမွေအနှစ်တန်ဖိုးများကို ဖော်ထုတ်ပြသနိုင်ရုံသာမကဘဲ သွေးစည်းညီညွတ်မှုကိုပါ အနုပညာဖြင့် သက်သေပြုတင်ဆက်ပြသခြင်းပင်ဖြစ်ကြောင်း။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ ဖျော်ဖြေတင်ဆက်ခဲ့ကြသည့်ပြည်ထောင်စုဖွားတိုင်းရင်းသားတို့၏တိုင်းရင်းသားတူရိယာရိုးရာသံစုံတေးဂီတအဖွဲ့မှ တိုင်းရင်းသားဂီတပညာရှင်များအား ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်စဉ်။

ခေတ်အဆက်ဆက် ထွန်းကားလာခဲ့သည့် မြန်မာ့ယဉ်ကျေးမှုအနုပညာရပ်များသည် မြန်မာနိုင်ငံ သူ့ကျွန်ဘဝရောက်ခဲ့ရပြီးနောက် ကိုလိုနီနယ်ချဲ့တို့၏ဖိနှိပ်ချုပ်ချယ်မှုများကိုခံခဲ့ရကြောင်း၊ **စာမျက်နှာ ၁၂ သို့** ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က အကဲဖြတ်ပညာရှင်များကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က အကဲဖြတ်ပညာရှင်များကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။

★ **စာမျက်နှာ ၁၁ မှအဆက်**

သို့သော် မြန်မာအနုပညာရှင်များအနေဖြင့် ကိုလိုနီနယ်ချဲ့များ၏ ဖိနှိပ်မှုများကို ကြံ့ကြံ့ခံတွန်းလှန်ပြီး အမျိုးသားရေးစိတ်ဓာတ်အပြည့်ဖြင့် ကြိုးပမ်းထိန်းသိမ်းလာခဲ့ကြသည့်အတွက် ယနေ့အထိမြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များသည် မြန်မာ့ရိုးရာသွင်ပြင်ဟန်ပန်အတိုင်း ရှေးမူမပျက် ဆက်လက်ဖြစ်ထွန်းနေသည်ကို ဂုဏ်ယူဝင့်ကြွားဖွယ်တွေ့မြင်ကြရမည်ဖြစ်ကြောင်း။

ရဟန်းစာဆိုများအပါအဝင် လူပညာရှိ၊ ရဟန်းပညာရှိများသည် မြတ်ဗုဒ္ဓ၏ ဖြစ်တော်စဉ်များဖြစ်သည့် (၅၅၀)နိပါတ်တော်နှင့်ဇာတ်ကြီးဆယ်ဘွဲ့တို့ကို ပုံပြင်လိုတစ်မျိုး၊ ပျို့ကဗျာလင်္ကာစာပေလိုတစ်နည်း၊ စာဟောကွက်စိပ် ဇာတ်သဘင်လိုတစ်ဖုံ၊ နည်းလမ်းမျိုးစုံဖြင့် ဖန်တီးဖွဲ့ဆိုပြီး အရွယ်သုံးပါးစလုံးအတွက် လိုက်ဖက်သည့် နည်းလမ်းရွေးချယ်ခံစားနိုင်စေရန် စီမံထားရစ်ခဲ့ကြကြောင်း။

ယခုနှစ်ပြိုင်ပွဲ၏မဟာဇနကဇာတ်တော်ကြီး ကပြတင်ဆက်မှုများတွင် **“မဟာဇနက”** ဇာတ်တော်ကြီးမှပေးလာသည့်သင်ခန်းစာဖြစ်သည့်ယောက်ျားကောင်း၊ ယောက်ျားမြတ်တို့၏မဆုတ်မနစ်သော ဇွဲ၊ လုံ့လ၊ ဝီရိယနှင့် မြင့်မားခိုင်ကျည်သည့်စိတ်ဓာတ်တို့ဖြင့် မှန်ကန်စွာအားထုတ်ကြိုးပမ်းမည်ဆိုပါက မည်သို့ပင် အခက်အခဲအဟန့်အတားများ ကြုံတွေ့ရပါစေ၊ ကျော်လွှားအောင်နိုင်ပြီး မိမိတို့မျှော်မှန်းသည့်ရည်မှန်းချက်ပန်းတိုင်ကို ရောက်ရှိရစမြဲဖြစ်သည်ဆိုသည့်သင်ခန်းစာကို ပိုင်ပိုင်နိုင်နိုင် သရုပ်ဖော်သွားနိုင်ကြလိမ့်မည်ဟု ယုံကြည်ကြောင်း။

အလားတူ ပညာရှင်အဆင့် ရုပ်သေးပြိုင်ပွဲ၌ ကပြယှဉ်ပြိုင်မည့် **“ဝေဿန္တရာ”** ဇာတ်တော်ကြီးတွင်လည်း ပရမတ္ထပါရမီ၏ သဘောသဘာဝဖြစ်သည့် ပါရမီဖြည့်ဖက်ပုဂ္ဂိုလ်မြတ်တို့၏ ကျင့်ကြံပွားများရသည့် သီလကုသိုလ်အကျိုးနှင့် ခမ္မနှင့်အခမ္မအားပြိုင်မှုတို့ကို ပေါ်လွင်အောင် ညွှန်းဖွဲ့တင်ဆက်နိုင်ကြလိမ့်မည်ဟုလည်း မျှော်လင့်ကြောင်း။

အနုပညာရှင်များအားလုံးကို မေတ္တာရပ်ခံမှာကြားလိုသည်မှာ နှစ်ပေါင်းထောင်ချီ ခမ်းနားထည်ဝါစွာ ဖွံ့ဖြိုးစည်ပင်ခဲ့သည့် မြန်မာလူမျိုးတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်အနုပညာနှင့် ကိုယ်ပိုင်အမျိုးသားရေးစရိုက်လက္ခဏာများ တင့်တင့်တယ်တယ် ဆက်လက်ရှင်သန်ဖြစ်ထွန်းနေရစေရေး အနုပညာစွမ်းပကားနှင့် စွမ်းဆောင်ပေးကြရန်၊ မြန်မာလူမျိုးတို့၏ သမိုင်းကြောင်း ခိုင်မာနက်ရှိုင်းမှုနှင့် ယဉ်ကျေးမှုအဆင့်အတန်း ဝင့်ထည်မြင့်မားမှုတို့ကို ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲနေအောင် အနုပညာစွမ်းပကားဖြင့် စွမ်းဆောင်ပေးကြရန်၊ မျိုးဆက်သစ်လူငယ်များကို အမျိုးသားရေးစိတ်ဓာတ် ကိုယ်ခံအားပြည့်ဝခိုင်မာအောင် အနုပညာစွမ်းပကားဖြင့် စွမ်းဆောင်ပေးကြရန် တိုက်တွန်းပြောကြားလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က ပြိုင်ပွဲကျင်းပရန် စီစဉ်ဆောင်ရွက်ထားရှိမှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များသည် အကဲဖြတ်ပညာရှင်များကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် ပြည်ထောင်စုဖွား တိုင်းရင်းသားတို့၏ တိုင်းရင်းသားတူရိယာရိုးရာသံစုံတေးဂီတအဖွဲ့မှ တိုင်းရင်းသားဂီတပညာရှင်များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်၍ ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့သည်။

(၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊ တိုင်းရင်းသားတို့၏ရိုးရာယဉ်ကျေးမှုအနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများမပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့် ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှုအခန်းကဏ္ဍမှ တစ်တပ်တစ်အားပူးပေါင်းပါဝင်ဆောင်ရွက်ရေး စသည့်ဦးတည်ချက် (၄)ရပ်ဖြင့်ကျင်းပခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

# Gavi SEARO WPRO Constituency Meeting သို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း Video Conferencing စနစ်ဖြင့် တက်ရောက်ဆွေးနွေးပြောကြား

**နေပြည်တော် အောက်တိုဘာ ၁၄**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် ယနေ့ညနေပိုင်းတွင် အင်ဒိုနီးရှားနိုင်ငံ ကျန်းမာရေးဝန်ကြီး H.E Budi Gunadi Sadikin ဦးဆောင်၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ အရှေ့တောင်အာရှဒေသ (SEARO) နှင့် အနောက်ပစိဖိတ်ဒေသဆိုင်ရာအဖွဲ့ (WPRO)၊ အဖွဲ့ဝင်နိုင်ငံများမှ ကျန်းမာရေးဝန်ကြီးများနှင့်အတူ Global Alliance for Vaccine Initiatives (Gavi) အဖွဲ့၏ (၂၀၂၆-၂၀၃၀) ခုနှစ်များတွင်ဆောင်ရွက်မည့် ကာကွယ်ဆေးထိုးလုပ်ငန်းအစီအစဉ်များနှင့်ပတ်သက်သည့်ဆွေးနွေးပွဲအား တက်ရောက်ဆွေးနွေးကြသည်။

အစီအစဉ်အရ အင်ဒိုနီးရှားနိုင်ငံ ကျန်းမာရေးဝန်ကြီး H.E Budi Gunadi Sadikin နှင့် Gavi အဖွဲ့မှ Chief Country Delivery Officer, Mr. Thabani Maphosa တို့ကအဖွင့်အမှာစကားပြောကြားပြီး Gavi အဖွဲ့မှတာဝန်ရှိသူများက (၂၀၂၆-၂၀၃၀) ငါးနှစ်တာကာလ ကာကွယ်ဆေးထိုးလုပ်ငန်း မဟာဗျူဟာစီမံကိန်း၏ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များအား အစည်းအဝေးတက်ရောက်လာသည့် ကျန်းမာရေးဝန်ကြီးများထံ တင်ပြဆွေးနွေးကြသည်။



အစည်းအဝေးတွင်ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက Gavi အဖွဲ့၏ (၂၀၂၆-၂၀၃၀) ငါးနှစ် မဟာဗျူဟာစီမံကိန်းတွင် မြန်မာနိုင်ငံမှတက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ကာကွယ်ဆေး ၁၃ မျိုးကို တစ်နိုင်ငံလုံးရှိ ကလေးငယ်များကို ထိုးနှံပေးလျက်ရှိရာ ကာကွယ်ဆေးအမျိုးအစားရှစ်မျိုးကို နိုင်ငံတော်ဘတ်ဂျက်မှ ထောက်ပံ့ပေးလျက်ရှိပြီး ကာကွယ်ဆေးအမျိုးအစားခြောက်မျိုးကို Gavi မှထောက်ပံ့ပေးလျက်ရှိကြောင်း၊ သားအိမ်ခေါင်းကင်ဆာကာကွယ်ဆေးထိုးခြင်းကိုလည်း အသက် ၉ နှစ်မှ ၁၀ နှစ်ကြား မိန်းကလေးများတွင် ကာကွယ်ဆေးလွှမ်းခြုံမှု ၈၈ ရာခိုင်နှုန်းရရှိအောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့်လည်း နှစ်စဉ်အမျိုးသားကာကွယ်ဆေးထိုးလုပ်ငန်းများအတွက် နိုင်ငံခြားငွေအမြောက်အမြားကျခံသုံးစွဲပေးလျက်ရှိပြီး Gavi အဖွဲ့အနေဖြင့် နည်းပညာပိုင်းဆိုင်ရာ အထောက်အပံ့များဆက်လက်ပေးစေလိုကြောင်း၊ ကျန်းမာရေးသတင်းအချက်အလက်များအသုံးပြု၍ ကာကွယ်ဆေးထိုးလုပ်ငန်းများအား တစ်နိုင်ငံလုံးလွှမ်းခြုံမှုပိုမိုမြင့်မားစေရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဆွေးနွေးပြောကြားပြီး ပါဝင်တက်ရောက်ခဲ့သည့်ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ အရှေ့တောင်အာရှဒေသနှင့် အနောက်ပစိဖိတ်ဒေသဆိုင်ရာအဖွဲ့များ၏ အဖွဲ့ဝင်နိုင်ငံများဖြစ်သည့် အင်ဒိုနီးရှားနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ လာအိုနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ သီရိလင်္ကာနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံအစရှိသည့်နိုင်ငံတို့မှ ကျန်းမာရေးဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများကလည်း ၎င်းတို့အမြင်များ၊ အကြံပြုသုံးသပ်ချက်များအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးပြောကြားသည်။ **(သတင်းစဉ်)**

# စုပေါင်းညီညွတ်ခြင်းအားဖြင့် လိုအပ်နေသောကွက်လပ်များ ဖြည့်ဆည်းပါ

**❑ မိမိကိုယ်တိုင်၊ မိမိရဲ့မိသားစု၊ မိမိအဖွဲ့အစည်းနဲ့ မိမိနိုင်ငံအတွက် ကောင်းမွန်တိုးတက်စေသည်များ ဆောင်ရွက်ရန်၊ ဥပဒေစည်းမျဉ်းစည်းကမ်းများလိုက်နာရန်၊ အခွန်ပေးဆောင်ရန်၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေးဖွံ့ဖြိုးတိုးတက်စေသော လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ရန်၊ မဲပေးရန်၊ လူမှုဆက်ဆံရေးစည်းကမ်းများလိုက်နာရန်၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရန်နှင့် လိုအပ်ပါက နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတွင် ပါဝင်ထမ်းရွက်ရန် စသည့်နိုင်ငံသားတာဝန်များကို နိုင်ငံသားတိုင်း သိရှိလိုက်နာကြဖို့ လိုအပ် . . .**

ခန့်ဇော်(ကျေးလက်)

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနဲ့ Social Policy and Poverty Research Group တို့ ပူးပေါင်းဆောင်ရွက်ခဲ့တဲ့စစ်တမ်းအရ ဆင်းရဲတဲ့ပြည်သူတွေ၊ လုပ်ကွက်ငယ်တောင်သူတွေဟာ ငွေကြေးအရင်းအနှီးလိုအပ်ကြောင်း၊ နည်းပညာလိုအပ်ကြောင်း တွေ့ရှိရပါတယ်။ အခြားစစ်တမ်းတွေမှာလည်း ဒီလိုပဲတွေ့ရတဲ့အတွက် လက်ရှိနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရ လက်ထက်မှာ သွင်းအားစုများထောက်ပံ့ပေးသည့်နိုင်ငံ့စီးပွားမြှင့်တင်ရေးစီမံကိန်းတွေကို ဆောင်ရွက်ပေးနေတာဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ စိုက်ပျိုးရေး၊ မွေးမြူရေးကို အခြေခံတဲ့နိုင်ငံဖြစ်လို့ စိုက်ပျိုးရေးကဏ္ဍ၊ မွေးမြူရေးကဏ္ဍမှာ တောင်သူများရဲ့လိုအပ်ချက်ကိုသိရှိပြီး ဖြည့်ဆည်းပေးနိုင်ဖို့ အလွန်အရေးကြီးပါတယ်။

**တောင်သူများရဲ့ လိုအပ်ချက်**

တကယ်တော့ တန်ဖိုးကွင်းဆက်တစ်လျှောက် ပါဝင်သူအားလုံးဟာ အရေးကြီးပါတယ်။ အခြေခံအကျဆုံး စိုက်ပျိုးထုတ်လုပ်သူများဟာ တောင်သူများဖြစ်ကြပါတယ်။ အထွက်တိုးဖို့ တောင်သူများအတွက် မျိုးကောင်းမျိုးသန့်ရဖို့လိုအပ်ပါတယ်။ သွင်းအားစု မြေဩဇာလိုအပ်ပါတယ်။ နည်းပညာတွေ လိုအပ်ပါတယ်။ ထွန်ယက်ခြင်း၊ စိုက်ပျိုးခြင်း၊ ရိတ်သိမ်းခြင်းတို့ကို သမားရိုးကျစနစ်မှ နည်းပညာအသုံးပြုခြင်း၊ စက်မှုလယ်ယာစနစ်အသုံးပြု၍ စိုက်ပျိုးခြင်း၊ ထွန်ယက်ခြင်း၊ ရိတ်သိမ်းခြင်းတို့ကို ဆောင်ရွက်နိုင်မှ အချိန်ကုန်သက်သာပြီး နည်းစနစ်မှန်မှန်၊ အလေအလွင့်နည်းနည်းဖြင့် အရည်အသွေးပြည့်မီတဲ့သီးနှံများ စိုက်ပျိုးထုတ်လုပ်လာနိုင်မှာဖြစ်ပါတယ်။

သွင်းအားစုဖြစ်တဲ့မျိုးနဲ့ မြေဩဇာအတွက် အရင်းအနှီးလိုအပ်ပါတယ်။ ထွန်ယက်ခြင်း၊ စိုက်ပျိုးခြင်း၊ ရိတ်သိမ်းခြင်းတို့အတွက် အရင်းအနှီးလိုပါတယ်။ နည်းပညာနှင့် အသိပညာလည်း လိုအပ်ပါတယ်။ လိုအပ်ချက်အားလုံး ပြည့်စုံအောင် ဆောင်ရွက်နိုင်မှ အထွက်တိုးမှာ ဖြစ်ပါတယ်။ ဒ့ါအပြင် ဈေးကောင်းရရှိမယ့် ဈေးကွက်ရှိဖို့လည်း လိုအပ်ပါတယ်။

**ဘယ်သူတွေက ပံ့ပိုးပေးမှာလဲ**

နိုင်ငံတော်အစိုးရအနေနဲ့ ဈေးကွက်စီးပွားရေးစနစ်မှာ ပုဂ္ဂလိကလုပ်ငန်းရှင်များ ရှင်သန်ဖွံ့ဖြိုးရပ်တည်နိုင်အောင် စီးပွားရေးဆိုင်ရာမူဝါဒများချမှတ်ပြီး ထိန်းကျောင်းပေးရပါတယ်။ ဆန်စက်များ၊ ဆီစက်များ၊ သိုလှောင်ရုံများစတဲ့ ကဏ္ဍအလိုက်ဆောင်ရွက်ရန်လိုအပ်တဲ့ Facility များကို ပုဂ္ဂလိကလုပ်ငန်းရှင်များက ရင်းနှီးမြှုပ်နှံပြီး ယင်းတို့အတွက်လိုအပ်တဲ့ စပါး၊ ပဲ၊ ပြောင်း၊ နှမ်း၊ နေကြာ၊ သား၊ ငါး စသောကုန်ကြမ်းများကို စိုက်ပျိုးမွေးမြူထုတ်လုပ်သူတောင်သူများထံမှ ဝယ်ယူရတာဖြစ်လို့ ပုဂ္ဂလိကလုပ်ငန်းရှင်များနဲ့ တောင်သူများ အကျိုးတူပူးပေါင်းဆောင်ရွက်လာကြပါတယ်။ ဒါဟာလည်း အစုအဖွဲ့စနစ်၊ ပူးပေါင်းဆောင်ရွက်တဲ့စနစ်ဖြစ်လို့ သမဝါယမစနစ်ပါပဲ။

တောင်သူများရဲ့လိုအပ်ချက်ဖြစ်သော ငွေကြေးအရင်းအနှီး၊ မျိုးနှင့် သွင်းအားစုများကို ပုဂ္ဂလိကလုပ်ငန်းရှင်များက ထောက်ပံ့ပေးပါတယ်။ စိုက်ပျိုးရေးဘဏ်မှလည်း နှစ်စဉ်သီးနှံအလိုက် စိုက်ပျိုးစရိတ်များ ထုတ်ချေးပေးပါတယ်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်တဲ့ မြစိမ်းရောင်ကျေးရွာစီမံကိန်း (MSY)၊ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း(RBF)တို့မှလည်း ငွေကြေးအရင်းအနှီးရရှိနိုင်ပါတယ်။ သမဝါယမအသင်းများထံမှလည်း မျိုး၊ သွင်းအားစုနှင့် အရင်းအနှီးရရှိနိုင်ပါတယ်။ MSME လုပ်ငန်းများအတွက် ပုဂ္ဂလိကချေးငွေနှင့် MSME ချေးငွေများ၊ အခြားချေးငွေများကနေ အရင်းအနှီးရရှိနိုင်ပါတယ်။

**ကွက်လပ်ဖြည့်၊ ပေါင်းကူးပေး**

မြန်မာနိုင်ငံမှာ မိုးစပါးစိုက်ပျိုးဧက ၁၃၆၁၈၂ ဒသမ ၇၃ ဧက၊ နွေစပါးစိုက်ဧက ၄၅၇၀၈ ဧက၊ ဆောင်းသီးနှံစိုက်ဧက ၁၁၆၉၃ ဒသမ ၇၂ ဧကခန့်ရှိတယ်လို့ သိရပါတယ်။ လိုအပ်ချက်ပမာဏကြီးမားတဲ့အတွက် အစိုးရချေးငွေတစ်ခုတည်းဖြင့် မလုံလောက်နိုင်ပါ။ ဒ့ါကြောင့် ပုဂ္ဂလိကကဏ္ဍရဲ့ရင်းနှီးမြှုပ်နှံမှုအခန်းကဏ္ဍဟာ အလွန်အရေးကြီးပါတယ်။ ပုဂ္ဂလိကကဏ္ဍအနေနဲ့က လိုအပ်တဲ့အရင်းအနှီးကို ပုဂ္ဂလိကဘဏ်များ၊ နိုင်ငံတော်အစိုးရပိုင်ဘဏ်များထံမှ ရယူနိုင်ပါတယ်။ တောင်သူများရဲ့ လိုအပ်ချက်များကို အစိုးရ စိုက်ပျိုးရေးဘဏ်များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ စီမံကိန်းများမှ ဖြည့်ဆည်းဆောင်ရွက်နေသလို လိုအပ်ချက်ရှိပြီး ဝန်ဆောင်မှုမရရှိသောတောင်သူများကိုလည်း သမဝါယမစနစ်ဖြင့် စုဖွဲ့စေပြီး အရင်းအနှီးသွင်းအားစု၊ နည်းပညာ၊ ဈေးကွက်စတဲ့ လိုအပ်နေတဲ့ ကွက်လပ်များကို သမဝါယမကဏ္ဍကနေ တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါတယ်။

ပုဂ္ဂလိကလုပ်ငန်းရှင်တွေအနေနဲ့ အောက်ခြေအဆင့်အထိ တောင်သူပေါင်းများစွာနဲ့ ချိတ်ဆက်မိဖို့ဆိုတာ ခက်ပါတယ်။ ဒ့ါကြောင့် သမဝါယမဦးစီးဌာနအနေနဲ့ တောင်သူများကို အစုအဖွဲ့ပုံစံဖြင့် ဖွဲ့စည်းဆောင်ရွက်ပေးပြီး ပုဂ္ဂလိကနဲ့ချိတ်ဆက်ပေးခြင်း၊ တောင်သူများကို သမဝါယမအခြေခံအသင်းများ ဖွဲ့စည်းပေးခြင်းဖြင့် ပုဂ္ဂလိကလုပ်ငန်းရှင်များနဲ့ တောင်သူများအကြား ပေါင်းကူးချိတ်ဆက်ပေးတာဖြစ်ပါတယ်။

**ပုဂ္ဂလိကလုပ်ငန်းရှင်တွေကို ဘယ်လိုကူညီမလဲ**

ပုဂ္ဂလိကလုပ်ငန်းရှင်တွေအတွက် လုပ်သာကိုင်သာရှိတဲ့ စီးပွားရေးပတ်ဝန်းကျင်ကောင်းဖြစ်အောင် ထိန်းကျောင်းပေးပြီး နိုင်ငံအတွက်အကျိုးရှိသလို လုပ်ငန်းရှင်အတွက်လည်း အကျိုးရှိ၊ ပြည်သူများအတွက်လည်း ကောင်းမွန်တဲ့ဝန်ဆောင်မှုများ ပေးစွမ်းနိုင်မယ့်မူဝါဒ၊ လမ်းညွှန်ချက်များ ချမှတ်ကူညီရမှာဖြစ်ပါတယ်။ သို့သော် ဒီနေရာမှာ မမျှော်မှန်းနိုင်တဲ့ကိစ္စရပ်တွေ၊ အခြေအနေတွေဆိုတာရှိတတ်ပါတယ်။ ကြုံရတတ်ပါတယ်။ ဒီလိုအခြေအနေတွေမှာ အစိုးရဌာနများအနေနဲ့ ပုဂ္ဂလိကနဲ့ ညှိနှိုင်းဆောင်ရွက်ရတာတွေ၊ ပုဂ္ဂလိကမှတင်ပြလာတာတွေကို နားထောင်ပေးပြီး အခြေအနေတွေအရ ပြုပြင်ပြောင်းလဲဆောင်ရွက်ရတာတွေရှိနိုင်ပါတယ်။ ပုဂ္ဂလိကလုပ်ငန်းရှင်များ အဆင်ပြေအောင်၊ လုပ်ငန်းစဉ်တွေမြန်ဆန်အောင် အစိုးရဌာနများက Ease of doing business ဖြစ်အောင် ဆောင်ရွက်ပေးရပါတယ်။ ပုဂ္ဂလိကလုပ်ငန်းရှင်များကလည်း စားသုံးသူများ မထိခိုက်အောင် စားသုံးသူကိုရှေးရှုရမယ့်အပြင် ထိုက်သင့်တဲ့အကျိုးအမြတ်ရရှိသလို ဝန်ဆောင်မှုလည်းကောင်းအောင်၊ ဈေးနှုန်းလည်းသက်သာအောင်ဆောင်ရွက်ကြဖို့နဲ့ နားလည်မှုရှိဖို့ လိုအပ်ပါတယ်။ နိုင်ငံအတွက် အခက်အခဲကြုံနေချိန်မှာ မတော်လောဘများမရှိဖို့၊ နိုင်ငံအတွက်၊ ပြည်သူအတွက် အနစ်နာခံဆောင်ရွက်ကြဖို့လိုပါတယ်။ နိုင်ငံတော်မှလည်း လုပ်သာကိုင်သာရှိသော Win Win Situation အခြေအနေ၊ မူဝါဒလမ်းညွှန်ချက်များ ပြောင်းလဲဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။

**တောင်သူတွေကို ဘယ်လိုကူညီကြမလဲ**

တောင်သူတွေကိုတော့ အစိုးရဌာနများက ဝန်ဆောင်မှုပေးကြရမှာဖြစ်ပြီး ပုဂ္ဂလိက လုပ်ငန်းရှင်များနဲ့ အကျိုးတူပူးပေါင်းဆောင်ရွက်မှုစနစ် (Contract Farming)လိုမျိုး ချိတ်ဆက် ကူညီပေးရမှာဖြစ်ပါတယ်။ ဘာတွေလိုအပ်သလဲဆိုရင် အသိပညာ၊ ဗဟုသုတ၊ အရင်းအနှီးတို့ပဲဖြစ်ပါတယ်။ ဘယ်လိုအရင်းအနှီးလဲဆိုရင် သွင်းအားစုအတွက် အရင်းအနှီး၊ စက်ပစ္စည်းအတွက် အရင်းအနှီးနဲ့ ဈေးကွက်ချိတ်ဆက်ပေးဖို့တို့ပဲဖြစ်ပါတယ်။ သက်ဆိုင်ရာဌာနများက နည်းပညာနဲ့ ဗဟုသုတကို တောင်သူများ နားလည်သိရှိလာအောင် ထပ်ကာထပ်ကာ ပညာပေးလုပ်ငန်းစဉ်များလုပ်ပေးရပါမယ်။ လက်တွေ့လုပ်ဆောင်ပြရပါမယ်။ လက်တွေ့လုပ်ပြပြီး ၎င်းတို့အကျိုးရှိမှ လိုက်လုပ်ကြမှာဖြစ်ပါတယ်။ ငွေကြေးအရင်းအနှီးကို အစိုးရနှင့် ပုဂ္ဂလိကမှ မျှဝေတာဝန်ယူကြရပါတယ်။ ရာသီအလိုက် ပြန်ဆပ်နိုင်အောင်လည်း စီမံကြရပါမယ်။ တောင်သူတွေရဲ့စိတ်ဓာတ်၊ စည်းကမ်း ကောင်းမွန်လာအောင်လည်း သင်ကြားပေးရပါမယ်။ စည်းရုံးရမယ်။ လမ်းပြကြရပါမယ်။ ချေးငွေဆိုတာဆပ်ရမယ်။ ကျေအောင်ဆပ်မှ တာဝန်ကျေတယ်။ တာဝန်ကျေတဲ့ နိုင်ငံသားဖြစ်ရမယ်။ တာဝန်ကျေအောင်၊ ဂုဏ်ယူတတ်အောင် လေ့ကျင့်သင်ကြားပေးရမယ်။

စက်မှုလယ်ယာဝန်ဆောင်မှုများကို ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ အလယ်အလတ်လုပ်ငန်းရှင်များ၊ တောင်သူများကိုယ်တိုင် ရင်းနှီးမြှုပ်နှံပြီး တောင်သူများကို ဝန်ဆောင်မှုပေးနိုင်ရန် အစိုးရကမူဝါဒချမှတ်ဆောင်ရွက်သင့်ပါတယ်။ သိုလှောင်ရုံစနစ်များမှတစ်ဆင့် အရည်အသွေးအာမခံမှုရှိသောဈေးကွက်ချိတ်ဆက်မှုများ ဆောင်ရွက်ပေးသင့်ပါတယ်။ ဈေးကွက်၊ နည်းပညာ၊ သွင်းအားစုနဲ့ ရောဂါကာကွယ်ရေးဆိုင်ရာသတင်းအချက်အလက်များ၊ ဝန်ဆောင်မှုများကို တောင်သူများရရှိအောင် ဆောင်ရွက်ပေးသင့်ပါတယ်။ လက်ရှိမှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်နေတဲ့ ခေတ်မီစံပြကျေးရွာစီမံကိန်းရဲ့ Smart Village App မှာ ဒီသတင်းအချက်အလက်တွေကို အချိန်နဲ့တစ်ပြေးညီပေးနိုင်ဖို့ စမ်းသပ်ဆောင်ရွက်နေပြီဖြစ်ပါတယ်။

**အခြေခံအဆောက်အဦလိုအပ်ချက်**

ကျေးရွာများသို့ ရောက်သွားလျှင် စိုက်ပျိုးရေး၊ မွေးမြူရေးထက် လမ်း၊ ရေ မီး၊ စာသင်ကျောင်း၊ ဆေးခန်းစတဲ့ အခြေခံအဆောက်အဦလိုအပ်ချက်များကိုသာ အများစု ၉၀ ရာခိုင်နှုန်းကျော်က တင်ပြကြတာတွေ့ရပါတယ်။ နိုင်ငံတော်ရဲ့ဘတ်ဂျက်အပေါ်မူတည်ပြီး ဌာနဆိုင်ရာများကလည်း နှစ်စဉ်၊ နှစ်လတ်၊ နှစ်ရှည်မျှော်မှန်းချက်များအရ လျာထားဆောင်ရွက်ပေးလျက်ရှိသော်လည်း လိုအပ်ချက်များရှိနေဆဲဖြစ်ပါတယ်။ တင်ပြချက်ကိုလိုက်၍ စာရေးသူတို့ဝန်ကြီးဌာနက ဆောင်ရွက်ပေးနိုင်သည်ကို ချက်ချင်းအဖြေပေး၊ ဖြေရှင်းဆောင်ရွက်ပေးနိုင်သော်လည်း အခြားဝန်ကြီးဌာနများနဲ့ဆိုင်တဲ့ကိစ္စရပ်များတွင်မူ ညှိနှိုင်းပေါင်းစပ်ပေးခြင်းကိုသာ ဆောင်ရွက်ပေးနိုင်ပါတယ်။ ဤသို့ ညှိနှိုင်းပေးခြင်း၊ ပေါင်းစပ်ပေးခြင်း၊ ပူးပေါင်းဆောင်ရွက်ရန် ကမ်းလှမ်းခြင်းများဖြင့် ပြေလည်သွားသည်များလည်းရှိပါတယ်။ သက်ဆိုင်ရာဝန်ကြီးဌာနများကလည်း လုပ်ပေးနိုင်မည့်အစီအစဉ်များကို ပြန်ကြားဖြေရှင်းဆောင်ရွက်ပေးကြပါတယ်။ အခြေခံအဆောက်အဦလိုအပ်ချက်နှင့်ပတ်သက်ပြီး အကြီးစားမဟုတ်ဘဲ ကျေးရွာအတွင်း ဆောင်ရွက်တဲ့ လမ်းများ၊ စာသင်ကျောင်း၊ ဆေးပေးခန်းပြင်ဆင်ခြင်း၊ အဆောင်သစ်တိုးချဲ့ခြင်းများ၊ စာကြည့်တိုက်၊ ကျေးရွာခန်းမတည်ဆောက်ခြင်း၊ ရွာတိုင်း၄ဝဝဗို့အားလိုင်းဆွဲခြင်း၊ ဓာတ်တိုင်များ အသစ်လဲလှယ်ခြင်း၊ မီးလင်းရေးလုပ်ငန်းဆောင်ရွက်ခြင်းတို့ကို ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (Village Development Plan–VDP) အစီအစဉ်ဖြင့် ကျေးရွာပြည်သူနှင့် ပူးပေါင်းဆောင်ရွက်တဲ့နည်းလမ်းနဲ့ ဖြေရှင်းဆောင်ရွက်ပေးနေပါတယ်။

VDPစီမံကိန်းမှာ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်ကို ကျေးရွာနေပြည်သူများကိုယ်တိုင်ပါဝင်ဖော်ထုတ်ပြီး စီမံချက်ရေးဆွဲကာ ဦးစားပေးကဏ္ဍအလိုက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနဲ့ ကျေးရွာတို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်လို့ ကျေးရွာမှရွေးချယ်တဲ့ အခြေခံအဆောက်အဦအသေးစားများကို

စာမျက်နှာ ၁၄ သို့ ❖

❖ စာမျက်နှာ ၁၃ မှအဆက်

ဆောင်ရွက်ပေးနိုင်ပါတယ်။ နိုင်ငံတော်ဘတ်ဂျက်လည်းပါဝင်ပါတယ်။ ဒါဟာလည်း ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်၊ ဌာနဆိုင်ရာနဲ့ပြည်သူတို့ရဲ့ ပူးပေါင်းဆောင်ရွက်မှုရလဒ်ပဲဖြစ်ပါတယ်။

**ပူးပေါင်းဆောင်ရွက်ခြင်း**

စိုက်ပျိုးရေးကိုအခြေခံတဲ့နိုင်ငံဖြစ်လို့ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးဖို့ အလွန်အရေးကြီးတဲ့အတွက် တောင်သူများရဲ့လိုအပ်ချက်များကို ဖြည့်ဆည်းပေးရာမှာ အစိုးရနဲ့ ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ကြရပါတယ်။ ပုဂ္ဂလိကနဲ့ တောင်သူများ ပူးပေါင်းဆောင်ရွက်ရပါတယ်။ ပုဂ္ဂလိကအချင်းချင်း၊ တောင်သူများအချင်းချင်း၊ အစိုးရဌာနများအချင်းချင်း ပူးပေါင်းဆောင်ရွက်မှသာ လိုချင်တဲ့ရလဒ်ကို ရရှိမှာဖြစ်ပါတယ်။ လုပ်ငန်းစဉ်များ အဆင်ပြေချောမွေ့စေမှာဖြစ်ပါတယ်။ ပူးပေါင်းဆောင်ရွက်ရာမှာ အဆင်ပြေစေဖို့ ကဏ္ဍအလိုက် Focal တာဝန်ခံအဖြစ် တာဝန်ယူကြတဲ့ ဌာနများ၊ အဖွဲ့အစည်းများကဦးဆောင်ပြီး စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ကြရပါတယ်။

**ထိရောက်တဲ့ ပူးပေါင်းဆောင်ရွက်မှု**

ဒီလိုပူးပေါင်းဆောင်ရွက်တဲ့နေရာမှာ ထိရောက်အောင်မြင်တဲ့ပူးပေါင်းဆောင်ရွက်မှု၊ ရလဒ်ကောင်းတဲ့ပူးပေါင်းဆောင်ရွက်မှုနဲ့ ပူးပေါင်းဆောင်ရွက်သူအားလုံး စိတ်ကျေနပ်မှုရရှိပြီး အပြုသဘောဆောင်တဲ့ပူးပေါင်းဆောင်ရွက်မှုမျိုးဖြစ်ဖို့လည်း လိုအပ်ပါတယ်။ ကောင်းမွန်တဲ့ စီမံခန့်ခွဲမှုရှိရမှာဖြစ်ပြီး အစိုးရဌာနများမှ တာဝန်ရှိသူဝန်ထမ်းများ၊ ပုဂ္ဂလိကကဏ္ဍမှ တာဝန်ရှိသူများ၊ တောင်သူများအားလုံးအနေနဲ့ လုပ်သင့်လုပ်ထိုက်သည်ကို လုပ်ကြရမည်ဖြစ်၍ စိတ်စေတနာနှင့် တာဝန်သိစိတ်အရ၊ နိုင်ငံချစ်စိတ်အရ၊ နိုင်ငံသားကောင်းစိတ်ဓာတ်အရ ပူးပေါင်းဆောင်ရွက်ရန် လိုက်နာဆောင်ရွက်ရမည့်၊ အလေးထားရမည့် စိတ်ဓာတ်များမှာ–

(က) **အပြုသဘောဆောင် ပူးပေါင်းဆောင်ရွက်မှု**။ ။ အပြုသဘောဆောင်သည့် စိတ်ဖြင့် ပူးပေါင်းဆောင်ရွက်လိုစိတ်ကို အရင်းခံရမည်။ ပြဿနာဖန်တီးလိုစိတ် မရှိရ။

(ခ) **လေးစားမှု**။ ။ တစ်ဦးချင်းစီရဲ့အမြင်၊ အယူအဆနှင့် အတွေ့အကြုံများကို လေးစားရပါမည်။

(ဂ) **နားထောင်ခြင်း**။ ။ အခြားသူများရဲ့ ထုတ်ဖော်ပြောဆိုချက်များကို တက်ကြွစွာ နားထောင်ခြင်း၊ သဘောထားကွဲလွဲချက်များကို နားလည်ရန် ကြိုးစားခြင်း။

(ဃ) **ပွင့်လင်းမြင်သာမှု**။ ။ ဆောင်ရွက်မှုတိုင်းကို ပွင့်လင်းမြင်သာ ချပြနိုင်ရမယ်။ စစ်ဆေးခံနိုင်ရမယ်။ မျှဝေနိုင်ရမယ်။ တာဝန်ယူမှု၊ တာဝန်ခံမှု ရှိရမယ်။

(င) **ယုံကြည်မှုနှင့်ယုံကြည်စိတ်ချမှု**။ ။မိမိဆောင်ရွက်ချက်များကို ယုံကြည်မှုရရှိအောင်ကြိုးစားပြီး အခြားသူများကိုလည်း ယုံကြည်စိတ်ချရသောအဖွဲ့ဝင်များအဖြစ် ချီးမြှောက်ခြင်း။

(စ) **ဆက်သွယ်ပြောဆိုမှု ထိရောက်မှု**။ ။ ပူးပေါင်းဆောင်ရွက်မှုအတွက် အရေးကြီးသောအကြောင်းအရာများကို ပွင့်လင်းချောမွေ့စွာ ဆက်သွယ်ပြောဆိုခြင်း။

(ဆ) **ရိုးသားမှု**။ ။မိမိရဲ့အမြင်နဲ့ ယူဆချက်များကို ရိုးသားစွာဖော်ပြခြင်း၊ ဆောင်ရွက်မှုတိုင်း ရိုးသားမှုရှိခြင်း။

(ဇ) **တန်ဖိုးထားမှု**။ ။ အခြားသူများရဲ့ အထောက်အကူပြုမှုကို တန်ဖိုးထားခြင်း။ အပြန်အလှန် တန်ဖိုးထားဆက်ဆံခြင်း။

(ဈ) **ပြန်လည် အပြန်အလှန်တုံ့ပြန်မှု**။ ။ အခက်အခဲရှိသည့်အခါတွင် သင့်တော်သော ပြန်လည်တုံ့ပြန်မှုများပြုလုပ်ခြင်း၊ အကူအညီပေးခြင်း၊ ပြဿနာဖြေရှင်းရာတွင် အတူတကွဆောင်ရွက်ခြင်း။

**အကျိုးကျေးဇူးများ**

လုပ်ငန်းနယ်ပယ်တူ၊ စိတ်တူကိုယ်တူများပူးပေါင်းဆောင်ရွက်ခြင်းဟာ သမဝါယမစနစ်ရဲ့ အခြေခံအကျဆုံးသဘောတရားဖြစ်ပါတယ်။ ပူးပေါင်းဆောင်ရွက်မှုရဲ့အကျိုးကျေးဇူးများမှာ–

(က) အသင်းသားတောင်သူများကို ဝန်ဆောင်မှုပိုမိုပံ့ပိုးပေးနိုင်ခြင်း၊ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ခြင်း။

(ခ) လိုအပ်သော အထောက်အပံ့၊ အကူအညီများကို ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများထဲမှ လွယ်ကူချောမွေ့စွာ ချိတ်ဆက်ရယူနိုင်ခြင်း။

(ဂ) ငွေကြေးအရင်းအနှီးလိုအပ်ချက်ကို စုပေါင်းဖြည့်ဆည်းဆောင်ရွက်နိုင်ခြင်း။

(ဃ) ဈေးကွက်ချိတ်ဆက်မှု သေချာစေခြင်း။ ဈေးနှိမ်/ဈေးဖြတ်ခြင်းတို့မှ ကင်းဝေးစေခြင်း။

(င) အကောင်အထည်ဖော် ဆောင်ရွက်မှုကောင်းမွန်ခြင်း၊အရည်အသွေးမြှင့်တင်နိုင်ခြင်း။

(စ) ပြဿနာများကို ဖြေရှင်းပေးနိုင်ခြင်း။

(ဆ) တီထွင်ဖန်တီးနိုင်စွမ်းမြှင့်တင်နိုင်ခြင်း။

(ဇ) လုပ်ငန်းစဉ်များကို မြန်ဆန်သွက်လက်ချောမွေ့အောင် ဆောင်ရွက်နိုင်ခြင်း။

(ဈ) သင်ယူလေ့လာနိုင်စွမ်း မြှင့်တင်နိုင်ခြင်း။

(ည) သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများရဲ့ ရည်မှန်းချက်များ ထိရောက်အောင်မြင်ခြင်းတို့ပဲဖြစ်ပါတယ်။

နိုင်ငံတော်ကို တည်ဆောက်ရာတွင် နယ်ပယ်စုံမှာ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးမှာ၊ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများမှာ....ကဏ္ဍအသီးသီးမှာ အစိုးရဌာနဆိုင်ရာ အချင်းချင်း၊ ပုဂ္ဂလိကကဏ္ဍ အချင်းချင်း၊ ပြည်သူများ အချင်းချင်း ပူးပေါင်းဆောင်ရွက်ကြမှ၊ အစိုးရ၊ ပုဂ္ဂလိက၊ ပြည်သူတို့ ပူးပေါင်းဆောင်ရွက်ကြမှသာ အပြုသဘောဆောင်ပြီး ဖွံ့ဖြိုးတိုးတက်ရေးဆီ ဦးတည်ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ ပူးပေါင်းဆောင်ရွက်ရေးကို တာဝန်တစ်ရပ်အနေနဲ့ သိရှိပြီး အသိ၊ သတိ၊ ဉာဏ်ပညာတို့ကိုအခြေခံ၍ ပူးပေါင်းဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့ နေရာမှာ လိုအပ်ချက်ကွက်လပ်တွေကို ပကတိအတိုင်း သိမြင်နိုင်ဖို့လည်း ကြိုးစားကြရပါမယ်။ ဒါမှသာ အနာနဲ့ ဆေးတည့်ပြီး လိုလားချက် ပြည့်မြောက်မှာဖြစ်ပါတယ်။

ကျွန်တော်တို့ အမိမြန်မာနိုင်ငံရဲ့အဓိကလိုအပ်နေတဲ့ကွက်လပ်တွေက ဘာတွေဖြစ်မလဲ။ တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးရေး၊ စီးပွားရေးတိုးတက်မှု၊ လူမှုရေးဖွံ့ဖြိုးတိုးတက်မှု၊ နိုင်ငံရေးဖွံ့ဖြိုးတိုးတက်မှု၊ ငြိမ်းချမ်းရေး စတာတွေပဲပေါ့။ ဒီကွက်လပ်တွေကို ဘယ်လိုဖြည့်ဆည်းကြမလဲ။ နိုင်ငံကို ဖျက်ဆီးဖို့ ဝန်းရံနေတဲ့ ပြည်တွင်းပြည်ပရန်တွေကို ဘယ်လိုကာကွယ်တားဆီးကြမလဲ။ နိုင်ငံသားခံယူထားသူတိုင်း တာဝန်ရှိတာပေါ့။ အဖွဲ့အစည်းအားလုံးရဲ့ခေါင်းဆောင်များမှာ တာဝန်ရှိတာပေါ့။ နိုင်ငံသားတိုင်းမှာ ကိုယ့်နိုင်ငံပိုမိုကောင်းမွန်ဖွံ့ဖြိုးအောင် ကြိုးစားရမယ့်တာဝန်ရှိပါတယ်။ နိုင်ငံသားတစ်ဦးစီတိုင်း ထားရှိသင့်သောစိတ်ဓာတ်များကတော့–

(က) တရားဥပဒေကို လေးစားလိုက်နာခြင်းနှင့်တရားမျှတမှုရှိခြင်း၊

(ခ) မိမိရဲ့လုပ်ရပ်ဟာ နိုင်ငံနဲ့ပြည်သူအတွက် ဘေးအန္တရာယ်မဖြစ်စေရန်သေချာမှုရှိခြင်း၊

(ဂ) ကောင်းမွန်တဲ့လူမှုဘဝအတွက် ကျင့်ဝတ်စည်းကမ်းများကိုလိုက်နာခြင်း၊

(ဃ) လူမှုအဖွဲ့အစည်းအတွင်း ကောင်းမွန်သောဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(င) နိုင်ငံရဲ့စီးပွားရေးနှင့် နိုင်ငံရေးတို့တွင် မိမိတာဝန်ရှိသောကဏ္ဍမှ ပညာပေးခြင်း၊ ပံ့ပိုးပါဝင်ဆောင်ရွက်ခြင်း၊

(စ) ကိုယ့်နိုင်ငံအပေါ် ချစ်ခင်မြတ်နိုးတန်ဖိုးထားခြင်းစသည်တို့ဖြစ်ပါတယ်။

ဤသို့ ထားရှိသင့်တဲ့စိတ်ထားများရှိရမယ့်အပြင် မိမိကိုယ်တိုင်၊ မိမိရဲ့မိသားစု၊ မိမိအဖွဲ့အစည်းနဲ့ မိမိနိုင်ငံအတွက် ကောင်းမွန်တိုးတက်စေသည်များ ဆောင်ရွက်ရန်၊ ဥပဒေစည်းမျဉ်းစည်းကမ်းများ လိုက်နာရန်၊ အခွန်ပေးဆောင်ရန်၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေးဖွံ့ဖြိုးတိုးတက်စေသောလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ရန်၊ မဲပေးရန်၊ လူမှုဆက်ဆံရေးစည်းကမ်းများ လိုက်နာရန်၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရန်နှင့် လိုအပ်ပါက နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတွင် ပါဝင်ထမ်းရွက်ရန် စသည့်နိုင်ငံသားတာဝန်များကို နိုင်ငံသားတိုင်း သိရှိလိုက်နာကြဖို့ လိုအပ်ပါတယ်။ နိုင်ငံသားကောင်းစိတ်ဓာတ်ရှိပြီး နိုင်ငံသားတာဝန်ကျေပွန်ကြရင် ဘယ်လိုအခက်အခဲအကျပ်အတည်းကိုမဆို ကျော်လွှားနိုင်ပါတယ်။ လိုအပ်နေတဲ့ကွက်လပ်တွေကို နိုင်ငံကိုချစ်တဲ့တိုင်းရင်းသားပြည်သူအားလုံးရဲ့စုပေါင်းအားဖြင့် ဖြည့်ဆည်းကြပါစို့။ စည်းလုံးညီညွတ်ခြင်း“အား”ဖြင့် ဘေးအန္တရာယ်အပေါင်းကို စုပေါင်းကာကွယ်ကြပါစို့ဟု တိုက်တွန်းလိုက်ရပါသည်။ ။

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့်သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်းဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်–

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဌက္ကဌရုံး (နေပြည်တော်)
(၁) ၀၆၇– ၃၄၀၄၉၁၁၊ ၀၆၇– ၃၄၀၄၉၂၂၊ ၀၆၇– ၃၄၀၄၉၃၃၊ ၀၆၇–၃၄၀၄၉၄၄၊ ၀၆၇–၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉– ၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇–၄၅၅၀၄၈၈၊ ၀၆၇–၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉– ၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁– ၂၀၃၂၀၉၁၊ ၀၇၁– ၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS)၀၉– ၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉– ၂၀၂၄၀၃၇၊ ၀၅၉– ၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉– ၂၅၅၀၀၂၅၀၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂– ၂၂၀၁၉၃၉၊ ၀၅၂– ၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉– ၂၅၅၀၀၂၅၀၉

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃–၂၀၂၈၈၇၈၊ ၀၆၃– ၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉– ၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂– ၄၀၂၁၂၄၅၊ ၀၂– ၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု(SMS) ၀၉– ၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇ – ၂၀၂၇၉၃၅၊ ၀၅၇– ၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉– ၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉– ၂၅၅၀၀၂၅၁၇၊ ၀၉– ၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉– ၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁– ၈၃၀၀၀၁၆၊ ၀၁– ၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉– ၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁– ၂၁၂၄၅၄၀၊ ၀၈၁– ၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉– ၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂– ၂၀၂၅၉၉၃၊ ၀၄၂– ၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉– ၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့်တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## ၂၀၂၄ ခုနှစ်၊ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ရေး၊

၂။ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများမပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

၃။ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့်ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး၊

၄။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှုအခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

# ရေပြန်လည်ကျဆင်းသွားသည့်နေရာများ၌ လိုအပ်သည့်သန့်ရှင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးပြီး စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်လှူဒါန်း

**နေပြည်တော် အောက်တိုဘာ ၁၄**

တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သည့် ရပ်ကွက်/ကျေးရွာများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကလောမြို့နယ်အတွင်းရှိ စာသင်ကျောင်းများ၊ ဆေးရုံ၊ဆေးခန်းများ၊ ဌာနဆိုင်ရာအဆောက်အဦများ၊ လမ်း၊ တံတားများ၊ ရပ်ကွက်၊ ကျေးရွာများအတွင်း၌ တင်ကျန်ခဲ့သည့်နုန်းများ၊ သစ်ပင်သစ်ကိုင်းများ ဖယ်ရှားပေးခြင်းအပါအဝင် အခြားလိုအပ်သည်များကို တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် လူမှုဝန်ထမ်းကယ်ဆယ်ရေးအဖွဲ့များက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ တက်ကြွစွာဆောင်ရွက်ပေးလျက်ရှိသည်။



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း လွိုင်လင်မြို့နယ်အတွင်းရှိ ကျေးရွာများမှ ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများပေးအပ်စဉ်။




မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် လူမှုဝန်ထမ်းကယ်ဆယ်ရေးအဖွဲ့များက ကလောမြို့၌ ရေပြန်လည်ကျဆင်းသွားသဖြင့် တင်ကျန်ခဲ့သောနုန်းများကို ဖယ်ရှားရှင်းလင်းပေးစဉ်။

အလားတူ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်မြို့နယ်အတွင်းရှိ ကျေးရွာများမှ ရေဘေးသင့်ပြည်သူများအား အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် တာဝန်ရှိသူများက လွိုင်လင်မြို့ရှိ မင်္ဂလာအနောက်ကျောင်းတိုက်၌ သွားရောက်တွေ့ဆုံအားပေးစကားပြောကြားပြီး ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ကာ လွိုင်လင်မြို့နယ်သံဃနာယက ဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တပညာဗလအား ဖူးမြော်၍ လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းခဲ့ကြောင်းသတင်းရရှိသည်။(၁၀၀)

# ရေကြောင်းလုံခြုံရေးပင်လယ်ပြင်လေ့ကျင့်ခန်း (Maritime Security Exercise) ဆောင်ရွက်စဉ် ရေကြောင်းသတိပေးချက်နှင့် လေကြောင်းသတိပေးချက်ထုတ်ပြန်ကြေညာခြင်း

ရေကြောင်းသတိပေးချက်ထုတ်ပြန်မည့်ဧရိယာ




၁။ ရေကြောင်းလုံခြုံရေးပင်လယ်ပြင်လေ့ကျင့်ခန်းအား ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်မှ ၂၄ ရက်ထိ ကာလအတွင်း ကပ္ပလီပင်လယ်ပြင် မြောက်ပိုင်းရေပြင်၌ ရေပြင်၊ ဝေဟင်၊ ရေအောက်လေ့ကျင့်ခန်းများနှင့် လက်တွေ့ပစ်ခတ်ခြင်းများ (Live Firing)ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ လေ့ကျင့်ခန်းဧရိယာအဖြစ် Point A မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၅၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၄၀ မိနစ်၊ Point B မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၅၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၀ မိနစ်၊ Point C မြောက်လတ္တီတွဒ် ၁၁ ဒီဂရီ ၅၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၀ မိနစ်၊ Point D မြောက်လတ္တီတွဒ် ၁၁ ဒီဂရီ ၅၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၄၀ မိနစ် စသည့် Coordinates အမှတ်များဆက်ဆွဲထားသည့်ဧရိယာအား သတ်မှတ်ထားရှိပြီး ရေကြောင်းသတိပေးချက်နှင့် လေကြောင်းသတိပေးချက်တို့အား ထုတ်ပြန်ကြေညာထားရှိပြီးဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ လေ့ကျင့်ခန်းဆောင်ရွက်စဉ်ကာလအတွင်း ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် အဆိုပါဧရိယာမှ ၅ မိုင်ပတ်လည်အား သင်္ဘောကြီး/ငယ်များ၊ ကုန်တင်/စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်းမရှိစေရန်နှင့် လေယာဉ်၊ ရဟတ်ယာဉ်များ အမြင့်ပေ ၁၅၀၀၀(တစ်သောင်းငါးထောင်)အောက် ဖြတ်ကျော်ပျံသန်းခြင်း မပြုကြရန်အသိပေးကြေညာအပ်ပါသည်။



ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်နှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးတို့က (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

⋆ **ရှေ့ဖုံးမှအဆက်**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီတွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့်ဆပ်ကော်မတီတို့မှ ကော်မတီဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ အကဲဖြတ်ပညာရှင်ကြီးများ၊ ကြီးကြပ်အုပ်ချုပ်သူများ၊ နည်းပြများ၊ အထောက်အကူပြုများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင် တိုင်းရင်းသားညီအစ်ကိုမောင်နှမများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်နှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးတို့က (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဆိုင်းဘုတ်အား စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် အခမ်းအနားဒုတိယပိုင်းကို စတင်ကျင်းပရာ ပြည်ထောင်စုဖွား တိုင်းရင်းသားတို့၏တိုင်းရင်းသားတူရိယာ ရိုးရာသံစုံတေးဂီတအဖွဲ့၏ စုပေါင်းတီးခတ်ဖျော်ဖြေမှုဖြင့် တင်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို တက်ရောက်လာကြသည့် ဧည့်ပရိသတ်များအားလုံး နှလုံးစိတ်ဝမ်းချမ်းမြေ့ကြပါစေ၊ မိမိတို့၏အမျိုးသားယဉ်ကျေးမှုကို မြတ်နိုးထိန်းသိမ်းမြှင့်တင်ပြီး မိမိနိုင်ငံ၊ မိမိလူမျိုး၏ဂုဏ်သိက္ခာမြင့်မားအောင် ကြိုးပမ်းစွမ်းဆောင်နိုင်သူများဖြစ်ကြပါစေဟု ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သလိုက်ပါကြောင်း။

မိမိတို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း ပြည်ထောင်စုတိုင်းရင်းသားသွေးချင်းများသည် နှစ်ပေါင်းထောင်ချီ ရှည်လျားသည့် သမိုင်းစဉ်တစ်လျှောက်တွင် စည်းလုံးညီညွတ်စွာ အတူတကွ နေထိုင်လာခဲ့ကြကြောင်း၊ ထို့ပြင် ထုထည်ပမာဏကြီးမားခိုင်ခံ့သည့် မြန်မာ့ယဉ်ကျေးမှုအုတ်မြစ်ကြီးများကို စိုက်ထူနိုင်ခဲ့သည့်အပြင် ကမ္ဘာ့အလယ်၌ ထူးခြားလေးနက်သည့် ကိုယ်ပိုင်မြန်မာ့မူဟန်အပြည့်ဖြင့် ဂုဏ်သိက္ခာရှိရှိ ဝင့်ကြွားစွာရပ်တည်နိုင်ခဲ့ကြကြောင်း။

ယခုကဲ့သို့ ဂုဏ်ယူဝင့်ကြွားဖွယ် မြန်မာ့ဂုဏ်ရည်များ အစဉ်ထာဝရ ရှင်သန်ပွင့်လန်းနေစေရန်အတွက် တစ်မျိုးသားလုံးကြိုးပမ်းဆောင်ရွက်နေကြသည့် အမျိုးသားအဆင့်ပွဲတော်များစွာရှိကြောင်း၊ ထိုအထဲမှ ယခုကဲ့သို့ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို အစဉ်အလာမပျက် ဆင်နွှဲကျင်းပနိုင်ခြင်းသည်လည်း



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့အား အကအဖွဲ့များကကြိုဆိုနှုတ်ဆက်စဉ်။



(၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့တက်ရောက်လာကြသည့်ဧည့်ပရိသတ်များကိုတွေ့ရစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေး
ကောင်စီဥက္ကဋ္ဌ
နိုင်ငံတော်ဝန်ကြီးချုပ်
ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊
ဇနီး ဒေါ်ကြူကြူလှနှင့်
အဖွဲ့ဝင်များက
ပြည်ထောင်စုဖွား
တိုင်းရင်းသားတို့၏
တိုင်းရင်းသားတူရိယာ
ရိုးရာသံစုံတေးဂီတအဖွဲ့၏
စုပေါင်းတီးခတ်ဖျော်ဖြေ
တင်ဆက်မှုကို
ကြည့်ရှုအားပေးစဉ်။






**❖ ယခုနှစ် ငွေရတုပြိုင်ပွဲကြီး၏ဖွင့်ပွဲအခမ်းအနားတွင် တိုင်းရင်းသားများ၏ရိုးရာတူရိယာများနှင့် စုပေါင်းတီးခတ်ထားသည့်တေးဂီတများဖြင့် ဖျော်ဖြေတင်ဆက်ကြခြင်းအပြင် ထူးခြားသောဝိသေသဖြစ်သည့် ပြည်နယ်များ၏ တိုင်းရင်းသားရိုးရာတေးဂီတများနှင့် ဂုဏ်ပြုဖျော်ဖြေနိုင်ခြင်းသည်လည်း ပြည်ထောင်စုဖွား မြန်မာတိုင်းရင်းသားအားလုံး၏ ရိုးရာအနုပညာအမွေအနှစ်တန်ဖိုးများကို ဖော်ထုတ်ပြသနိုင်ရုံသာမကဘဲ သွေးစည်းညီညွတ်မှုကိုပါ အနုပညာဖြင့်သက်သေပြုတင်ဆက်ပြသခြင်းပင်ဖြစ် . . .**

**❖ မိမိတို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း ပြည်ထောင်စုတိုင်းရင်းသားသွေးချင်းများသည် နှစ်ပေါင်းထောင်ချီရှည်လျားသည့် သမိုင်းစဉ်တစ်လျှောက်တွင် စည်းလုံးညီညွတ်စွာ အတူတကွနေထိုင်လာခဲ့ကြ၊ ထို့ပြင် ထုထည်ပမာဏကြီးမားခိုင်ခံ့သည့် မြန်မာ့ယဉ်ကျေးမှုအုတ်မြစ်ကြီးများကို စိုက်ထူနိုင်ခဲ့သည့်အပြင် ကမ္ဘာ့အလယ်၌ ထူးခြားလေးနက်သည့် ကိုယ်ပိုင်မြန်မာ့မူဟန်အပြည့်ဖြင့် ဂုဏ်သိက္ခာရှိရှိ ဝင့်ကြွားစွာရပ်တည်နိုင်ခဲ့ . . .**

မြန်မာလူမျိုးတို့၏ ဇာတိသွေး၊ ဇာတိမာန်နှင့် အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းမြှင့်တင်ပေးသည့် ကြိုးပမ်းမှု တစ်နည်းအားဖြင့် အမျိုးသားရေးစိတ်ဓာတ်ကို ပိုမိုတက်ကြွအောင် လှုံ့ဆော်ပေးသည့်ကြိုးပမ်းမှုတစ်ရပ်ဖြစ်သည်ကို ပြောကြားလိုကြောင်း။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများကို ခမ်းနားသိုက်မြိုက်စွာဖြင့် ပြည်ထောင်စုသားအားလုံး ပူးပေါင်းပါဝင်ပြီး အောင်အောင်မြင်မြင်ဖြင့် ကျင်းပလာခဲ့သည်မှာ ယခုအခါ ငွေရတုမှတ်တိုင်ကို စိုက်ထူနိုင်ခဲ့ပြီဖြစ်ကြောင်း။

အမျိုးသားယဉ်ကျေးမှုများ အရှည်တည်တံ့ခိုင်မြဲစေရေးအတွက် အမျိုးသားရေးကိုယ်ခံအား တည်ဆောက်ပေးလျက်ရှိရာတွင် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးများသည် အရေးပါသည့်အခန်းကဏ္ဍမှ အထောက်အကူပြု စွမ်းဆောင်ပေးလျက်ရှိသည်ကို ပြောကြားလိုကြောင်း။

၁၉၉၃ ခုနှစ်မှစတင်ပြီး ယနေ့တိုင် ကျင်းပပြုလုပ်ခဲ့သည့် ပြိုင်ပွဲကြီးများ၏ ကျေးဇူးကြောင့် ယင်းအချိန်က ဝါသနာရှင် မျိုးဆက်သစ်လူငယ်များသည် ယခုငွေရတုပြိုင်ပွဲကာလတွင် ပညာရှင်အဆင့်အနုပညာရှင်ကြီးများအဖြစ် မြင်တွေ့နေကြရပြီဖြစ်ပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးမှ ဝါသနာရှင်သွေးချင်းမောင်နှမများကို အနုပညာအမွေ လက်ဆင့်ကမ်းပေးဝေနေကြပြီဖြစ်သဖြင့် အမျိုးသားရေးအတွက် အားရကျေနပ်ဖွယ်ရာဖြစ်သည်ကို ပြောကြားလိုကြောင်း။

မိမိတို့မြန်မာနိုင်ငံသည် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း ဟူသည့် မျိုးနွယ်စုကြီးများ အတူတကွပေါင်းစည်းထားသည့် မြန်မာနိုင်ငံ၊ မြန်မာလူမျိုး၊ မြန်မာယဉ်ကျေးမှုဟူ၍ ဘုံသဘောဆောင်သည့်

**စာမျက်နှာ ၁၁ သို့** ☆





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် အဖွင့်အမှာစကားပြောကြားစဉ်။

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing addresses opening ceremony of silver jubilee commemorative 25th Myanmar Traditional Cultural Performing Arts Competitions



Senior General Min Aung Hlaing addresses the opening ceremony of silver jubilee commemorative 25th Myanmar Traditional Cultural Performing Arts Competitions.

NAY PYI TAW October 14

The opening ceremony of the silver jubilee commemorative 25th Myanmar Traditional Cultural Performing Arts Competitions was held at MICC 2 here this morning, addressed by Chairman of State Administration Council Prime Minister Senior General Min Aung Hlaing.

Also present were Daw Kyu Kyu Hla, wife of the Senior General, Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win and wife Daw Than Than Nwe, the SAC Joint Secretary and wife, SAC members and wives, union level officials, union ministers and wives, the Nay Pyi Taw Council chair, senior military officers from the Office of the Commander-in-Chief, the Nay Pyi Taw command commander, deputy ministers, members of the steering committee, work committee and subcommittees to hold the competitions, state/region chief ministers, judges, managers, coaches, supporting teams, national races contestants from regions and states and officials.

Patron of the Steering Committee to hold the Competitions Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win, Chair of the Steering Committee Union Minister for Religious Affairs and Culture U Tin Oo Lwin and Nay Pyi Taw Council Chair U Than Tun Oo formally opened the competitions.

Chairman of State Administration Council Prime Minister Senior General Min Aung Hlaing pushed the button to unveil the signboard of the competitions.

At the second part of the ceremony, a collective performance of traditional musical instruments of national races of the Union was staged.

In his address, the Senior General said may all the attendees here enjoy happiness and become persons who love and conserve national culture and the persons who are able to raise the dignity of race.

National races of the Union have lived in harmony in Myanmar throughout the thousand years of history. They could lay a large and strong foundation of Myanmar culture. Moreover, they are standing tall among the global nations with their own Myanmar culture which is unique and profound.

There are a number of national level festivals for the ever flourishing of Myanmar virtues through the national efforts. The annual holding of the competition amounts to conserving the national fervor and pride and national culture of Myanmar. In other words, it is an effort to

See Page - 21 ►►




Senior General Min Aung Hlaing greets the national race musicians from the traditional orchestra of the national races.

# Farmers grow more than 400 acres of corns in Thabaung Township



THABAUNG October 14

During monsoon season this year, Thabaung Township has so far planted 427 acres of corns against the target of 463 acres. Officials of Agriculture Department, Irrigation and Water Utilization Management Department, administration body and local farmers cooperate with each other in growing monsoon crops.

U Win Soe commented, "Local farmers in Thabaung Township grow paddy and other crops. So far, they have planted 427 acres of corns against the target of 463 acres. They are now joining hands with the township Agriculture Department in growing corns meeting the target cultivation."

Officials of Agriculture Department help local farmers prevent pests at corn plantations to produce quality crops. **SMK**

# Agri Dept urges growers to plant monsoon crops before season ends

NAY PYI TAW October 14

The Agriculture Department encouraged growers to grow monsoon paddy, wheat and other crops again in flood-stricken regions before the season ends.

Some monsoon paddy, wheat and other crops were damaged by extreme rainfall and strong winds. As the season of monsoon paddy and late monsoon long-staple wheat has not ended, staff are called for to entice growers to re-cultivate them.

Therefore, the department has reserved seeds. It is willing to cooperate with growers. It has issued guidelines to redevelop damaged farmland triggered by floods.

Myanmar's farmers are yearly affected by natural disasters, losing their assets and crops. A thousand acres of paddy fields are damaged.



Growers are instructed to reserve paddy seeds (high-yielding Manawthuka, Sinthuka, Sinthwelat, Theehtetyin, Shwethweyin, IR 747, 90-day short matured variety, Pyi Myanmar Sein, Yadanatoe, Hnankauk, Thukayin) in flood-prone areas, nurse crops in high-land areas broadcast seeding or directly scattering pedigree seeds in 10-14 days flood-hit fields (one basket per acre), adopt Dapog, Raised Bed and SRI Tray methods in 14-30 days flood-hit areas, treat farmlands after clearing weeds or intercrop more crops with leaving six-feet space between plants, plant seeds right after harvesting 30-40 days crops to maximize grain and yields (only 120-45 days old fields) and restore damaged paddy fields.

For land treatment and preparation, using tractors to help clear debris, plough and harrow land faster, applying natural fertilizer or husks to the soil in flood-stricken areas and preparing current and irrigation channels in fields must be undertaken.

Growers are prompted to protect broadcasted seeds from the dangers of rodents and birds, relocate farmlands and grow the crops in time with a large labour force, use tractors to grow seedlings and clear weeds and apply 50-kilogramme pearl fertilizer and three bags of natural fertilizer/ soil per acre effectively before blossoming and putting 112 pounds of natural calcium sulphate per acre for soil amendment and improvement.

**SK**

# Sunflower plants placed under croplands in Yinmabin District

YINMABIN October 14

Statistics of Yinmabin District Agriculture Department stated that a total of 10,427 acres of sunflower plants have been planted as monsoon crop in Yinmabin District of Sagaing Region.

Local farmers have grown 10,427 acres of sunflower plantations against the target of 16,250 acres of plants in the district this monsoon.

Daw Myat Moe Win, Head of Yinmabin District Agriculture Department mentioned: "Local farmers have planted 10,427 acres of sunflower against the target of 16,250 acres earmarked by local authorities. It aims to reduce import volume of palm oil abroad. Yield of oil from sunflower is larger than groundnut and sesame. So, local farmers prefer to grow sunflower in cold season."

This year, local farmers in Yinmabin Township grew 3,329 acres of sunflower, Kani Township 3,228 acres, Salingyi Township 650 acres and Pale Township, 3,220 acres, totalling 10,427 acres.

In Yinmabin District, relevant agriculture departments conduct training courses for agricultural staff and local farmers to enhance their capacity in growing sunflower.

Local authorities provide quality strains of crops and fertilizers at fair prices and share techniques of making natural fertilizers in addition to implementation of the barter system of exchanging quality strains of seeds among the farmers.

**SK**

# Customs department urges exporters to provide real-time trade data

NAY PYI TAW October 14

The Customs Department notified that exporters need to make real-time trade reporting to facilitate trade, as per its notification 005/2024.

Customs Department is making continuous efforts to ensure smooth trade flow. Real-time information on exported goods is sent simultaneously to the departments concerned upon allowed shipment. Regarding short shipment and ED cancellation reports, there will be amendments in export documents and bills of lading for trade quantity, description of goods and cost.

Yet, some companies are found to fail to send real-time data of short shipments and ED cancellation months after allowed shipment, causing amendments in trade data of the departments concerned and hindering the repatriation process of export earnings.

In order to ensure the accuracy of trade data statistics, exporters need to fill in export declarations with correct information about the type, quantity, and destination of goods to be shipped. Customs Department stated that they need to immediately send a letter to Customs officers in case of amendments in trade data, short shipment, or cancellation. **SK**

# Israeli tanks “forcibly enter” UN position in southern Lebanon: UNIFIL


BEIRUT October 14

The United Nations Interim Force in Lebanon (UNIFIL) reported on Sunday that two Israeli tanks destroyed the main gate of one of its positions in southern Lebanon and "forcibly entered" the site after blocking its movement the previous day.

"At approximately 4:30 in the morning, while the peacekeeping soldiers were in shelters, two Merkava tanks belonging to the Israeli army destroyed the main gate of the position and entered by force. The tanks left about 45 minutes later," UNIFIL said in a statement, referring to a position in the Ramyah area on the Lebanese side of the border.

According to UNIFIL, the breach was part of recent Israeli violations against UN forces and positions over the weekend.

"At approximately 6:40 in the morning, peacekeepers in the same location reported multiple bursts of gunfire 100 meters north, creating dense smoke.




Despite wearing protective masks, 15 peacekeepers experienced symptoms such as skin irritation and stomach issues after the smoke entered the base. They are receiving treatment," the statement added.

In addition, UNIFIL reported that on Saturday, Israeli Defense Forces (IDF) soldiers prevented a critical UNIFIL logistical movement near the southeast village of Mays al-Jabal.

"Any deliberate attack on peacekeepers constitutes a serious violation of international humanitarian law and Security Council Resolution 1701," UNIFIL stated, adding that it has "requested an explanation from the IDF for these shocking violations."

Since September 23, the Israeli army has been carrying out an intense air campaign on Lebanon, dubbed "Arrows of the North," amid escalating tensions with Hezbollah. The campaign has included attacks on UNIFIL positions in southern Lebanon, injuring at least five UN peacekeepers over the past week.

On Sunday, Lebanese Prime Minister Najib Mikati condemned the attacks. Responding to Israeli Prime Minister Benjamin Netanyahu's earlier remarks urging the UN to "get the UNIFIL forces out of harm's way" from southern Lebanon, Mikati said this "represents a new chapter in the enemy's disregard for international legitimacy and its relevant resolutions."

"Lebanon, while condemning Netanyahu's position and the Israeli aggression against UNIFIL, reaffirms its commitment to international legitimacy, Resolution 1701, and the role of the United Nations forces in the south, and demands that the international community take a firm stand to halt Israeli aggression," Mikati added.

Since October 8, 2023, Hezbollah and the Israeli army have been exchanging fire along the Lebanon-Israel border, raising fears of a broader conflict as the war between Hamas and Israel rages in the Gaza Strip.

**Xinhua**

## Russian Defence Minister arrives in Beijing for high-level talks With Chinese leaders

BEIJING October 14

Russian Defence Minister Andrei Belousov has arrived in Beijing for an official visit and will hold talks with the political and military leaders of China, the Russian Defence Ministry said on Monday.

"During the visit, the Russian defence minister will hold a series of talks with the country's military and military-political leadership," the ministry said in a statement.

An official welcoming ceremony for the Russian delegation was held in front of the building of the Central Military Council of the People's Republic of China with the participation of an honor guard. Chinese Defence Minister Admiral Dong Jun greeted his Russian counterpart.

**Sputnik**

# 2024 Nobel Prize in Economics shared by 3 recipients

HELSINKI October 14

The Royal Swedish Academy of Sciences decided on Monday to award the 2024 Sveriges Riksbank Prize in Economic Sciences in Memory of Alfred Nobel to Daron Acemoglu, Simon Johnson, and James A. Robinson.

This trio, consisting of Acemoglu and Johnson from the Massachusetts Institute of Technology (MIT), and Robinson from the University of Chicago, has been honored "for studies of how institutions are formed and affect prosperity."

Jakob Svensson, chair of the Committee for the Prize in Economic Sciences, stated that the laureates have demonstrated the importance of societal institutions in achieving the goal of reducing income differences between countries.

The laureates' research contributes to the understanding that "societies with a poor rule of law and institutions that exploit the population do not generate growth or change for the better," the committee stated in a press release.

Daron Acemoglu was born in 1967 in Istanbul, Türkiye. He earned his PhD in 1992 from the London School of Economics and Political Science and is currently a professor at the Massachusetts Institute of Technology in Cambridge, the United States. Simon Johnson, born in 1963 in Sheffield, the United Kingdom, received his PhD in 1989 from MIT and is also a professor there. James



A. Robinson, born in 1960, obtained his PhD in 1993 from Yale University and is a professor at the University of Chicago, in the United States.

The prize includes 11 million Swedish Krona (approximately 1 million U.S. dollars). Established in 1968 by Sweden's central bank Sveriges Riksbank, the prize has been awarded since 1969 by the Royal Swedish Academy of Sciences, which selects the laureates in economic sciences.

**Xinhua**

# EU member states ‘Strongly Divided’ on issue of providing arms to Israel

MOSCOW October 14

European Union member states are "strongly divided" on the issue of providing arms to Israel, which is a matter of national competence, EU foreign policy chief Josep Borrell said on Monday.

"This is a national competence [providing weapons to Israel], and member states are strongly divided, and I am sure we will discuss it [today]," Borrell told reporters ahead of the EU Foreign Affairs Council in Luxembourg.

In early October, Borrell said that a number of EU member states were ready to provide Israel with assistance in both defensive and offensive operations, in addition to arms supplies.

**Sputnik**

►► From Page - 18

further activate national spirit.

The competitions has now reached its silver jubilee thanks to the participation of all the national races of the Union to successfully hold every competitions.

The competitions play a pivotal role in ensuring sustainability of national culture and strengthening self-esteem.

The amateur new generation of the early events of the competitions that began in 1993 are now professional artists at the current competitions. It is satisfying that the cultural heritage is handed over to amateur kith and kin from regions and states through the competitions.

Myanmar is a country where major races, Kachin, Kayah, Kayin, Chin, Bamar, Mon, Rakhine, Shan, are living in unity and embrace Myanmar country, Myanmar race and Myanmar culture as a common term for national characteristics. When performing arts of Myanmar races is analyzed, however they differ from one another, they all have the same basic musical instruments -- bronze, string, leather, aerophones, and clapping.

Likewise, their dances may look different, but they all are the movements of body parts including **head, waist, legs and hands.** So, they are evolving from the same foundation and source.

Therefore, it can be seen that traditional dances of respective states are chosen by lot every year and then artistes from all regions and states are required to join the dance competitions for the traditional dances as cultural exchange in traditional cultural performing arts competitions. It is believed that national races will understand each other's cultures by exchanging them, not only strengthening friendship but also contributing much to identification, preservation and promotion of traditional arts of national races.



Senior General Min Aung Hlaing and wife Daw Kyu Kyu Hla greet the judges of competitions.

Moreover, not only music was jointly performed with traditional musical instruments of national races but also traditional music of national races, which are distinct characteristics of states, was presented at the opening ceremony of this silver jubilee event. This amounted to appreciation of values of legacies of traditional arts as well as proving the solidarity through arts.

Myanmar traditional arts, which had been thriving in successive eras, were suppressed by colonialists when Myanmar was enslaved by them. As Myanmar artistes, however, resisted the oppression relentlessly and exerted efforts to preserve them out of national spirit, it can be seen proudly that Myanmar traditional cultural arts have continued to thrive with their original traditional characteristics.

Laypersons and monks of great wisdom including monk poets composed 550 life stories and 10 Jataka tales of Buddha into various works including stories, verses and oral stories to enable all three age groups to enjoy them through ways and means of their choice.

It is believed that the performances of **Maha Janaka** Jataka tale at this year's event will be able to vividly depict its moral that noble men will be able to overcome any difficulties and achieve their goals if they exert efforts properly through relentless perseverance, diligence, endeavour and enhanced commitment.

Similarly, it is also expected that **Vessantara** Jataka at the professional level puppet competition will be able vividly depict the merits of precepts observed by noble ones who fulfil the needs of others and rivalries between justice and injustice.

In conclusion, the Senior General urged all artistes to exert efforts through their artistic talent to continue to flourish the culture, arts and national characteristics of Myanmar people, which have been thriving magnificently for millenniums, to preserve the deep-rooted Myanmar history and high standards of Myanmar culture as long as the world exists and to inspire and strengthen the national spirit in new generation youths.

Then, chairman of the steering committee for the event Union Minister for Religious Affairs and Culture U Tin Oo Lwin reported to the Senior General on arrangements for the event.

After the ceremony, the Senior General and wife and party cordially greeted the judges of competitions.

Then, the Senior General and wife cordially greeted national race musicians from the traditional orchestra of the national races and presented honorary cash rewards for them.

The silver jubilee 25th anniversary of Myanmar Traditional Cultural Performing Arts Competition is being organized in accordance with four objectives to uplift national prestige and integrity and to preserve the cultural heritage and national characteristics, to explore, preserve and uplift the traditional cultural heritage of performing arts of ethnic nationals and national cultural characteristics, to explore and preserve the traditional cultural heritage for the young generation and further propagate the national spirit and to serve as a national cultural entity for State development, peace and stability.

**100**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဓာတ်ပုံမြင်ကွင်းများ






























INNOVATION

## ကားမောင်းသလို လွတ်လပ်စွာမောင်းနှင်နိုင်မည့် Jetson One လျှပ်စစ်လေယာဉ်

ကမ္ဘာ့နိုင်ငံများက လျှပ်စစ်စွမ်းအင်ကို အသုံးပြုပြီး ဒေါင်လိုက်အတက်အဆင်း လုပ်နိုင်တဲ့လေယာဉ်တွေကို တီထွင်နိုင်ဖို့ ကြိုးပမ်းနေစဉ်မှာပဲ ဆွီဒင်ရဲ့တက်သစ်စ ကုမ္ပဏီတစ်ခုက အဲဒီလိုမျိုးလေယာဉ်ကို စမ်းသပ်မှုတွေလုပ်ပြလိုက်နိုင်ပါပြီ။

အဲဒီလေယာဉ်ကိုတော့ Jetson One လို့အမည်ပေးထားပါတယ်။ သူ့ရဲ့အဓိက စွမ်းဆောင်ရည်တစ်ခုကတော့ ဘယ်လိုလေယာဉ်တွေနဲ့မှမတူဘဲ ကိုယ်လိုချင်တဲ့ လှုပ်ရှားမှုပုံစံနဲ့ သွားလာနိုင်တာပါပဲ။ ဒါကြောင့် Jetson One ဟာ ပေ့ါပါးသွက်လက်မှုအရှိဆုံးနဲ့ ထိန်းသိမ်းရအလွယ်ကူဆုံးသော လူမောင်းလေယာဉ်တစ်မျိုး ဖြစ်လာတယ်လို့ တက်သစ်စ Jetson ကုမ္ပဏီက ထုတ်ပြန်ထားပါတယ်။

တည်ဆောက်မှုပုံစံက ပေ့ါပါးမှုရှိသလောက် လျှပ်စစ်စွမ်းအင်သုံးပန်ကာဒလက်တွေကလည်း စွမ်းအားပြည့်လွန်းပြီး ဒီဇိုင်းပိုင်းမှာကျစ်ကျစ်လျစ်လျစ်ရှိတဲ့အတွက် Jetson One ကိုမောင်းရတာက လေထဲမှာကားမောင်းနေသလိုခံစားမှုမျိုး ရရှိစေမယ်လို့ထုတ်ပြန်ချက်ထဲမှာဆက်လက်ဖော်ပြထားပါတယ်။

အလူမီနီယံသတ္တုနဲ့ ကာဗွန်ဖိုက်ဘာကိုယ်ထည်ပေါ်မှာတည်ဆောက်ထားတဲ့ Jetson One ရဲ့ဈေးနှုန်းကတော့ ဒေါ်လာ ၁၂၀၀၀၀ ကနေစတင်သွားမှာပါ။ အမြန်ဆုံး တစ်နာရီလျှင် ၆၃ မိုင်နှုန်းနဲ့ မိနစ် ၂၀ အထိလည်း မောင်းနှင်နိုင်ဦးမှာဖြစ်ပါတယ်။

**Ref: IE**

**K.H**



## လက်သုံးချောင်းပါစက်ရုပ်က ဂျာမန်သံစုံတီးဝိုင်း၌ ဂီတမှူးအဖြစ်ဦးဆောင်ပါဝင်

ဒရက်စဒန်ဆင်ဖိုနီကာဆိုတာ ဂျာမန်သံစုံတီးဝိုင်းအဖွဲ့တစ်ဖွဲ့ပါ။ သူတို့က ပရိသတ်ကို ကွဲပြားခြားနားတဲ့ပုံစံနဲ့ ဖျော်ဖြေတင်ဆက်လေ့ရှိတာကြောင့် အလွန်ကိုပဲ လူသိများလှပါတယ်။

မကြာသေးမီကကျင်းပခဲ့တဲ့ သံစုံတီးဝိုင်းဖျော်ဖြေပွဲတစ်ခုမှာဆိုရင် လက်သုံးချောင်းပါဝင်တဲ့ စက်ရုပ်တစ်ရုပ်က သံစုံတီးဝိုင်းရဲ့ဂီတမှူးအဖြစ် ဦးဆောင်ပါဝင်ဖျော်ဖြေသွားတာကိုတွေ့ရပါတယ်။

သူတို့အနေနဲ့ အခုလိုမျိုးဖျော်ဖြေရတဲ့ ရည်ရွယ်ချက်က လူသားဂီတမှူးတွေနေရာမှာ စက်ရုပ်တွေကို အစားထိုးသွားဖို့ မဟုတ်ဘဲ စက်ရုပ်နဲ့လူသားတို့ကြားက ပေါင်းစည်းနိုင်မှုစွမ်းရည်ကိုပြသလိုခြင်းသာဖြစ်တယ်လို့ ဒရက်စဒန်ဆင်ဖိုနီကာအဖွဲ့ကပြောပါတယ်။

အဆိုပါစက်ရုပ်နာမည်ကို MaiRa လို့ပေးထားပြီး ဒီနေ့လိုအခြေအနေရောက်လာဖို့အတွက် သံစုံတီးဝိုင်းအဖွဲ့အနုပညာညွှန်ကြားရေးမှူး မားကပ်ရင့်က နှစ်နှစ်ကြာအောင်လေ့ကျင့်ပေးခဲ့တာပါ။

စက်ရုပ်လက်ချောင်းတစ်ခုစီမှာအဆစ်ခုနစ်ဆစ်စီပါဝင်တာကြောင့် ဂီတတီးမှုတ်မှုနဲ့ပတ်သက်ပြီးညွှန်ကြားမှုကို လူသားများထက်ပင် ပိုမိုကောင်းမွန်စွာညွှန်ကြားပြသနိုင်ခဲ့တယ်လို့ မားကပ်ရင့်ကပြောထားပါတယ်။

**Ref: IE**

**K.H**



SCIENCE

## သိပ္ပံပညာရှင်များက အပူဒဏ်ခံသန္တာကောင်များကိုမွေးမြူနိုင်



သိပ္ပံပညာရှင်များက အပူဒဏ်ကြောင့် သန္တာကျောက်တန်းများ ပျက်စီးမှုကို ကာကွယ်နိုင်ရေးအတွက် အပူဒဏ်ခံနိုင်ရည်ရှိသည့် သန္တာကောင်များကို အောင်မြင်စွာ မွေးမြူလိုက်နိုင်ပါတယ်။

ဒါဟာ ကမ္ဘာ့ပထမဆုံးဖြစ်ပြီး သန္တာကျောက်တန်းများကိုကာကွယ်ဖို့အတွက် သိသာထင်ရှားတဲ့ခြေလှမ်းတစ်ရပ်ဖြစ်လာပါပြီ။ အခုလိုမျိုး အပူဒဏ်ခံနိုင်တဲ့သန္တာကောင်တွေကို နယူးကာဆယ်တက္ကသိုလ်ရဲ့ Coralassist ဓာတ်ခွဲခန်းကနေဖန်တီးလိုက်တာပါ။


အခုလိုမျိုးဖန်တီးမှုတွေလုပ်နိုင်ပြီဖြစ်ပေမယ့်လည်း သန္တာကောင်အရေအတွက်အများအပြားရရှိဖို့ကတော့ နောက်ထပ်သုတေသနတွေဆက်လုပ်ရဦးမယ်လို့ သိပ္ပံပညာရှင်များကဆိုပါတယ်။

သန္တာကျောက်တန်းတွေဆိုတာ အဏ္ဏဝါဂေဟစနစ်အတွက် အလွန်ကိုအရေးပါတဲ့အရာတွေပါ။ အခုအချိန်မှာတော့ ပင်လယ်ရေများပိုမိုပူနွေးလာတဲ့အတွက် သန္တာကျောက်တန်းတွေကလည်း အရောင်တွေကျွတ်ပြီး ပျက်စီးမှုတွေဖြစ်လာပါတယ်။ ပညာရှင်တွေက အခုလိုဖန်တီးနိုင်တယ်ဆိုပေမယ့် ကမ္ဘာ့အပူချိန်လျှော့ကျရေးကသာအရေးအကြီးဆုံးပါ။

**Ref: IE**

**K.H**

## နန်နိုခရစ္စတယ်ပုံစံများက အရာဝတ္ထုများ၏စွမ်းရည်ကိုတိုးတက်စေ



ဩစတြေးလျနိုင်ငံ ကာတင်တက္ကသိုလ်မှသုတေသနပညာရှင်များက နန်နိုခရစ္စတယ်များနဲ့ပတ်သက်ပြီး သုတေသနပြုလေ့လာမှုများလုပ်ဆောင်ရာ ထိုခရစ္စတယ်များက အရာဝတ္ထုများရဲ့စွမ်းဆောင်ရည်ကို တိုးတက်လာစေကြောင်းတွေ့ရတယ်လို့ဆိုပါတယ်။

ပညာရှင်များက ဇင့်ဆာလဖိုက်ရဲ့နန်နိုခရစ္စတယ်များက နည်းပညာပိုင်းဆိုင်ရာအရာဝတ္ထုများအပေါ် ဘယ်လိုမျိုးသက်ရောက်မှုရှိစေလဲဆိုတာကို လေ့လာခဲ့ကြတာပါ။

ဒီလိုလေ့လာရာမှာ နန်နိုခရစ္စတယ်များက အရာဝတ္ထုရဲ့မျက်နှာပြင်သိပ်သည်းမှုကိုပိုမိုဖြစ်ပေါ်စေတယ်ဆိုတာတွေ့ရှိရတဲ့အတွက် ဒါဟာဆိုလာပြားတွေမှာဆိုရင်လည်းစွမ်းအင်ပိုမိုစုပ်ယူနိုင်ပြီးတော့ ဆေးဘက်ဆိုင်ရာမှာဆိုရင်လည်း ပုံရိပ်ဖော်မှုကိုပိုမိုမြင့်မားစေမှာဖြစ်ပါတယ်။


**Ref: IE**

**K.H**

## နန်နိုအမှုန်ကုထုံးက နှလုံးသွေးကြော၌ကပ်နေသောချိုးများကိုဖယ်ရှားနိုင်

မီချီဂန်ပြည်နယ်တက္ကသိုလ်မှ ပညာရှင်များက နန်နိုအမှုန်ကုထုံးတစ်မျိုးကို ဖန်တီးတီထွင်လိုက်ပါတယ်။ ဒီကုထုံးကိုနှလုံးသွေးကြောကျဉ်းရောဂါမှာ အသုံးပြုနိုင်ပါတယ်။ အကြောင်းရင်းကတော့ အဲဒီကုထုံးက နှလုံးသွေးကြောအတွင်းမှာကပ်ငြိနေတဲ့ချိုးတွေကို ကွာကျသွားစေနိုင်တာကြောင့်ပါပဲ။

သူ့ရဲ့အလုပ်လုပ်ပုံက နှလုံးသွေးကြောအတွင်းမှာရှိတဲ့ ရောင်ရမ်းနေတဲ့နေရာကို အဓိကပစ်မှတ်ထားကာ ကုသခြင်းဖြစ်ပြီး သူ့ရဲ့ကုသမှုကြောင့် ကိုယ်ခံအားစနစ်က ချိုးတွေကိုဖယ်ရှားပေးဖို့ ကူညီပေးတာဖြစ်ပါတယ်။



နှလုံးရောဂါဆိုတာ ကမ္ဘာတစ်ဝန်းမှာ လူသေဆုံးမှုအများဆုံးဖြစ်စေတဲ့ရောဂါတစ်ခုဖြစ်ပြီး အထူးသဖြင့် နှလုံးသွေးကြောထဲမှာ ချိုးများကပ်ငြိခြင်းကြောင့် ရောဂါဖြစ်ရတာဖြစ်ပါတယ်။

**Ref: IE**

**K.H**

# တရုတ်တပ်မတော်က ထိုင်ဝမ်ကျွန်းကို စစ်ရေးနည်းဖြင့်ဝိုင်းပတ်ပိတ်ဆို့သည့် ဇာတ်တိုက်လေ့ကျင့်မှုပြုလုပ်

**ပေကျင်း၊ စစ်ရေး**


ကြည်း၊ ရေ၊ လေနှင့် ဒုံးတပ်ဖွဲ့များပါဝင်သည့် တရုတ်တပ်မတော်က ထိုင်ဝမ်ကျွန်းကို စစ်ရေးနည်းဖြင့်ဝိုင်းပတ်ပိတ်ဆို့သည့် ဇာတ်တိုက်လေ့ကျင့်မှုပြုလုပ်နေသည်ဟု စစ်ဘက်မှပြောရေးဆိုခွင့်ရှိသူတစ်ဦးက အောက်တိုဘာလ ၁၄ ရက်တွင်ပြောသည်။

ထိုသို့ပူးပေါင်းစစ်ဆင်ရေးဇာတ်တိုက်လေ့ကျင့်မှုသည် တရုတ်တပ်ဖွဲ့များ၏ ပူးပေါင်းဆောင်ရွက်မှုစွမ်းရည်ကို စမ်းသပ်ရန်နှင့် ထိုင်ဝမ်ကျွန်းရှိ ခွဲထွက်ရေးအဖွဲ့များကို သတိပေးခြင်းဖြစ်ကြောင်း တရုတ်တပ်မတော် အရှေ့ပိုင်းစစ်နယ်ဝန်းကွပ်ကဲမှုဌာနချုပ်မှ ပြောရေးဆိုခွင့်ရှိသူလီရီက ပြောသည်။

အဆိုပါလေ့ကျင့်မှုကို Joint Sword-2024B ဟုအမည်ပေးထားပြီး ကြည်း၊ ရေ၊ လေနှင့်ဒုံးတပ်ဖွဲ့တို့သည် ထိုင်ဝမ်ကျွန်း၏ အရပ်လေးမျက်နှာမှဝင်လာပြီး မြေပြင်၊ ရေပြင်ရှိပစ်မှတ်များကို တိုက်ခိုက်ခြင်း၊ အဓိကကျသောနေရာများကို ကာကွယ်ခြင်း အစရှိသည်တို့ကိုလေ့ကျင့်သွားမည်ဖြစ်ကြောင်း ၎င်းကဆက်ပြောသည်။

လေ့ကျင့်မှုတွင် လေယာဉ်တင်သင်္ဘောဖြစ်သည့် လျောင်နင်လည်းပါဝင်ပြီး ထိုသင်္ဘောပေါ်မှ တိုက်လေယာဉ်များကို စေလွှတ်ခြင်းဖြစ်သည်။ အလားတူ အခြားသောတိုက်လေယာဉ်များနှင့် ဗုံးကြဲလေယာဉ်များကလည်း လေတပ်စခန်းအသီးသီးမှပျံတက်လာပြီး လေ့ကျင့်မှုတွင်ပါဝင်သည်ကိုတွေ့ရသည်။

ထိုင်ဝမ်ကျွန်း၌ လိုင်ချင်းတယ်က ခေါင်းဆောင်ဖြစ်လာပြီးနောက် ခွဲထွက်ရေးလှုပ်ရှားမှုများ ပိုမိုပြုလုပ်လာသည့်အတွက် ပြည်မကြီးနှင့်တင်းမာမှုများ ပိုမိုမြင့်တက်လာခြင်းဖြစ်သည်။ **Ref: RT, SCMP**



# အစ္စရေးတင့်များက ကုလငြိမ်းချမ်းရေးထိန်းသိမ်းမှုစခန်းကို အတင်းဝင်ရောက်

**ဂျေရုဆလင်၊ စစ်ရေး**

အစ္စရေးတင့်များသည် အောက်တိုဘာလ ၁၃ ရက်တွင် လက်ဘနွန်ရှိကုလသမဂ္ဂ၏ ငြိမ်းချမ်းရေးထိန်းသိမ်းမှုစခန်းကို အတင်းဝင်ရောက်လာကြောင်းနှင့် ထိုသို့ဝင်လာမှုသည် ကုလသမဂ္ဂတပ်ဖွဲ့အပေါ် အစ္စရေး၏စော်ကားမှုဖြစ်ကြောင်း ကုလသမဂ္ဂက ထုတ်ပြန်ထားသည်။

သို့သော် ကုလသမဂ္ဂ၏ငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့ဝင်များသည် ဟစ်ဇဘိုလာများအတွက် လူသားတံတိုင်းများကဲ့သို့ဖြစ်နေကြောင်းနှင့် ထိုတပ်ဖွဲ့များ ဆုတ်ခွာရန်တောင်းဆိုကြောင်း အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုက ပြောထားသည်။

အစ္စရေး၏ Merkava တင့်နှစ်စီးသည် ကုလသမဂ္ဂတပ်ဖွဲ့အခြေစိုက်ရာ စခန်းဝင်ပေါက်ကိုဖျက်ဆီးပြီး အတင်းဝင်ရောက်လာခြင်းဖြစ်ကြောင်း၊ တင့်များထွက်ခွာသွားပြီးနောက် စခန်းမှမီတာ ၁၀၀ အကွာသို့ မီးခိုးဗုံးများကျရောက်ပေါက်ကွဲသည့်အတွက် စခန်းရှိစစ်သည်များနာမကျန်းဖြစ်ရကြောင်း ကုလသမဂ္ဂအဖွဲ့ကပြောသည်။

သို့သော် ဟစ်ဇဘိုလာများနှင့်တိုက်ပွဲအပြင်းအထန်ဖြစ်ပွားနေစဉ် အစ္စရေးက ၎င်းတို့၏တပ်ဖွဲ့ဝင်များကို မီးခိုးမှိုင်းကာချပြီး ကယ်ထုတ်ရန်ကြိုးပမ်းခြင်းသာဖြစ်ကြောင်းနှင့် ကုလသမဂ္ဂတပ်ဖွဲ့ဝင်များကို ထိခိုက်စေခြင်းမရှိကြောင်း အစ္စရေးဘက်ကထုတ်ပြန်ထားသည်။ တစ်ဖက်တွင် ဟစ်ဇဘိုလာတို့က ၎င်းတို့အနေဖြင့်ထိုတပ်ဖွဲ့ကိုလူသားတံတိုင်းအဖြစ် အသုံးချနေခြင်းမရှိကြောင်း ထုတ်ပြန်ထားသည်ဟုသိရသည်။ **Ref: RTA**



# ထရမ့်ကိုလုပ်ကြံရန်သံသယရှိသူနောက်တစ်ဦးကို သေနတ်များနှင့်အတူ ဖမ်းဆီးလိုက်နိုင်

**ဝါရှင်တန်၊ ပြည်တွင်းရေး**

အမေရိကန်သမ္မတရွေးကောက်ပွဲဝင်ကိုယ်စားလှယ်လောင်းဖြစ်သည့် ဒေါ်နယ် ထရမ့်ကိုလုပ်ကြံရန် သံသယရှိသူနောက်တစ်ဦးကို ကျည်ဖြည့်ထားသည့်သေနတ်များနှင့်အတူ ဖမ်းဆီးလိုက်နိုင်ကြောင်း ဒေသတွင်းရဲတပ်ဖွဲ့က အောက်တိုဘာလ ၁၃ ရက်တွင်ထုတ်ပြန်သည်။

အသက် ၄၉ နှစ်ရှိ ဗန်မေလာဆိုသူ အမျိုးသားက ထရမ့်၏ကယ်လီဖိုးနီးယားပြည်နယ်မဲဆွယ်စည်းရုံးပွဲတစ်ခုသို့ သတင်းထောက်ကတ်အတုဖြင့်ဝင်ရန်ကြိုးပမ်းစဉ် စစ်ဆေးရေးဂိတ်၌ သေနတ်အတိုတစ်လက်၊ အရှည်တစ်လက်၊ ကျည်အိမ်တစ်ခုတို့နှင့်အတူ အဖမ်းခံလိုက်ရခြင်းဖြစ်သည်။

လက်ရှိတွင် ၎င်းကိုဒေါ်လာ ၅၀၀၀ ဖြင့်အာမခံပေးထားပြီး တရားမဝင်လက်နက်ကိုင်ဆောင်မှုများဖြင့် ဇန်နဝါရီလတွင် တရားစွဲဆိုသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။ **Ref: RT**

## သတင်းတိုကဏ္ဍ

# မြောက်ကိုရီးယားက တောင်ကိုရီးယားနှင့်ချိတ်ဆက်ထားသည့်လမ်းများကို ဖောက်ခွဲရန်ပြင်ဆင်နေဖွယ်ရှိဟုဆို

မြောက်ကိုရီးယားက တောင်ကိုရီးယားနှင့်ချိတ်ဆက်ထားသည့် နယ်စပ်လမ်းများကို ဖောက်ခွဲရန်အသင့်ပြင်ဆင်နေဖွယ်ရှိကြောင်း တောင်ကိုရီးယားက အောက်တိုဘာလ ၁၄ ရက်တွင်ပြောသည်။

မြောက်ကိုရီးယားဘက်မှစစ်သည်များသည် အနောက်ဘက်နှင့်အရှေ့ဘက် ကမ်းရိုးတန်းအနီးရှိနယ်စပ်များတွင်ပုံဖျက်ပြီး လမ်းများကိုဖောက်ခွဲရန်ပြင်ဆင်ရေးလုပ်ငန်းများလုပ်နေဖွယ်ရှိကြောင်း တောင်ကိုရီးယားစစ်ဘက်မှ ပြောရေးဆိုခွင့်ရှိသူကပြောသည်။

တောင်ကိုရီးယားဘက်မှဒရုန်းများက မြောက်ကိုရီးယားဘက်သို့ ကျူးကျော်ဝင်ရောက်လာပြီးနောက် နယ်စပ်ရှိ မြောက်ကိုရီးယားအမြောက်တပ်ဖွဲ့သည်လည်း ပစ်ခတ်ရန်အသင့်ပြင်ထားပြီဖြစ်ကြောင်း ထုတ်ပြန်ထားသည်။

အောက်တိုဘာလ ၁၁ ရက်တွင် တောင်ကိုရီးယားက ဒရုန်းများကိုလွှတ်တင်ကာ မြောက်ကိုရီးယားဆန့်ကျင်ရေးလက်ကမ်းစာစောင်များကြဲချသည်ဟု မြောက်ကိုရီးယားဘက်ကစွပ်စွဲထားသည်။

**Ref: TST**

# အမေရိကန်လေတပ်စခန်းတစ်ခုအပေါ်မှ လျှို့ဝှက်ဆန်းကြယ်ဒရုန်းများ ပျံသန်းသွားဟုဆို

အမျိုးအမည်မသိ လျှို့ဝှက်ဆန်းကြယ်သည့် ဒရုန်းအုပ်တစ်အုပ်သည် ဗာဂျီးနီးယားပြည်နယ်ရှိ အမေရိကန်စစ်စခန်းတစ်ခုအပေါ်မှ ပျံသန်းသည့်ဖြစ်စဉ်ဖြစ်ပွားပြီး ထိုဖြစ်စဉ်ကို အမေရိကန်တို့က ဟန့်တားနိုင်ခြင်းမရှိကြောင်း Wall Street Journal ကထုတ်ပြန်ထားသည်။

ထိုဒရုန်းအုပ်သည် F-22 Raptor များထားရှိရာ လန်ဂလီလေတပ်စခန်းအပေါ်မှ ပျံသန်းသွားခြင်းဖြစ်ရာ ဦးဆောင်ဒရုန်းမှာ ပျမ်းမျှပေ ၂၀ အရှည်ရှိပြီး တစ်နာရီလျှင် မိုင် ၁၀၀ ကျော်နှုန်းဖြင့် အမြင့်ပေ ၃၀၀၀ မှ ၄၀၀၀ ကြားတွင်ပျံသန်းသွားခြင်းဖြစ်ကြောင်း လေတပ်ဗိုလ်ချုပ်ကြီး မာ့ကယ်လီကပြောသည်။

သို့သော် လေတပ်စခန်းမှတာဝန်ရှိသူများက မည်သို့မျှမတတ်နိုင်ဘဲရပ်ကြည့်နေရကြောင်း၊ ပြည်ထောင်စုဥပဒေတွင်လည်း စစ်စခန်းများအနီးပျံသန်းလာသော ဒရုန်းများသည် အန္တရာယ်မရှိပါကပစ်ချခြင်းမပြုရန် ထုတ်ပြန်ထားကြောင်းနှင့် ရဲတပ်ဖွဲ့က ထိုဒရုန်းများနောက်ကို ခြေရာခံလိုက်သော်လည်း ဒရုန်းမောင်းသူများကို ဖော်ထုတ်လိုက်နိုင်ခြင်းမရှိကြောင်း ထိုသတင်းဌာနက ဖော်ပြထားသည်။

**Ref: RT**

# ၂၀၂၄ ခုနှစ်အတွက် စီးပွားရေးဆိုင်ရာနိုဘယ်ဆုကို နိုင်ငံသုံးခုမှ ပါမောက္ခသုံးဦးကရရှိ

၂၀၂၄ ခုနှစ်အတွက် စီးပွားရေးဆိုင်ရာ နိုဘယ်ဆုကို နိုင်ငံသုံးခုမှပါမောက္ခသုံးဦးက ရရှိသွားကြောင်း တော်ဝင်ဆွီဒင်သိပ္ပံအကယ်ဒမီက အောက်တိုဘာလ ၁၄ ရက်တွင်ထုတ်ပြန်သည်။

၎င်းတို့သုံးဦးသည် အဖွဲ့အစည်းများအနေဖြင့် မည်ကဲ့သို့ဖြစ်ပေါ်လာပြီး ချမ်းသာကြွယ်ဝမှုအပေါ် မည်သို့အကျိုးသက်ရောက်စေသည်ဟူသော လေ့လာမှုနှင့်ပတ်သက်၍ စီးပွားရေးဆိုင်ရာ နိုဘယ်ဆုကိုရရှိခြင်းဖြစ်သည်။

ထိုသုံးဦးမှာ မက်ဆာချူးဆက်နည်းပညာတက္ကသိုလ်မှ တူကီယဲနိုင်ငံသား ဒဲရွန်အက်ဆီမိုဂလူ၊ ဗြိတိန်နိုင်ငံသား ဆိုင်မွန်ဂျွန်ဆင်နှင့် ရှီကာဂိုတက္ကသိုလ်မှ အမေရိကန်နိုင်ငံသား ဂျိမ်းအေရော်ဘင်ဆန်တို့ဖြစ်သည်။

အဆိုပါပညာရှင်သုံးဦးကြောင့် နိုင်ငံများကြားတွင် ဝင်ငွေခြားနားမှုများလျော့ကျစေရေးရည်မှန်းချက်ကိုဆောင်ကြဉ်းရာ၌ လူမှုအဖွဲ့အစည်းများ၏အရေးပါမှုကို သိရှိလာရခြင်းဖြစ်ကြောင်း စီးပွားရေးနိုဘယ်ဆုရွေးချယ်ရေးကော်မတီဥက္ကဋ္ဌကပြောထားသည်။ **Ref: Xinhua**

# အိန္ဒိယက ဒုံးကျည်စမ်းသပ်ကွင်းအသစ်တည်ဆောက်မည်

အိန္ဒိယအစိုးရက အန်ဒရာပရာဒေ့ပြည်နယ်၌ ဒုံးကျည်စမ်းသပ်ကွင်းအသစ်တစ်ခုတည်ဆောက်ရန် ခွင့်ပြုလိုက်ကြောင်း သိရသည်။

အဆိုပါဒုံးကျည်စမ်းသပ်ကွင်းအသစ်ကို နာဂါယာလန်ကာဒေသ၌တည်ဆောက်သွားမည်ဖြစ်ပြီး မြေပြင်မှဝေဟင်ပစ်ဒုံးကျည်များ၊ တင့်ဖျက်ဒုံးကျည်များအပါအဝင် အခြားနည်းဗျူဟာမြောက်ဒုံးကျည်များပစ်ခတ်စမ်းသပ်မှုကို ထိုနေရာ၌ လုပ်ဆောင်သွားမည်ဖြစ်သည်။

အိန္ဒိယနိုင်ငံ၏ ကာကွယ်ရေးသုတေသနနှင့်ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့အနေဖြင့် ဒုံးကျည်အသစ်များကိုဖန်တီးထုတ်လုပ်မှုက မြင့်မားသောအခြေအနေသို့ရောက်ရှိလာပြီဖြစ်သည့်အတွက် ယခုကဲ့သို့စမ်းသပ်ကွင်းအသစ်ကို တည်ဆောက်ရန်စီစဉ်လာခြင်းဖြစ်သည်။ ထိုဒုံးကျည်များထဲတွင် တာနီးလေကြောင်းရန် ကာကွယ်ရေးဒုံးကျည်များလည်းပါဝင်ကြောင်း ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

**Ref: RT**

# ပဲခူးမြို့ ဆုတောင်းပြည့်ရွှေမော်ဓောစေတီတော်မြတ်ကြီး ရင်ပြင်တော်၌ ဆီမီး ၁၀၀၀၀ ထွန်းညှိပူဇော်ပွဲ စည်ကားသိုက်မြိုက်စွာကျင်းပမည်



ပဲခူး အောက်တိုဘာ ၁၄

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူး၍ ပဲခူးမြို့ ဆုတောင်းပြည့်ရွှေမော်ဓောစေတီတော်မြတ်ကြီး ရင်ပြင်တော်၌ သီတင်းကျွတ်လပြည့်နေ့ (အောက်တိုဘာလ ၁၇ ရက်)ညပိုင်းအချိန်တွင် ဆီမီး ၁၀၀၀၀ ထွန်းညှိပူဇော်ပွဲကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။

ထို့ပြင် သီတင်းကျွတ်ပွဲတော်ကာလတွင် ပဲခူးမြို့၌ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့မှကြီးမှူး၍ ပထမအကြိမ် အရှင်ဥပဂုတ္တရဟန္တာမထေရ်မြတ်ကြီး ဥဒကဒေသစာရီ လှည့်လည်အပူဇော်ခံယူတော်မူရန် စံကျောင်းတော်သို့ပင့်ဆောင်ပူဇော်ခြင်းမင်္ဂလာအခမ်းအနားနှင့် မြန်မာ့ရိုးရာယဉ်ကျေးမှု သီတင်းကျွတ်မီးမျှောပူဇော်ပွဲတို့ကိုကျင်းပသွားဖြစ်ပြီး ပျော်ပွဲရွှင်ပွဲအနေဖြင့် သီတင်းကျွတ်လဆန်း ၁၁၊ ၁၂၊ ၁၃ ရက်(အောက်တိုဘာလ ၁၃၊ ၁၄၊ ၁၅ ရက်)တို့တွင် နိုင်ငံကျော်မျက်လှည့်ပညာရှင်ကြီး စက္ကောမ၊ ရဲဇော်ထွန်းအဆင့်မြင့်ဆက်ကပ်အဖွဲ့ကြီးမှလည်းကောင်း၊ သီတင်းကျွတ်လဆန်း ၁၄၊ ၁၅ ရက်(အောက်တိုဘာလ ၁၆ ၊ ၁၇ ရက်)တို့တွင် ရုပ်ရှင်နှင့်ဗီဒီယိုသရုပ်ဆောင်စွမ်းဇာနည်နှင့်အဖွဲ့တို့မှလည်းကောင်း၊ သီတင်းကျွတ်လပြည့်ကျော် ၁ ရက် (အောက်တိုဘာလ ၁၈ ရက်)တွင် မာမီသက်(ခ)ဖဝေးမောင်နှင့် လေးကမတို့ပါဝင်သည့် အဖွဲ့မှလည်းကောင်း အသီးသီးဖျော်ဖြေတင်ဆက်သွားကြမည်ဖြစ်သည့်အပြင် ဖျော်ဖြေရေးယာဉ်ဖြင့် မြို့တွင်းသို့လှည့်လည်၍ ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်သည်။

ပွဲတော်လာပြည်သူများ စိတ်ချမ်းသာမှုနှင့် စိတ်အပန်းဖြေနိုင်ရေးအတွက် လမ်းမကြီးများပေါ်တွင် ရောင်စုံအလှမီးဆိုင်းများထွန်းညှိထားခြင်း၊ ဈေးရောင်းပွဲတော်ထည့်သွင်းကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(၄၀၁)၊ တင်စိုး(ပဲခူး)

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအားနှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များဝင်ခွင့်လျှောက်ထားနိုင်

ရန်ကုန် အောက်တိုဘာ ၁၄

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်၊ မန္တလေး) တို့၏ ၁၃၈၆-၁၃၈၇(၂၀၂၄-၂၀၂၅) ပညာသင်နှစ်အတွက် သာသနတက္ကသီလဓမ္မာစရိယတန်း(ပထမနှစ်)သို့ အစိုးရပထမကြီးတန်း၊ စေတိယင်္ဂဏစာသင်တန်း၊ သကျသီဟစာသင်တန်းတစ်ခုခု အောင်မြင်ပြီး သက်တော် ၃၀ နှစ်၊ သိက္ခာ ၁၀ ဝါအောက်ရှိရမည့် ရဟန်း/သာမဏေများနှင့် သာသနတက္ကသီလမဟာဓမ္မာစရိယတန်း(ပထမနှစ်)သို့ သာသနတက္ကသီလဓမ္မာစရိယဘွဲ့၊ သာသနဓဇဓမ္မာစရိယဘွဲ့၊ သကျသီဟဓမ္မာစရိယဘွဲ့နှင့် စေတိယင်္ဂဏဓမ္မာစရိယဘွဲ့တစ်ခုခုရရှိပြီး သက်တော် ၃၅ နှစ်၊ သိက္ခာ ၁၅ ဝါအောက်ရှိရမည့် ရဟန်း/ သာမဏေများ လျှောက်ထားနိုင်သည်။

သာသနတက္ကသီလဓမ္မာစရိယတန်း(ပထမနှစ်) ဝင်ခွင့်လျှောက်ထားသော ရဟန်း/သာမဏေများသည် အစိုးရပထမကြီးတန်းနှင့်ညီမျှသော ဝိနည်းဆိုင်ရာ(၅)ပုစ္ဆာနှင့် အဘိဓမ္မာဆိုင်ရာ(၅)ပုစ္ဆာ၊ မေးခွန်းလွှာတစ်ခု၊ ပါဠိဆိုင်ရာ(၅)ပုစ္ဆာနှင့် အထွေထွေဗဟုသုတ(၅)ပုစ္ဆာ၊ မေးခွန်းလွှာတစ်ခုကို တစ်ရက်စီ စုစုပေါင်းနှစ်ရက် ဖြေဆိုရမည်ဖြစ်သည်။

သာသနတက္ကသီလမဟာဓမ္မာစရိယတန်း(ပထမနှစ်) ဝင်ခွင့်လျှောက်ထားသော ရဟန်း/သာမဏေများသည် သာသနတက္ကသီလဓမ္မာစရိယတန်း(စတုတ္ထနှစ်)နှင့်ညီမျှသော ဝိနည်း၊ သုတ္တန်၊ အဘိဓမ္မာကို ပထမနေ့တွင် (က) အတ္ထယောဇနာ၊ (ခ) ဝါကျသဒ္ဒါ၊ (ဂ) အဓိပ္ပာယတ္ထ၊ (ဃ) ခေတ်လေ့လာနည်းအားဖြင့် (၁၀)ပုစ္ဆာ ဖြေဆိုရမည်။ ဒုတိယနေ့တွင် ပါဠိ၊ မြန်မာ၊ အင်္ဂလိပ်၊ ပြန့်ပွားဘာသာအားဖြင့် (၁၀)ပုစ္ဆာဖြေဆိုရမည်ဖြစ်သည်။

သာသနာ့တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာများကို ၁၃၈၆ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၁၁ ရက်၊ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက် (တနင်္လာနေ့နှင့် အစိုးရရုံးပိတ်ရက်များမှအပ) တွင် စတင်ထုတ်ပေးသွားမည်ဖြစ်ရာ ၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၂ ရက်၊ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက် (အင်္ဂါနေ့) နောက်ဆုံးထား၍ သက်ဆိုင်ရာတက္ကသိုလ်များ၏ မော်ကွန်းထိန်းရုံးတို့၌တင်သွင်းနိုင်ပြီး အသေးစိတ်သိရှိလိုသောအချက်များကို နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) မော်ကွန်းထိန်းရုံး (ဖုန်း-၀၉-၅၄၀၀၈၂၈၊ ၀၉-၄၂၅၀၀၈၇၂၈)နှင့် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး) မော်ကွန်းထိန်းရုံး (ဖုန်း-၀၉-၂၀၃၅၅၇၂၊ ၀၉-၂၅၀၂၃၀၇၉၁) တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

# ကင်းသာရေထိန်းတမံ ပြန်လည်ပြုပြင်ဆောင်ရွက်နေမှု ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော် ကွင်းဆင်းကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၁၄

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲမှု ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့်အတူ ယမန်နေ့မွန်းလွဲပိုင်းက ရာဂိမုန်တိုင်းအလွန် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့သည့် နေပြည်တော် တပ်ကုန်းမြို့နယ် ကျောက်ဆည်ကျေးရွာအနီးရှိ ကင်းသာရေထိန်းတမံရေထုတ်ပွန်မှတစ်ဆင့် ထိခိုက်ပျက်စီးမှုမရှိသည့်စိုက်ပျိုးဧကများ အမြန်ဆုံးရေပေးဝေနိုင်ရေး ဆောင်ရွက်ခြင်း၊ စက်ယန္တရားများအသုံးပြု၍ ရေပိုလွှဲမှ ရေစီးဆင်းမှုပိုမိုကောင်းမွန်စေရန် ရေလမ်းကြောင်း ရှင်းလင်းခြင်းဆောင်ရွက်နေမှုများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။

ဦးစွာ တာဝန်ရှိသူများက မိုးသည်းထန်စွာရက်ဆက်ရွာသွန်းမှုကြောင့် ရေထိန်းတမံအတွင်းသို့ သိုလှောင်နိုင်သည့်ပမာဏထက်များစွာပိုမိုသောရေများ အလုံးအရင်းဖြင့်ဝင်ရောက်မှု၊ တမံထိခိုက်ပျက်စီးခဲ့မှုဖြစ်စဉ်များကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက တမံအတွင်း ပြည့်နှက်နေသည့်နုန်းများ၊ သဲများ ဖယ်ထုတ်ခြင်းလုပ်ငန်းများကို အဆင့်လိုက် ဆောင်ရွက်နိုင်ရေးစီမံရန် ကျိုးပေါက်နေသည့် တမံနေရာများ စနစ်တကျဖြင့် ပြန်လည်ပြုပြင်သွားရန်အတွက် ဒီဇိုင်းပုံစံအတိုင်း စနစ်တကျပြန်လည်ပြင်ဆင်နိုင်ရေး၊ ကင်းသာရေထိန်းတမံအောက်ပိုင်းရှိလယ်မြေများတွင် သဲနုန်းများဖုံးလွှမ်းပျက်စီးခြင်း၊ ချောင်းရိုးပြောင်းလဲခြင်းများဖြစ်ပေါ်ခဲ့သော်လည်း အချို့ကုန်းမြင့်ပိုင်းလယ်များမှာ ရေဖုံးလွှမ်းမှု လုံးဝထိခိုက်မှုမရှိသည်ကိုတွေ့ရှိရပြီး ထိခိုက်မှုမရှိသောလယ်မြေများကို ပန်းတိုင်အထွက်ရရှိအောင် ဆောင်ရွက်ပံ့ပိုးကူညီပေးနိုင်ရေး ဆွေးနွေးမှာကြားပြီး ကင်းသာရေထိန်းတမံအတွင်း ရေဝင်ရောက်သည့် ရေဝင်ချောင်းအထက်ပိုင်းရှိရိုးချောင်းများမှ ရေတိုက်စားမှုကြောင့် သဲနုန်းများ ထပ်မံဝင်ရောက်နိုင်သည့်အခြေအနေများ ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မုန်ရေထိန်းတမံဆည်ရေသောက် ဧရိယာအတွင်းရှိ စိုက်ပျိုးရေပေးဝေရေးအတွက် ရေသောက်စနစ်များ ပြန်လည်ပြုပြင်ပြီး ရေပေးဝေမှုအခြေအနေကိုကြည့်ရှုစစ်ဆေး၍ တောင်သူများ၏ လိုအပ်ချက်အခက်အခဲများကို သက်ဆိုင်ရာတာဝန်ရှိသူများ ပိုင်းဝန်းဆွေးနွေးချိတ်ဆက်အဖြေရှာပေးကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

# ကျုံပျော်မြို့နယ်၌ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် တောင်သူများနှင့် နည်းပညာနှီးနှောဖလှယ်ပွဲကျင်းပ

နေပြည်တော် အောက်တိုဘာ ၁၄

စက်တင်ဘာလ ဒုတိယပတ်တွင် ဖြစ်ပေါ်ခဲ့သော မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးနစ်မြုပ်၍ ထိခိုက်ပျက်စီးခဲ့သည့်သီးနှံများ အချိန်မီပြန်လည်စိုက်ပျိုးနိုင်ရေးနှင့် ထိခိုက်မှုမရှိခဲ့သည့်ဧရိယာများမှ စပါး၊ ဆီထွက်၊ ပဲ၊ ဝါသီးနှံများ အထွက်နှုန်းတိုးတက်စေရေးအတွက် တောင်သူများနှင့် နည်းပညာနှီးနှောဖလှယ်ပွဲကို ယမန်နေ့က ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်၌ ကျင်းပခဲ့ကြောင်းသိရသည်။

နည်းပညာနှီးနှောဖလှယ်ပွဲသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနတို့မှ သုတေသီများနှင့် မျိုး၊ မြေ၊ ရေ နည်းပညာရှင်များ၊ တိုင်းဒေသကြီး၊ ခရိုင်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျုံပျော်၊ ဓနုဖြူ၊ ကျောင်းကုန်း၊ ရေကြည်၊ ပန်းတနော်မြို့နယ်တို့မှ ဝန်ထမ်းများနှင့် တောင်သူများ တက်ရောက်ကြသည်။

နှီးနှောဖလှယ်ပွဲတွင် ဒုတိယဝန်ကြီးက တောင်သူကြီးများအနေဖြင့် မိမိတို့ပိုင်ဆိုင်သောလယ်ယာမြေစီမံခန့်ခွဲရာတွင် အထူးသဖြင့် အထွက်နှုန်းပိုမိုရရှိရန် ရေသည် အရေးကြီးသကဲ့သို့ မြေဆီလွှာကျန်းမာရေးကောင်းမွန်စေရန် သဘာဝမြေဩဇာများ ပြုလုပ်ထည့်သွင်းအသုံးပြုပေးခြင်း၊ နွားချေးများထည့်ပေးခြင်း၊ သစ်စိမ်းမြေဩဇာစိုက်ပေးခြင်း စသည်ဖြင့် ပြန်လည်ထိန်းသိမ်းခြင်းများသည်လည်း အရေးကြီးကြောင်း၊ ထို့အတူ မိတ်ဆွေပိုးများကို ဆွဲဆောင်နိုင်သည့် နေကြာကဲ့သို့ သီးနှံများစိုက်ပျိုးခြင်းဖြင့် ဂေဟစနစ်ကိုလည်း ပြန်လည်ထိန်းညှိပေးနိုင်မည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ သီးနှံမျိုးပညာရှင်များ၊ မြေဆီလွှာပညာရှင်များ၊ သီးနှံကာကွယ်ရေးပညာရှင်များက စပါး၊ ဆီထွက်သီးနှံ၊ ပဲမျိုးစုံ စသည့် သီးနှံမျိုးများနှင့်စပ်လျဉ်း၍လည်းကောင်း၊ မြေဆီလွှာယိုယွင်းမှုအပေါ် ကာကွယ်ထိန်းသိမ်းနည်းများ၊ ဂေဟစနစ်ပြန်လည်ကောင်းမွန်လာစေရေးအတွက် ဘက်စုံပိုးမွှားကာကွယ်နှိမ်နင်းနည်းများ၊ ပေါင်းမြက် ကာကွယ်နည်းများကိုလည်းကောင်းဆွေးနွေးခဲ့ကြသည်။

ယင်းနောက် တောင်သူများနှင့်အုပ်စုဖွဲ့ကာ သက်ဆိုင်ရာဘာသာရပ်အလိုက် ဆွေးနွေးကြပြီး အုပ်စုအလိုက်ဆွေးနွေးရရှိချက်များကို ဒုတိယဝန်ကြီးက ဖြည့်စွက်ဆွေးနွေးပြီး လိုအပ်ချက်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ကျုံပျော်ခရိုင် ကျောင်းကုန်းမြို့နယ် ဂုန်မင်းကျေးရွာအုပ်စုရှိ ရေကြီးနစ်မြုပ်ပြန်လည်စိုက်ပျိုးသည့် စပါးစိုက်ခင်းအား သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာ ကြဲပက်ထားရှိမှုအခြေအနေများကိုမေးမြန်းပြီး သဘာဝမြေဩဇာ၊ ဓာတ်မြေဩဇာ၊ ပေါင်းနှိမ်နင်းခြင်း၊ ရောဂါကျရောက်မှုအခြေအနေများအပေါ် ဆောင်ရွက်သင့်သည်များဆွေးနွေးမှာကြားသည်။

ယင်းနောက် ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် ကွင်းယားအရှေ့ကျေးရွာအုပ်စု မိုးစပါး ဧက ၁၀၀ အထွက်တင်း ၁၀၀ အထက်ထွက်ရှိရေးမျိုးစေ့ထုတ်စံပြကွက်ကို ကြည့်ရှုအားပေးပြီး ကွင်းယားကြီးခန်းမ၌ ဒေသခံတောင်သူများ၊ ပညာရှင်ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ပဲမျိုးစုံသီးနှံ၊ ဆီထွက်သီးနှံ၊ သီးနှံကာကွယ်ရေး၊ မြေဆီလွှာထိမ်းသိမ်းရေးဆိုင်ရာများနှင့် လာမည့်နှစ်တွင် စပါးနှင့် နေကြာ၊ ပဲပုပ်သီးနှံများ ထည့်သွင်းစိုက်ပျိုးသွားရန် ဆွေးနွေးခဲ့ကြောင်း သိရသည်။

(၅၀၀)

# မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီးကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ လက်ခံတွေ့ဆုံ



နေပြည်တော် အောက်တိုဘာ ၁၄

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာညွန့်ဖေသည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး H.E. Mr. Abhay Thakur ကို ယနေ့ ညနေ ၄ နာရီတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန ရုံးအမှတ် ၁၃ ရှိ အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် အိန္ဒိယနှင့်မြန်မာနှစ်နိုင်ငံ ပညာရေးပိုမိုပူးပေါင်းဆောင်ရွက်ရေး၊ အိန္ဒိယနိုင်ငံမှ မြန်မာနိုင်ငံသို့ ပညာတော်သင်ဆုများပိုမိုပေးအပ်ရေး၊ Naypyitaw State Academy သို့ အိန္ဒိယက ခေတ်မီဓာတ်ခွဲခန်းသုံးကိရိယာများ လှူဒါန်းထောက်ပံ့ရေး၊ ၂၀၀၉ ခုနှစ်က အိန္ဒိယအစိုးရ အကူအညီဖြင့် ရန်ကုန်စီးပွားရေးတက္ကသိုလ်တွင် ဖွင့်လှစ်ခဲ့သော မြန်မာ-အိန္ဒိယ စီးပွားရေးစွမ်းဆောင်မှုပညာဖွံ့ဖြိုးမှုသင်တန်းဌာန (MIEDC)နှင့် ရန်ကုန်တက္ကသိုလ်တွင် ဖွင့်လှစ်ခဲ့သော မြန်မာ-အိန္ဒိယ အင်္ဂလိပ်ဘာသာစကားလေ့ကျင့်ရေးစင်တာ (MIC-ELT)တို့ကို ပြန်လည်အကောင်အထည်ဖော်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီးဒေါက်တာဇော်မြင့်နှင့်တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ (သတင်းစဉ်)

# မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီးကို ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် လက်ခံတွေ့ဆုံ



နေပြည်တော် အောက်တိုဘာ ၁၄

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်သည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး H.E. Mr. Abhay Thakur ကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော် ဆောက်လုပ်ရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ - အိန္ဒိယ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်လျက်ရှိသော လမ်းပန်းဆက်သွယ်ရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ နယ်စပ်ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ကုန်စည်စီးဆင်းမှုပိုမိုမြန်ဆန်ချောမွေ့၍ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ ပိုမိုတိုးတက်စေရန် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် အိန္ဒိယနိုင်ငံ၏အကူအညီ အထောက်အပံ့ (Grant Aid) ဖြင့် ဆောင်ရွက်နေသော ယာကြီး-ကလေးဝလမ်းပိုင်း အဆင့်မြှင့်တင်ခြင်း၊ တမူး - ကျီကုန်း - ကလေးဝလမ်းပေါ်ရှိ တံတား ၆၉ စင်း ပြုပြင်ထိန်းသိမ်းခြင်း၊ ပလက်ဝ - ဇိုရမ်ပူလမ်း အဆင့်မြှင့်တင်ဆောင်ရွက်ခြင်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဝန်ကြီးဌာနမှ ဝန်ထမ်းအကြီးအမှူးများနှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

# လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်၏ ဝါးအလယ်ကျွန်းတွင် ပြည်တွင်း၊ ပြည်ပခရီးသွားများ အောက်တိုဘာလနောက်ဆုံးပတ်မှစ၍ အပန်းဖြေအနားယူနိုင်

ရန်ကုန် အောက်တိုဘာ ၁၄


မြန်မာနိုင်ငံတွင် ပထမဆုံးသော အဏ္ဏဝါဥယျာဉ်ကြီးတစ်ခုဖြစ်သည့် လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်သို့ နှစ်စဉ် ပြည်တွင်း၊ ပြည်ပခရီးသွားများလာရောက်အပန်းဖြေကြလျက်ရှိရာ ထိုကျွန်းပေါ်ရှိ ဝါးအလယ်ကျွန်းအပန်းဖြေစခန်းကို ယခုလနောက်ဆုံးပတ်တွင် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

ကော့သောင်းမြို့နှင့် ရေမိုင် ၆၀ အကွာတွင်ရှိသည့် လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်သည်ဧရိယာ ၁၀၀ ဒသမ ၁၅ ကေကျယ်ဝန်းပြီး ဇီဝမျိုးစုံမျိုးကွဲများ ရှင်သန်ကျက်စားသည့်နည်းတူ အဏ္ဏဝါဆိုင်ရာ ကုန်းနေ/ရေနေ သတ္တဝါများ ရှင်သန်ကြွယ်ဝကာ သန့်ရှင်းကောင်းမွန်သောပင်လယ်ပြင်နှင့်သဘာဝပတ်ဝန်းကျင်ကိုပိုင်ဆိုင်ထားရာနိုင်ငံခြားသားခရီးသွားများ အထူးစိတ်ဝင်စားရာ အပန်းဖြေလေ့လာမှုနေရာတစ်ခုအဖြစ် ထင်ရှားလျက်ရှိသည်။

“ နိုင်ငံခြားသားတွေလာရောက်အပန်းဖြေတဲ့ ဝါးအလယ်ကျွန်းအပန်းဖြေစခန်းကို ဒီနှစ်က ရာသီဥတုအခြေအနေကြောင့် အောက်တိုဘာလကုန်ပိုင်းမှာဖွင့်မှာပါ။ ပုံမှန်ဆိုရင် အောက်တိုဘာလဆန်းမှာဖွင့်တာပါ။ သစ်တောဦးစီးဌာနကမြေမှာငှားရမ်းပြီးဖွင့်ထားတဲ့ အပန်းဖြေစခန်းတစ်ခုလည်းဖြစ်ပါတယ်။ ဟိုတယ်နဲ့ခရီးသွားဝန်ကြီးဌာနက ခွင့်ပြုထားတဲ့ခရီးသွားအေဂျင်စီတွေက ကော့သောင်းကလာတဲ့ နိုင်ငံခြားသားခရီးသွားတွေကို နေ့ချင်းပြန်ခရီးစဉ်အဖြစ်စီစဉ်ပေးလေ့ရှိပါတယ်။ ဝါးအလယ်ကျွန်းမှာတည်းခိုတဲ့ နိုင်ငံခြားသားတွေဆိုရင် ဗီဇာပေါ်မူတည်ပြီး တစ်ပတ်၊ ၁၀ ရက်တည်းကြတာများပါတယ်။ ခရီးသွားရာသီဖွင့်ပြီဆိုတာနဲ့ နိုင်ငံတကာခရီးသွားတွေ လာရောက်အပန်းဖြေကြတာများပါတယ်” ဟုလန်ပိကျွန်းအဏ္ဏဝါအမျိုးသားဥယျာဉ်အုပ်ချုပ်ရေးမှူး ဦးကြည်ဦးက ပြောသည်။

လန်ပိကျွန်းတွင် ခရီးသွားများအနေဖြင့် သစ်တောအလှကိုကြည့်ကာ ကနူးလှေစီးခြင်း၊ တောတွင်းလမ်းလျှောက်၍ ငှက်ကြည့်ခြင်း၊ ရေအောက်အလှနှင့်သန္တာကျောက်တန်းများကိုကြည့်ရှုခြင်း၊ လှိုင်းစီးခြင်းနှင့်ဒိုင်ဗင်ထိုးခြင်း၊ ဆလုံတိုင်းရင်းသားတို့၏ လူနေမှုဘဝပုံစံကိုလေ့လာခြင်း၊ သစ်ပင်နှင့်နို့တိုက်သတ္တဝါများ၊ ကုန်းနေ/ရေနေသတ္တဝါများကို လေ့လာခြင်း၊ ငှက်နှင့်ပင်လယ်ရေမှော်များကိုလေ့လာခြင်း စသည့်နှစ်သက်ရာဝါသနာအလိုက် လေ့လာအပန်းဖြေလေ့ရှိပြီး ပင်လယ်ကမ်းခြေ၏နူးညံ့သောသဲသောင်မြွမြေပေါ်တွင်လမ်းလျှောက်ခြင်းနှင့်နေပူစာလှုံခြင်းကိုလည်း ခရီးသွားများ နှစ်သက်ကြလေ့ရှိသည်။

လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်သည် အလျားမိုင် ၃၀၊ အနံ ၇ မိုင်ရှိပြီး ရေပျော်ငှက်နှင့်ဒေသမျိုးရင်းငှက် ၂၈၈ မျိုးရှင်သန်ကျက်စားလျက်ရှိရာ ပုလင်းနှုတ်သီးလင်းပိုင်နှင့် အောက်ချင်းငှက်အပါအဝင် ရှားပါးမျိုးစိတ်များနေထိုင်ကျက်စားမှုကြောင့်ခရီးသွားများ လေ့လာစူးစမ်းအပန်းဖြေရာနေရာတစ်ခုအဖြစ်ဆွဲဆောင်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်နှင့် ကျွန်းနံ့သာအမျိုးသားအဏ္ဏဝါဥယျာဉ်ဟူ၍ အဏ္ဏဝါဥယျာဉ်ကြီးနှစ်ခုရှိပြီး လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်သည် အာဆီယံအမွေအနှစ် ဥယျာဉ်ကြီးတစ်ခုအဖြစ် ဂုဏ်ယူစွာတည်ရှိလျက်ရှိကာ အဆိုပါလန်ပိကျွန်းရှိ ဝါးအလယ်ကျွန်းသို့ နှစ်စဉ် နိုင်ငံတကာမှ ခရီးသွားများ လာရောက်အပန်းဖြေလေ့လာကြလျက်ရှိကြောင်း သိရသည်။



**ဓာတ်ပုံ - လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်**

**ညီမ်းသူ(သတင်းစဉ်)**

| | | | | |
|---|---|---|---|---|
| မြဝတီရုပ်မြင်သံကြား အစီအစဉ် | ၁။ ၆:၀၂ နိုင်ငံတော်သီချင်း | ၇။ ၁၂:၀၀ ၁၂ လရာသီမှတ်တမ်း | ၁၂။ ၁၉:၀၀ **(၃၈) ဖြာမင်္ဂလာ အပွမာဒေါစ မမွေသု** | သရုပ်ဆောင်-အကယ်ဒမီ ရန်အောင်၊ နက္ခတ်၊ အကယ်ဒမီ-မေသန်းနု၊ ဆောင်းယွန်းစံ ဒါရိုက်တာ အကယ်ဒမီ တင်အောင်စိုး(ပန်းမြို့တော်) |
| ၁၅-၁၀-၂၀၂၄(အင်္ဂါနေ့) | ၂။ ၇:၁၅ မေတ္တာပို့ | ၈။ ၁၂:၂၅ ကျန်းမာသုတ | ၁၃။ ၂၀:၃၀ မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ ဂုဏ်ပြုဇာတ်လမ်းကြီး(အပိုင်း-၃) (ဇာတ်သိမ်းပိုင်း) | |
| | ၃။ ၇:၂၀ ဓမ္မပူဇာတေး | ၉။ ၁၆:၃၅ မြန်မာသံစဉ်ချိုနားဝင် | | |
| | ၄။ ၇:၄၅ မျိုးချစ်တပ်မတော် | ၁၀။ ၁၇:၅၀ ပြည်ချစ်သားမွန် တေးသဝဏ် | | |
| | ၅။ ၈:၁၅ အမျိုးသားရေးတေးကဗျာ | ၁၁။ ၁၈:၄၅ Movies and Movies | | |
| | ၆။ ၉:၅၀ ရင်မှာစွဲလမ်းတော်ဝင်ပန်း | | | |

## အစုရှယ်ယာရှင်များ၏ဆန္ဒအလျောက်စာရင်းရှင်းလင်းဖျက်သိမ်းဆဲ

၁။ လူမွဲခံယူခြင်းဆိုင်ရာဥပဒေအရ "MY-ZWE COMPANY LIMITED"အား အစုရှယ်ယာရှင်များ၏ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန် (၉-၁၀-၂၀၂၄)နေ့က ကုမ္ပဏီတွင်ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအစည်းအဝေးမှ အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးရှင်ငြိမ်း(တရားလွှတ်တော်ရှေ့နေ)အမှတ်(၅၂)၊ (၅၆)လမ်း၊ (၂)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးအား တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ရန်ဆုံးဖြတ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ကုမ္ပဏီမှ ရရန်ရှိ ပေးရန်ရှိသည်များကို (၂၉-၁၀-၂၀၂၄)ရက်ထက်နောက်မကျစေဘဲ ဖော်ပြပါတရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်တောင်းခံခြင်းနှင့် ပေးသွင်းခြင်းများပြုလုပ်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးရှင်ငြိမ်း(H.G.P.,LL.B.)**
**တရားလွှတ်တော်ရှေ့နေ**
**စဉ်-၄၆၄၄/၁၆-၆-၁၉၈၈**
**ဖုန်း-၀၉၅၀၄၃၀၄၆**

### ပျောက်ဆုံးကြောင်း
မိသီတာမွန်(ဘ)ဦးအောင်ခင် ၁၀/ခဆန(နိုင်)၁၂၇၇၆၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၆၉၇၀၅၁၂၉၇**

### ပျောက်ဆုံးကြောင်း
မောင်အားချီ(ဘ)ဦးရဲကွမ်ယင် ၁၃/ကတန(နိုင်)၁၄၆၇၈၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၈၈၉၉၇၇၇၉၆**

### အမည်မှန်
နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ပိုးစာတောအခြေခံပညာအထက်တန်းကျောင်း(ခွဲ)၊ Grade-12 မှ ပညာသင်ကြားနေသော အဘ ဦးခင်မောင်တင် ၉/ဥတသ(နိုင်)၀၁၉၈၂၇ ၏သမီး မအေးဆုမွန်၏ အမည်မှန်မှာ မအေးစုမွန်ဖြစ်ပါကြောင်း။
**မအေးစုမွန်**

### အမည်ပြောင်း
ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်နေ (ဘ)ဦးဇေယျာ ၁၄/ကလန(နိုင်)၁၁၀၉၂၀ ၏သမီး မယွန်းမေသော်အား မချယ်ရီရှင်းသန့်ဟု ပြောင်းလဲခေါ်ဆိုပါရန်။
**မချယ်ရီရှင်းသန့်**

### ပျောက်ဆုံးကြောင်း
ပန်းအိဖြူ(ဘ)ဦးမြင့်စိန် ၇/ပခန(နိုင်)၂၄၉၃၂၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၂၀၇၄၁၅၆၂**

### ပျောက်ဆုံးကြောင်း
အေးအေးမူ(ဘ)ဦးခင်ထွေး ၁၂/မဂဒ(နိုင်)၀၇၀၄၂၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

### ပျောက်ဆုံးကြောင်း
ရှိုင်းရာဇာကို(ဘ)ဦးမင်းဇော်၁၂/ထတပ(နိုင်)၁၀၅၂၆၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 704371)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၇၅၀၀၄၇၇၉၅**

### ပျောက်ဆုံးကြောင်း
ရဲလွင်(ဘ)ဦးကျော်သန်း ၉/မသန(နိုင်)၀၈၃၃၆၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 144352)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၅၀၀၅၇၆၅၀**

### ပျောက်ဆုံးကြောင်း
လှိုင်အောင်တိုး(ဘ)ဦးကျော်မင်း ၁၂/လမန(နိုင်)၀၀၁၅၁၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 680513)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၃၁၀၇၄၃၂**

### ပျောက်ဆုံးကြောင်း
ပဲခူးမြို့၊ နယ်မြေ(၅)၊ ရပ်ကွက်ကြီး(၈)နေ မမေဇင်ဝင်း(ဘ)ဦးဇော်မိုးနောင် ၇/ပခန(နိုင်)၄၂၉၂၅၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၂၅၂၃၇၉၂၉၉**

### ပျောက်ဆုံးကြောင်း
ကျော်နိုင်ထွန်း(ဘ)ဦးကျော်ဦး ၁၁/သတန(နိုင်)၀၆၂၅၇၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 336191)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၃၀၅၅၆၃၉**

### ပျောက်ဆုံးကြောင်း
ကျိုင်းတုံမြို့နေ မောင်စိုင်းလောင်လျန်း(ဘ)ဦးစိုင်းဆိုက်လီး ၁၃/ကတန(နိုင်)၁၃၄၅၄၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၅၂၄၁၉၃၁**

### တစ်ဦးတည်းဖြစ်ပါကြောင်း
ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ်၊ မူလွန်-ကျောက်ခဲကွင်းမှ(မူအုပ်) ၇/ဖမန(နိုင်)၁၀၄၁၆၃ ကိုင်ဆောင်သူ ဦးရာဘိန္ဒရ်ကီစိုး၊(ခ)ရာဘိန္ဒကီစိုရ်(ခ)ရာဘိန္ဒရ်ကီးစိုးရ်(ခ)ဦးရာဘိန္ဒကီစိုး(ခ)ဦးသိန်းကျော်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
**ဦးရာဘိန္ဒရ်ကီစိုးရ်(ခ)**
**ရာဘိန္ဒကီစိုရ်(ခ)ရာဘိန္ဒရ်ကီးစိုးရ်(ခ)**
**ဦးရာဘိန္ဒကီစိုး(ခ)ဦးသိန်းကျော်**

### ပျောက်ဆုံးကြောင်း
ဝါဝါစိုး(ဘ)ဦးမြင့်သောင်း ၁၂/သဃက(နိုင်)၀၀၉၅၉၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၆၅၁၆၁၁၀၆**

### ပျောက်ဆုံးကြောင်း
စိုးသန်းထွဋ်(ဘ)ဦးညိမ်းမောင် ၁၄/မမက(နိုင်)၂၆၀၁၃၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 106091)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၀၇၄၁၅၆၂**

### ပျောက်ဆုံးကြောင်း
အောင်ဝင်းလွင်(ဘ)ဦးအောင်မြင့် ၁၂/လကန(နိုင်)၂၃၅၁၅၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၀၇၄၁၅၆၂**

### ပျောက်ဆုံးကြောင်း
အေးအေးအောင်(ဘ)ဦးအုန်းလှ ၁၂/တတန(နိုင်)၁၆၆၀၉၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 601906)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၉၀၉၉၆၁၅**

### ပျောက်ဆုံးကြောင်း
ယုပပမြင့်(ဘ)ဦးအောင်မြင့် ၁၂/ဒဂတ(နိုင်)၀၇၇၇၉၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 324839)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၂၅၀၁၉၀၉၈၆**

### ပျောက်ဆုံးကြောင်း
ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းမြို့နယ်၊ ဒမငယ်ကျေးရွာနေ မောင်ဇော်သီဟထွန်း(ဘ)ဦးတင်ထွန်းရှိန် ၇/နတလ(နိုင်)၁၂၇၈၆၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၆၇၉၉၇၂၀၇၈**

### ပျောက်ဆုံးကြောင်း
ဝင်းဇော်(ဘ)ဦးစိန်ဝင်း ၁၂/လမန(နိုင်) ၁၁၂၆၂၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၀၇၄၉၆၈၁၆**

### ပျောက်ဆုံးကြောင်း
အောင်မျိုးဇော်(ဘ)ဦးမျိုးညွန့်ဆွေ ၅/ ခမန(နိုင်)၁၁၁၉၉၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၅၁၅၉၂၅၁၆**

### ပျောက်ဆုံးကြောင်း
စောဟဲဘလုဝါး(ဘ)ဦးစောဝင်းဘို ၁၄/မမန(နိုင်)၃၁၆၄၉၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၆၉၄၆၈၅၁၀၅**

### ပျောက်ဆုံးကြောင်း
မောင်မျိုးဝင်း(ဘ)ဦးမျိုးမြင့် ၁၄/အဂပ(နိုင်)၁၈၀၁၁၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 990602)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၇၅၁၁၉၁၁၉၅**

### ပျောက်ဆုံးကြောင်း
နန့်အေးအေးဖြူ(ဘ)မန်းဖားအော် ၁၄/ငပတ(နိုင်)၂၃၉၇၀၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 215470)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၅၁၁၉၁၁၉၅**

### ပျောက်ဆုံးကြောင်း
အောင်မျိုးသူ(ဘ)ဦးလှထွေး ၉/ကပတ(နိုင်)၂၉၅၉၆၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 229851)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၉၇၀၅၂၉၇၄၄**

### တစ်ဦးတည်းဖြစ်ပါကြောင်း
တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ ကမ်းကြီးကျေးရွာနေ ဦးမင်းနောင်၏ဇနီး ၆/ကစန(နိုင်)၁၀၇၁၇၉ ကိုင်ဆောင်သူ ဒေါ်ရီရီလွင်(ခ)ဒေါ်ချိုလှိုင်နွယ်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဒေါ်ရီရီလွင်(ခ)ဒေါ်ချိုလှိုင်နွယ်**

### ပျောက်ဆုံးကြောင်း
ထက်ထက်ဝင်း(ဘ)ဦးပိုပို ၅/ဝလန(နိုင်)၁၉၁၉၂၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 738107)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၂၀၇၄၁၅၆၂**

### တစ်ဦးတည်းဖြစ်ပါကြောင်း
ပဲခူးမြို့နယ်၊ အ.လ.က(သာယာကုန်း)ကျောင်းမှ ဒုလယ်ပြ ဒေါ်ဇင်ဇင်ဇော် ၇/ပခန(နိုင်)၂၆၀၀၆၁ ၏ဖခင် ဦးအုံးမြင့်(ခ)ဦးအုန်းမြင့်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
**ဦးအုံးမြင့်(ခ)ဦးအုန်းမြင့်**

### ပျောက်ဆုံးကြောင်း
ဦးစိုးထွဋ်(ဘ)ဦးညွန့်တင် ၁၄/ဒဒရ(နိုင်)၀၀၀၀၁၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၂၀၇၄၁၅၆၂**

### ပျောက်ဆုံးကြောင်း
မောင်အောင်ဇော်(ဘ)ဦးဇော်ဝင်း ၁၂/ပဘတ(နိုင်)၀၃၆၈၆၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 734258)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၁၄၀၇၁၈၄**

### ပျောက်ဆုံးကြောင်း
သီတာ(ဘ)ဦးစု ၁၂/သဃက(နိုင်)၁၄၇၇၇၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 787799)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၉၆၇၁၈၂၉၀**

### ပျောက်ဆုံးကြောင်း
မြသင်းကြည်(ဘ)ဦးဇော်မင်း ၈/တတက(နိုင်)၁၈၄၇၅၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၃၁၆၆၈၅၁**

### ပျောက်ဆုံးကြောင်း
ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ရေကျော်ကြီးအုပ်စု ဆိပ်ကြီးရွာနေ မဝါဝါဝင်းရွှေ(ဘ)ဦးမင်းအောင် ၁၄/ငပတ(နိုင်)၁၉၅၀၂၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၆၇၈၆၆၆၄၄၆**




### ပျောက်ဆုံးကြောင်း
အိရွှေစင်ဝင်း(ဘ)ဦးအောင်နိုင်ဝင်း ၁၂/ဥကတ(နိုင်)၂၁၄၆၃၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 714496)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၈၆၀၄၅၁၂၀**

### ပျောက်ဆုံးကြောင်း
လှခိုင်(ဘ)ဦးတင်လှ ၁၂/ကတတ(နိုင်)၀၃၁၅၈၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၀၁၉၅၃၀၄၈**

### ပျောက်ဆုံးကြောင်း
ကျော်နိုင်ထွန်း(ဘ)ဦးကျော်ဦး ၁၁/သတန(နိုင်)၀၆၂၅၇၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 336191)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၀၇၄၁၅၆၂**

### ပျောက်ဆုံးကြောင်း
မဟေမာန်ဦး(မွေးစာရင်း)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၇၇၉၉၂၂၇၀၀**

### ပျောက်ဆုံးကြောင်း
သက်သက်ချော(ဘ)ဦးသိန်းဦး ၆/ကသန(နိုင်)၀၉၆၇၅၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၇၉၉၂၂၇၀၀**

### ပျောက်ဆုံးကြောင်း
ချမ်းမြေ့ခိုင်(ဘ)ဦးခင်ဝင်း ၁၂/ဥကမ(နိုင်)၂၂၄၂၁၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 480803)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၆၉၆၄၆၆၂၆၅**

### ပျောက်ဆုံးကြောင်း
ကောင်းမြတ်ကို(ဘ)ဦးကိုကိုလေး ၁၂/မရက(နိုင်)၁၃၆၀၀၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(844389)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၉၉၇၄၀၀၁၀**

### ပျောက်ဆုံးကြောင်း
အိဖြူ(ဘ)ဦးမောင်သိန်း ၈/တတက(နိုင်)၁၆၁၅၁၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၅၀၅၉၉၃၄၅**

### ပျောက်ဆုံးကြောင်း
မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့နယ်၊ နတ်စုံးမှော်အုပ်စု၊ နတ်စုံးမှော်ရွာနေ မမြနှင်း(ဘ)ဦးဝင်းစိန် ၉/ပသန(နိုင်)၂၂၈၃၈၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၀၅၁၁၇၇၇**

### ပျောက်ဆုံးကြောင်း
ဒေါ်အေးသန္တာ(ဘ)ဦးကိုမြွေး ၁၄/ကခန(နိုင်)၁၀၆၃၄၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၂၀၇၄၁၅၆၂**

### ပျောက်ဆုံးကြောင်း
ချစ်စိုးလွင်(ဘ)ဦးငြိမ်းမောင် ၁/ဗမန(နိုင်)၁၁၄၂၁၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 425817)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၈၉၉၉၀၆၇၈၇**

### ပျောက်ဆုံးကြောင်း
အောင်သူ(ဘ)ဦးမြင့်လွင် ၁၂/တကန(နိုင်)၁၅၆၈၅၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၅၁၅၉၂၅၁၆**

### ပျောက်ဆုံးကြောင်း
ဒေါ်ဥမ္မာသန်း(ဘ)ဦးခင်မောင်သန်း ၁၄/သပန(နိုင်)၁၅၂၆၆၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၀၇၄၁၅၆၂**

### ပျောက်ဆုံးကြောင်း
မငြိမ်းငြိမ်းအေး(ဘ)ဦးကြီးငွေ ၉/မတရ(နိုင်)၂၂၉၈၀၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၇၉၉၂၂၇၀၀**

### ပျောက်ဆုံးကြောင်း
သန်းသန်းလှ(ဘ)ဦးကျော်ငြိမ်း ၁၂/ဗဟန(နိုင်)၀၂၂၂၇၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၄၂၀၅၇၇၂**

### ပျောက်ဆုံးကြောင်း
ထွန်းရတနာမျိုး(ဘ)ဦးဇော်ဝင်းမျိုး ၁၃/ပတယ(နိုင်)၀၇၈၆၃၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

### ပျောက်ဆုံးကြောင်း
မသိင်္ဂီဆွေ(ဘ)ဦးဝင်းဦး ၁၄/လပတ(နိုင်)၁၆၆၈၀၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၂၀၇၄၁၅၆၂**

### ပျောက်ဆုံးကြောင်း
အောင်စိုးဝင်း(ဘ)ဦးလှအောင် ၁၂/မဂဒ(နိုင်)၀၇၀၄၂၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

### ပျောက်ဆုံးကြောင်း
ဇင်လင်းမောင်(ဘ)ဦးစိန်ဝင်း ၁၄/ဇလန(နိုင်)၁၆၄၃၃၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

### ပျောက်ဆုံးကြောင်း
ဦးရမ်းဂျီးလ်(ဘ)ဦးရမ်းပူဂျန်း ၇/ကတခ(နိုင်)၁၂၁၅၈၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၀၇၄၁၅၆၂**

### ပျောက်ဆုံးကြောင်း
ခေါ်နန်နန်(ဘ)ဦးနောင်ခွမ် ၁၃/ကခန(နိုင်)၀၅၆၆၅၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

### ပျောက်ဆုံးကြောင်း
သိန်းဆွေမြင့်(ဘ)ဦးကျင်သိန်း ၁၂/ဗဟန(နိုင်)၀၁၁၂၅၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၈၄၈၂၉၄၈**

### တစ်ဦးတည်းဖြစ်ပါကြောင်း
ကျိုင်းတုံမြို့၊ အ.ထ.က(၂)မှ အထက်တန်းပြဆရာမ ဒေါ်ခင်ဌေးမြင့်၏ဖခင် ဦးမောင်ညို ၁၃/တကန(နိုင်)၀၄၈၃၄၄ နှင့် ဦးညိုမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
**ဦးမောင်ညို(ခ)ဦးညို**




Myanmar Mobile Money(MMM) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများရရှိနိုင်ပါသည်။
ပြဝတီနယ်စပ်ကုန်သွယ်ရေးလုပ်ငန်းအတွက် Customs Duty များ ပေးဆောင်ရာတွင်
MMM Service အသုံးပြု၍ လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်ပါပြီ။
ဝန်ထမ်းလစာ/ပင်စင်လစာထုတ်ပေးခြင်း
E-Topup ဖုန်းပြောခဖြည့်သွင်းခြင်း
ငွေသွင်းငွေထုတ်ခြင်း / ငွေလွှဲခြင်း
လျှပ်စစ်မီတာ Bill များပေးဆောင်ခြင်း
Skynet Bill Payment ပေးသွင်းခြင်း
ပြည်ပ ငွေလွှဲ (ထိုင်း)
Gift Card ပေးခြင်း
စျေးဝယ်ခြင်း
Internet Bill ပေးဆောင်ခြင်း
Myanmar MOBILE MONEY
ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၁၅၂၁
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄


အရည်အသွေးမြင့် စားသောက်ကုန်များ အပါအဝင် ထုတ်ကုန်ပစ္စည်း အမျိုးမျိုးကို
ဝိတ်ရက်မရှိ လက်လီလက်ကား ဝယ်ယူရရှိနိုင်ပါသည်။
STARMART nine mile - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - စက်သာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom
RHINO
PORTLAND CEMENT
TRISTAR
SUGARMEC
NAN MYAING
Lemon Tea
LIFE
DENTOMEC


မြန်မာလင်း(န်)အင်(န်)ဒဲဗလော့(ပ်)မင့်(တ်)လီမိတက်
Myanmar Land and Development Limited
အဆင့်မြင့်နည်းပညာဖြင့် ပစ္စည်းအစစ်အမှန်သုံးကာ မြန်-ကောင်း-သက်သာ စိတ်တိုင်းကျစွာဖြင့် ဆောက်လုပ်ပေးမှာ MLDL ပါ
အစိုးရစက်မှုလက်မှုသိပ္ပံ (နေပြည်တော်)
ဆက်သွယ်ရန်
Myanmar Land and Development Limited၊ အမှတ်(၁/၂)၊ သီရိရတနာလမ်း၊ ခွာညိုပန်းအဝိုင်းအနီး၊ဇေနသိဒ္ဓိရပ်ကွက်၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်။
ဖုန်း - ၀၆၇ ၃၄၃၅၁၈၁၊ ၀၆၇ ၃၄၃၅၁၈၂၊၀၆၇ ၃၄၃၅၁၈၅၊ ၀၆၇ ၃၄၃၅၁၈၃၊ Fax - ၀၆၇၃၄၃၅၁၈၈၊ Email; myanmarland2005@gmail.com


ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်
ရန်ကုန် - နေပြည်တော် - တောင်ကြီး - မုံရွာ - မန္တလေး - ပြင်ဦးလွင် - ကျောက်ပန်းတောင်း - ချောက် - ဆိပ်ဖြူ - ပုဂံ(ညောင်ဦး) - ပခုက္ကူ
မကွေး - မိတ္ထီလာ - မြင်းခြံ - ပုသိမ် - မော်လမြိုင် - သံဖြူဇရပ် - ကျိုက္ကမီ - တောင်ငူ - ဆွာ - ရေနီ - ပဲခူး - ညောင်လေးပင် - ဘားအံ - မြဝတီ
ပါရမီ(YBS)
09-459448201
ရွှေမန်းသူ
09-254781060
မန္တလေးအခြေစိုက်
09-426500153
တော်ဝင်
09-423333250
ပါရမီတက္ကစီ
01-3643641
ကုန်စည်
09-440619258
ဘေးကင်း လုံခြုံစိတ်ချ တာဝန်ယူမှုပြည့်ဝသော ခရီးသွားဝန်ဆောင်မှု မြို့တွင်း/မြို့ပြင် ဘုရားဖူးခရီးစဉ်များ ငှားရမ်းပေးလျက်ရှိပါသည်။

# ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ (၁၃) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



**နေပြည်တော် အောက်တိုဘာ ၁၄**

ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ (၁၃)ကြိမ်မြောက်အစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်နှင့် ဗဟိုလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ဝင်များ၊ သက်ဆိုင်ရာဌာနများမှ အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက ယခုအစည်းအဝေးတွင် တင်ပြမည့် နိုင်ငံနှင့်အဝှမ်း လယ်ယာမြေကို အခြားနည်းအသုံးပြုခွင့်တင်ပြလာသည့်ကိစ္စရပ်များ၊ အခြားသောကိစ္စရပ်များနှင့် ပတ်သက်၍ မိမိတို့ ဌာနဆိုင်ရာလုပ်ငန်းရှုထောင့်များမှ ပွင့်ပွင့်လင်းလင်း ဝိုင်းဝန်းဆွေးနွေးကြရန် ဖြစ်ပြီး အချို့သောလုပ်ငန်းရပ်များကို ခွင့်ပြုသင့်သည်၊ ခွင့်မပြုသင့်သည်၊ မည်သည့် လုပ်ငန်းကို ပြန်လည်စိစစ်သင့်သည်ကို ဆွေးနွေးအကြံပြုပေးကြရန် လုပ်ထုံးလုပ်နည်းနှင့်အညီ လိုအပ်ချက်များအား ပွင့်လင်းစွာ ဆွေးနွေးတင်ပြပေးကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ယင်းနောက် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အတွင်းရေးမှူးက အစည်းအဝေးတွင် ဆွေးနွေးဆုံးဖြတ်ရမည့်စာတွဲများကို တင်ပြရာ အစည်းအဝေးတက်ရောက်လာကြသူများက အကြောင်းအရာတစ်ခုချင်းအပေါ် အသေးစိတ်ဆွေးနွေးဆောင်ရွက်ကြသည်။

ယခုကျင်းပသည့် (၁၃)ကြိမ်မြောက် အစည်းအဝေးတွင် တိုင်းဒေသကြီး/ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များမှ ဥပဒေ၊ နည်းဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ လျော်ကြေး၊ နစ်နာကြေး တွက်ချက်တင်ပြလာသောလုပ်ငန်းကိစ္စရပ် ၂၈ ခုနှင့်ပတ်သက်၍ လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိထားသူ တောင်သူလယ်သမားများနှင့် မြေယာပိုင်ဆိုင်သူများ နစ်နာမှုမရှိစေရေးအတွက် နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ အလျင်အမြန် ပေးလျော်စေရေး၊ နိုင်ငံတော်ဘဏ္ဍာငွေများ ဆုံးရှုံးမှုမရှိစေရေးဆွေးနွေးခဲ့ကြသည်။

လယ်ယာမြေကိုအခြားနည်းအသုံးပြုရန် လျှောက်ထားခြင်းနှင့်ပတ်သက်၍ နိုင်ငံတော်၏ အဓိကစားသုံးသီးနှံဖြစ်သည့် ဆန်စပါးဖူလုံမှုကို ထိခိုက်မှုမရှိစေဘဲ မြေပြင်အခြေအနေများ မှန်ကန်စွာသုံးသပ်ဆောင်ရွက်နိုင်ရေး၊ အဆင့်မြင့်လယ်ယာမြေဖော်ထုတ်ထားသည့် ဧရိယာများနှင့် ရေမြေအနေအထားကောင်းမွန်ပြီး စပါးစိုက်ပျိုးဖြစ်ထွန်းသည့်မြေများ မလျော့ပါးစေရေး၊ ဆည်ရေသောက်ဧရိယာအတွင်းဖြစ်ပါက ဆည်ရေပေးဝေနိုင်မှုကို ထိခိုက်နိုင်မှုမရှိစေရေးတို့ကို စိစစ်ဆောင်ရွက်လျက်ရှိပြီး လိုအပ်ချက်များအရ အခြားနည်းအသုံးပြုရန် ယခင်ကခွင့်ပြုပြီးသည့် မြေကို ဥပဒေနှင့်အညီ သတ်မှတ်ကာလအတွင်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်း ရှိ/မရှိတို့ကို စစ်ဆေးကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၅၀၀)


# မတ္တရာမြို့နယ်၊ ဝသုန္ဒရကျေးရွာအနီး နွားကျောင်းနေသည့် ကလေး ၁၀ ဦးနှင့် အုတ်ဖိုမြို့နယ်၊ ဝိုင်းကျေးရွာအနီးရှိ ဒေသခံပြည်သူ ၂၀ ဦးတို့ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြောင်းမဲ့ဖမ်းဆီးသွားခဲ့သည်ဟု သတင်းတု၊ သတင်းအမှားများ လုပ်ကြံရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၄**

မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ်၊ ဝသုန္ဒရကျေးရွာအနီးတွင် နွားကျောင်းနေသည့်အသက် ၁၅ နှစ်အရွယ် ကလေး ၁၀ ဦးကို အောက်တိုဘာလ ၁၁ ရက်တွင်လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးသွားကြောင်း သတင်းတု၊ သတင်းအမှားများကိုတရားမဝင် ပြည်ဖျက်မီဒီယာများက လုပ်ကြံရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ မတ္တရာမြို့နယ်မှ လုံခြုံရေးတာဝန်ရှိသူတစ်ဦးထံ ဆက်သွယ်မေးမြန်းခဲ့ရာ ၎င်းသတင်းမှာ မှန်ကန်မှုမရှိကြောင်းနှင့် မတ္တရာမြို့နယ်အတွင်းရှိ ကျေးရွာအချို့တွင် PDF အမည်ခံ အကြမ်းဖက်သမားများက ဝင်ရောက်ဖျက်ဆီးခြင်း၊ ဒေသခံပြည်သူများအား ဖမ်းဆီးခြင်းများရှိသည့်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့်နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိပြီး ပြည်သူများအား အကြောင်းမဲ့ဖမ်းဆီးခြင်းများမရှိကြောင်း သိရှိရသည်။

အလားတူ ပဲခူးတိုင်းဒေသကြီး၊ အုတ်ဖိုမြို့နယ်၊ ဝိုင်းကျေးရွာအနီးတွင် အောက်တိုဘာလ ၁၃ ရက်က လုံခြုံရေးတပ်ဖွဲ့ဝင်များ မိုင်းဆွဲတိုက်ခိုက်ခံရကြောင်းနှင့် အဆိုပါ တိုက်ခိုက်ခံရမှုကြောင့် ဖြစ်စဉ်ဖြစ်ပွားသည့်နေရာမှ ဒေသခံပြည်သူ ၂၀ ဦးကို လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြောင်းမဲ့ဖမ်းဆီးသွားသည်ဟု သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် လှုံ့ဆော်ဝါဒဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။







အဆိုပါသတင်းနှင့်ပတ်သက်၍ အုတ်ဖိုမြို့နယ်မှ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ပြောကြားချက်အရ ၎င်းရက်နေ့တွင် ဝိုင်းကျေးရွာအနီး လုံခြုံရေးတပ်ဖွဲ့ဝင်များ မိုင်းဆွဲတိုက်ခိုက်ခံရသည့်ဖြစ်စဉ် ဖြစ်ပွားခဲ့ခြင်းမရှိကြောင်းနှင့် ဒေသခံပြည်သူများကိုလည်း ဖမ်းဆီးခဲ့သည်မှာ မှန်ကန်မှုမရှိကြောင်း သိရှိရသည်။

တရားမဝင်ပြည်ဖျက်မီဒီယာများက နယ်မြေလုံခြုံရေးဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေရန်နှင့် ဂုဏ်သိက္ခာကျဆင်းစေရန်အတွက် ယခုကဲ့သို့ သတင်းတု၊ သတင်းအမှားများဖြင့် မဟုတ်မမှန်လှုံ့ဆော်ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

➩ **ကျောဖုံးမှအဆက်**

ရောဝတီယူနိုက်တက်အသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်းတို့ကစားခဲ့ရာ ရောဝတီယူနိုက်တက်အသင်းက ၂ ဂိုး ၁ ဂိုးဖြင့်အနိုင်ရရှိခဲ့သည်။

ထို့ပြင် ညနေ ၃ နာရီခွဲတွင် တောင်ဒဂုံအားကစားကွင်း၌ ရခိုင်ယူနိုက်တက်အသင်းနှင့် ရတနာပုံအက်ဖ်စီအသင်းတို့ကစားခဲ့ရာ ရတနာပုံအက်ဖ်စီအသင်းက ၂ ဂိုး ၁ ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ရတနာပုံအက်ဖ်စီအသင်းအတွက် သွင်းဂိုးများကို ခွန်မြင့်ဆွေက သွင်းယူနိုင်ခဲ့ပြီး ရခိုင်ယူနိုက်တက်အသင်းအတွက် သွင်းဂိုးကို သော်ဇင်နိုင်က သွင်းယူပေးနိုင်ခဲ့သည်။

အလားတူ ညနေ ၃ နာရီခွဲတွင် ပဒုမ္မာအားကစားကွင်း၌ မြဝတီအက်ဖ်စီအသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ကစားခဲ့ရာ ရန်ကုန်ယူနိုက်တက်အသင်းက ၄ ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ရန်ကုန်ယူနိုက်တက်အသင်းအတွက် သွင်းဂိုးများကို စိုင်းဖေယျာကျော်တစ်ဦးတည်းက သွင်းယူပေးနိုင်ခဲ့ကြောင်း သိရသည်။

**စည်သူအောင်**

၁၄-၁၀-၂၀၂၄

## ထူးခြားသည့်နေ့အပူချိန်များ

| | | | | |
|---|---|---|---|---|
| ဘားအံ | ၃၆ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယက် |
| မကွေး | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| အမ်း | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| ဇလွန် | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |

**ပျောက်ဆုံးကြောင်း**

ပဲခူးမြို့၊ မွန်းစံပြ(၅)လမ်းနေ ရွှေဝါထွန်း(ဘ)ဦးကြိုင် ၇/ပခန(နိုင်)၂၁၅၀၈၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**

တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ (၂၂)လမ်း၊ အမှတ်(၄၆၁)နေ မစန်းမြတ်သူ(ဘ)ဦးရဲမြင့် ၁၂/ဥကတ(နိုင်)၁၇၆၀၆၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 933817)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**

ပျော်ဘွယ်မြို့နယ်နေ တင်ထူးအောင်(ဘ)ဦးစောထွန်းနိုင် ၉/ပဘန(နိုင်)၂၇၁၄၅၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 645931)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**

ညောင်လေးပင်မြို့၊ မြို့မ(၄)ရပ်ကွက်နေ ရဲရင့်ရှိန်(ဘ)ဦးတင်ရှိန်ဦး ၇/ညလပ(နိုင်)၁၄၃၉၀၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၇၆၂၅၆၉၆၈

**ပျောက်ဆုံးကြောင်း**

ပဲခူးမြို့၊ လက်ပံဝင်းရွာနေ လွင်လွင်ကြည်(ဘ)ဦးကျော်ကျော်အောင် ၇/ပခန(နိုင်)၃၉၇၃၅၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၇၄၅၉၁၅၄၈

**သစ်တောမှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ**

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ



ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဖမ်းဆီးရမိမှု။



ရွာသာကြီး Dry Port ၌ ဖမ်းဆီးရမိမှု။

နေပြည်တော် အောက်တိုဘာ ၁၄

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိရာ **အောက်တိုဘာလ ၁၀ ရက်နှင့် ၁၁ ရက်**တို့တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ(၉)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၆)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၁၀၂၇၆၄၂၇)ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည်တစ်ဦး၏ ဝန်စည်များအတွင်းမှ တရားဝင် စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း(၁)မျိုး၊ လုပ်ငန်းသုံးပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၄၀၀၀၀)ကိုလည်းကောင်း၊ ရွာသာကြီး Dry Port ၌ သာမညမှရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၃)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၃၈၅၆၂၅၅) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Tractor Head (၁)စီးနှင့် နောက်တွဲယာဉ်(၁)တွဲ(ခန့်မှန်းတန်ဖိုးငွေကျပ် ၅၂၀၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၃၁၇၂၆၈၂)** ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **အောက်တိုဘာလ ၁၁ ရက်**တွင် ရန်ကုန်တိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်-ပြည်လမ်း၊ ခရေပင်လမ်းဆုံအနီး၌ မော်တော်ယာဉ်(၁)စီးပေါ်မှတရားမဝင်ကျွန်းသစ်(သုည ဒသမ ၂၉၆)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၀၄၈၀)နှင့် အဆိုပါသစ်များ တင်ဆောင်လာသည့် Toyota Probox (၁)စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၂၆၀၄၈၀)**ကိုဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **အောက်တိုဘာလ ၁၂ ရက်**တွင် မန္တလေးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပြင်ဦးလွင်-မန္တလေးလမ်း၊ (၂၁)မိုင်၌ ရပ်တန့်ထားသော မော်တော်ယာဉ်(၁)စီးပေါ်မှတရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၂)မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၉၃၁၃၅၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် စက်မှုဇုန်ထုတ် Micro Bus(၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၃၁၃၅၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **အောက်တိုဘာလ ၁၃ ရက်**တွင် ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်နှင့် တောင်ငူခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် (၁၀ ဒသမ ၆၅၂)တန်၊ သစ်မာ (၂ ဒသမ ၃၂၀)တန် **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၁၁၇၂၁၀)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်၊ ၁၁ ရက်၊ ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၁၅)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၂၅၈၆၃၈၇၂)** ဖမ်းဆီးရမိခဲ့သည်။ တရားမဝင် တင်သွင်းမှုများကြောင့် နိုင်ငံခြားသုံးငွေ မှောင်ခိုဈေးကွက်အားကောင်းလာစေပြီးပြည်တွင်းဈေးကွက်၌ ကုန်ဈေးနှုန်းတည်ငြိမ်မှုကို ထိခိုက်စေခြင်းများ ဖြစ်ပေါ်စေနိုင်သကဲ့သို့ ကုန်သွယ်ဖက်နိုင်ငံများမှ ကုန်သည်များ၏ လိုသလိုဈေးကစားခွင့်ကိုလည်း ဖြစ်ပေါ်စေနိုင်ပါသည်။ သို့ဖြစ်ပါ၍ တရားမဝင်ကုန်ပစ္စည်းတင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမိုတားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။


(သတင်းစဉ်)

# ဘားအံနှင့် တာချီလိတ်မြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

နေပြည်တော် အောက်တိုဘာ ၁၄

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာလ ၁၃ ရက် ညနေ ၄ နာရီ ၁၅ မိနစ်တွင် ဘားအံမြို့ အမှတ်(၉)ရပ်ကွက် လုပ်သားလမ်းရှိ ထိန်လင်း၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၈၀၀ ကိုလည်းကောင်း၊ ထို့ပြင် ယင်းနေ့ ညနေ ၄ နာရီခွဲတွင် ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့ ရန်အောင်မြေရပ်ကွက်တွင် အားဂျူ မောင်းနှင်လာသည့် TOYOTA CROWN အမျိုးအစား မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ပြောင်းဆေးဝါး အိုက်စ်(မက်သ်အဖက်တမင်း) ကီလို ၅၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



အားဂျူအား သိမ်းဆည်းရမိသည့် အိုက်စ်(မက်သ်အဖက်တမင်း)များနှင့်အတူ တွေ့ရစဉ်။

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် အောက်တိုဘာ ၁၄**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့်ယင်းတို့၏လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိပါသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်နေ့တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “Yu Yu(ပန်ပန်မေမေ)” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ အမှတ်(၂)(က)ရပ်ကွက်နေ ယုယုဝင်းအား မွန်းလွဲ ၁ နာရီ ၁၀ မိနစ်တွင် မင်္ဂလာဒုံမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ပါသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

(၁၀၀)

## မိုးတိမ်တောင် ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် အောက်တိုဘာ ၁၄

မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့်အရှေ့ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့်မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့်မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

(မိုး/ဇလ)

# (၆) ကြိမ်မြောက် ကမ္ဘာ့မီဒီယာထိပ်သီးညီလာခံသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်

**အုရုမ့်ချီ အောက်တိုဘာ ၁၄**

(၆)ကြိမ်မြောက် ကမ္ဘာ့မီဒီယာထိပ်သီးညီလာခံ (The 6th World Media Summit – WMS)ကို ယနေ့နံနက်ပိုင်းတွင် တရုတ်နိုင်ငံ ရှင်းကျန်းဝီဂါ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အုရုမ့်ချီမြို့ Xinjiang International Convention & Exhibition Center ၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာနမှ မြန်မာကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်သည်။

ကမ္ဘာ့မီဒီယာထိပ်သီးညီလာခံကို ၂၀၀၉ ခုနှစ်မှစတင်ကာ Xinhua News Agency၊ Associated Press၊ Reuters၊ TASS၊ Kyodo News တို့ကဦးဆောင်၍ နိုင်ငံတကာမှ ထင်ပေါ်ကျော်ကြားသော မီဒီယာအဖွဲ့အစည်းများနှင့်ပူးပေါင်းကာ အဆင့်မြင့် ကမ္ဘာ့မီဒီယာပူးပေါင်းဆောင်ရွက်နိုင်ရန် စင်မြင့်တစ်ခုအနေဖြင့် နှစ်စဉ်ကျင်းပခြင်း ဖြစ်သည်။

အစည်းအဝေးသို့ နိုင်ငံပေါင်း ၁၀၆ နိုင်ငံမှ မီဒီယာအဖွဲ့များ၊ အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများမှ ကိုယ်စားလှယ် ၅၀၀ ကျော်၊ ကုလသမဂ္ဂအေဂျင်စီများနှင့် နိုင်ငံတကာအဖွဲ့အစည်းများ ပါဝင်တက်ရောက်ကြသည်။

ယခုနှစ်ညီလာခံဆောင်ပုဒ်ကို “ AI နည်းပညာနှင့် ပြောင်းလဲလာသည့် မီဒီယာ ဖွံ့ဖြိုးတိုးတက်မှု ” (Artificial Intelligence and Media Transformation)ခေါင်းစဉ်ဖြင့် သတ်မှတ်ကျင်းပသည်။



ဆွေးနွေးပွဲတွင် တိုးတက်ပြောင်းလဲမှုဖြစ်စဉ် – ဉာဏ်ရည်တုအသုံးပြု၍ သတင်းထုတ်ပြန်ခြင်း (Development and Change : the Use of AI in Media Development)၊ နည်းဥပဒေနှင့်တာဝန်များ – ဉာဏ်ရည်တုခေတ်တွင်ထားရှိရမည့် သတင်းသမားကျင့်ဝတ် ( Rules and Responsibilities : Journalistic Ethics in the AI Age) အဖြစ်မှန်နှင့်အမှန်တရား ; ဒစ်ဂျစ်တယ်ခေတ်တွင် မီဒီယာ၏ဘုံတာဝန် Fact and Truth : the Common Mission of Media in the Digital Age)ဆိုင်ရာများကိုဆွေးနွေးကြသည်။

ဆွေးနွေးပွဲဒုတိယပိုင်းတွင် ပူးပေါင်းဆောင်ရွက်မှုနှင့် သဘောတူညီမှု – ပိုးလမ်းမကြီးတစ်လျှောက် ပြည်သူမှပြည်သူသို့ သတင်းဖလှယ်ရေး – Cooperation and Consensus : People – to – People Exchanges along the Belt & Road၊ နှစ်ဦးနှစ်ဖက်အကျိုးများစေမည့်အခွင့်အလမ်းများ၊ နိုင်ငံအချင်းချင်း၊ အစိုးရအချင်းချင်း ပွင့်လင်းမြင်သာမှုအရည်အသွေးဖွံ့ဖြိုးတိုးတက်ရေး Opportunities and Win – Win : High Level Opening – up and High – quality Development in Xianjiang တို့ကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါ ထိပ်သီးအစည်းအဝေးသည် ကမ္ဘာလုံးဆိုင်ရာမီဒီယာများကြား အပြန်အလှန်ဖလှယ်မှုနှင့်ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုနက်ရှိုင်းစေမည်ဖြစ်ပြီး ၎င်းတို့အတွက် AI ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာအောင်မြင်မှုများကို နိုင်ငံများအကြားမျှဝေရာတွင်အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း၊ လူသားမျိုးနွယ်အတွက် အနာဂတ်ကိုမျှဝေပေးခြင်းနှင့် အတူ အသိုက်အဝန်းတစ်ခုတည်ဆောက်ရေးကိုတိုးတက်လာစေရန်နှင့် ကမ္ဘာကြီးကို ပိုမိုကောင်းမွန်သောနေရာတစ်ခုဖြစ်စေရန်အတွက်၊ အထောက်အကူဖြစ်စေရန်အတွက် မီဒီယာများ၏စုပေါင်းအင်အားကို အသုံးပြုရမည်ဖြစ်ကြောင်း၊ World Media Summit သည် ကမ္ဘာလုံးဆိုင်ရာမီဒီယာကဏ္ဍတွင် အဆင့်မြင့်ဖလှယ်မှုများနှင့် ပူးပေါင်းဆောင်ရွက်မှုအတွက် အရေးကြီးသော platform တစ်ခုဖြစ်ကြောင်း ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

## “ပြည်သူ့ကြားက ပြည်သူ့စကား”အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **“ပြည်သူ့ကြားက ပြည်သူ့စကား”**အစီအစဉ်မှ **“တိုင်းပြည်တည်ငြိမ်မှာကို မလိုလားသူများက သန်းခေါင်စာရင်းကောက်ခံသူတွေကို ဒုက္ခပေးနေ”**ခေါင်းစဉ်ဖြင့် ၁၆-၁၀-၂၀၂၄ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့မွန်းလွဲ ၁ နာရီတွင် **“တော်လှန်ရေးအကြောင်းပြ စတေးခံ PDF အကြမ်းဖက်သမားများ၏ ဘဝနှင့်ကိုယ်ကျိုးရှာအလျှုခံ ပြည်ပသို့ ရွှေ့ပြောင်းသူများရဲ့ တော်လှန်ရေး”**ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီအချိန်မှ ၁၁ နာရီအတွင်းဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့်ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

2024 ခုနှစ်၊ ကမ္ဘာ့စားနပ်ရိက္ခာနေ့

WORLD FOOD DAY 2024

**“ပိုမိုကောင်းမွန်သည့်ဘဝနှင့် အနာဂတ်ရရှိရေး**

**လူသားတိုင်း စားရေရိက္ခာ ပြည့်မီအောင် ဖြည့်ဆည်းပေး”**

**“Right to Foods for a Better Life and a Better Future”**

အောက်တိုဘာလ (၁၆) ရက်

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၅-၁၀-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၁၀၀ | ၃၁၈၀ | ၃၁၅၅ | ၃၁၁၀ | ၃၁၈၀ | ၃၁၉၅ | ၃၂၀၅ | ၃၁၆၀ | ၃၂၉၀ | ၃၃၁၅ | ၃၁၇၀ | ၃၁၈၅ | ၃၂၂၀ | ၃၂၀၅ | ၃၂၂၀ | ၃၆၂၀ | ၄၂၅၀ |
| 95 Ron | ၃၃၀၅ | ၃၃၉၀ | ၃၃၆၅ | ၃၃၁၅ | ၃၃၉၀ | ၃၄၀၀ | ၃၄၁၅ | ၃၃၇၀ | ၃၄၉၅ | ၃၅၂၅ | ၃၃၈၀ | ၃၃၉၅ | ၃၄၂၅ | ၃၄၁၅ | ၃၄၂၅ | ၃၈၃၀ | ၄၄၀၀ |
| HSD (500 ppm) | ၂၆၉၀ | ၂၇၇၀ | ၂၇၄၅ | ၂၇၀၀ | ၂၇၇၀ | ၂၇၈၅ | ၂၇၉၅ | ၂၇၅၀ | ၂၈၇၅ | ၂၉၀၅ | ၂၇၆၀ | ၂၇၇၅ | ၂၈၀၅ | ၂၇၉၅ | ၂၈၀၅ | ၃၂၁၀ | ၄၂၅၀ |
| HSD (50 ppm) | ၃၃၄၀ | ၃၄၂၀ | ၃၃၉၅ | ၃၃၅၀ | ၃၄၂၀ | ၃၄၃၅ | ၃၄၄၅ | ၃၄၀၀ | ၃၅၃၀ | ၃၅၆၀ | ၃၄၁၀ | ၃၄၂၅ | ၃၄၆၀ | ၃၄၄၅ | ၃၄၆၀ | ၃၈၆၀ | ၄၂၅၀ |
| HSD (10 ppm) | ၃၃၄၀ | ၃၄၂၀ | ၃၃၉၅ | ၃၃၅၀ | ၃၄၂၀ | ၃၄၃၅ | ၃၄၄၅ | ၃၄၀၀ | ၃၅၃၀ | ၃၅၆၀ | ၃၄၁၀ | ၃၄၂၅ | ၃၄၆၀ | ၃၄၄၅ | ၃၄၆၀ | ၃၈၆၀ | ၄၂၅၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၉၄၀ | ၃၀၃၂ |
| 95 Ron | ၃၁၄၁ | ၃၂၃၈ |
| HSD (500 ppm) | ၂၅၄၁ | ၂၆၂၂ |
| HSD (50 ppm) | ၃၀၇၃ | ၃၂၆၆ |
| HSD (10 ppm) | ၃၀၇၃ | ၃၂၆၆ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။


(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## မိုးလေဝသ သတင်း



❖ **“ပြည့်အင်အားဟာ ပြည်တွင်းမှာသာရှိသည်” ဆိုသည့်အတိုင်း နိုင်ငံအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်သည့်အခါတွင် ဝိဇ္ဇာနှင့်သိပ္ပံနယ်ပယ်(၂)ခုလုံးတွင် ကျွမ်းကျင်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များလိုအပ်. . .**

❖ **လူငယ်များအနေဖြင့် ဝိဇ္ဇာနှင့်သိပ္ပံဘာသာရပ် (၂)ခုလုံးကို တန်ဖိုးထားလေ့လာကြရန် တိုက်တွန်းလို. . .**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်နေ့တွင် ပြုလုပ်သော ၂၀၂၄ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့်ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့်စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကိုအကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။


## မြန်မာအမျိုးသားလေကြောင်းနှင့် အပြည်ပြည်ဆိုင်ရာမြန်မာလေကြောင်းတို့မှ ပုသိမ်လေဆိပ်သို့ လေယာဉ်ခရီးစဉ်များ စတင်ပျံသန်းပြေးဆွဲမည့်အစီအစဉ် အသိပေးကြေညာခြင်း

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနသည် ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်လေဆိပ်သို့ ၁၃-၁၀-၂၀၂၄ ရက်မှစတင်၍ မြန်မာအမျိုးသားလေကြောင်းနှင့် အပြည်ပြည်ဆိုင်ရာမြန်မာလေကြောင်းလိုင်းတို့က အောက်ဖော်ပြပါ ခရီးစဉ်များအတိုင်း ရက်သတ္တပတ်လျှင် ၄ ရက် ပျံသန်းပြေးဆွဲရန် စီစဉ်ဆောင်ရွက်ထားရှိပါသည် -

| စဉ် | လေကြောင်း | လိုင်းခရီးစဉ် | နေ့ရက် |
|---|---|---|---|
| (က) | မြန်မာအမျိုးသားလေကြောင်း | ရန်ကုန်-ပုသိမ်-ညောင်ဦး-မန္တလေး | တနင်္ဂနွေ |
| | | မန္တလေး-ညောင်ဦး-ပုသိမ်-ရန်ကုန် | တနင်္လာ |
| (ခ) | အပြည်ပြည်ဆိုင်ရာမြန်မာလေကြောင်း | ရန်ကုန်-ပုသိမ်-ညောင်ဦး-မန္တလေး | ကြာသပတေး |
| | | မန္တလေး-ညောင်ဦး-ပုသိမ်-ရန်ကုန် | သောကြာ |

၂။ အဆိုပါခရီးစဉ်ဒေသများသို့ သွားရောက်လိုသည့် ခရီးသွားပြည်သူများအနေဖြင့် ခရီးစဉ်ပြေးဆွဲနေမှုအခြေအနေအား သိရှိနိုင်ပါရန် အသိပေးကြေညာအပ်ပါသည်။

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန




## လေဖိအားနည်းရပ်ဝန်းပိုမိုအားကောင်းလာနိုင်ကာ အားကောင်းသော လေဖိအားနည်းရပ်ဝန်းအဖြစ်ရောက်ရှိနိုင်

နေပြည်တော် အောက်တိုဘာ ၁၄

ယနေ့ညနေ ၅ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း (Low Pressure Area) သည် ဆက်လက်တည်ရှိနေသည်။

အဆိုပါလေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး အောက်တိုဘာလ ၁၅ ရက်တွင် ပိုမိုအားကောင်းလာနိုင်ကာ အားကောင်းသောလေဖိအားနည်းရပ်ဝန်း(Well Marked Low Pressure Area)အဖြစ်သို့လည်းကောင်း၊ အောက်တိုဘာလ ၁၇ ရက်တွင် အနောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး အိန္ဒိယနိုင်ငံ တမီးနာဒူးလ်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အင်ဒရာပရာဒေ့ရှ်တောင်ပိုင်းကမ်းခြေတို့သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

(မိုး/ဇလ)

## မြန်မာနေရှင်နယ်လိဂ် ယူ-၂၀ ပြိုင်ပွဲတွင် ဧရာဝတီယူနိုက်တက်အသင်း၊ ရန်ကုန်ယူနိုက်တက်အသင်းနှင့် ရတနာပုံအက်ဖ်စီအသင်းတို့နိုင်ပွဲရရှိ

ရန်ကုန် အောက်တိုဘာ ၁၄

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာနေရှင်နယ်လိဂ် ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၁၉)ပွဲစဉ်များကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့၌ကျင်းပခဲ့ရာ ဧရာဝတီယူနိုက်တက်အသင်း၊ ရန်ကုန်ယူနိုက်တက်အသင်းနှင့် ရတနာပုံအက်ဖ်စီအသင်းတို့ နိုင်ပွဲကိုယ်စီရရှိခဲ့ကြကြောင်း သိရသည်။



မြန်မာနေရှင်နယ်လိဂ် ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၁၉) ပွဲစဉ်များအဖြစ် ယနေ့ညနေ ၃ နာရီခွဲတွင် စလင်းအားကစားကွင်း၌

**စာမျက်နှာ ၂၉ ကော်လံ ၁ ➪**

## ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ထိန်းသိမ်းထားသော ရေလှောင်တမံနှင့်ရေထိန်းတမံများ ကြံ့ခိုင်မှုကောင်းမွန်လျက်ရှိပြီး စိုးရိမ်ရန်မရှိ

စာ - ၈ သို့

**နိုင်ငံ တကာ သတင်း**

## အစ္စရေးတင့်များက ကုလငြိမ်းချမ်းရေးထိန်းသိမ်းမှုစခန်းကို အတင်းဝင်ရောက်

စာ - ၂၄ သို့

## ၂၀၂၄ ခုနှစ်အတွက် စီးပွားရေးဆိုင်ရာ နိုဘယ်ဆုကို နိုင်ငံသုံးခုမှ ပါမောက္ခသုံးဦးကရရှိ

စာ - ၂၄ သို့